# မြန်မာ့အလင်း

၁၉၁၄ ခုနှစ်က တည်ထောင်သည်။ Established in 1914
Myanma Alinn Daily

**အကျိုးထူးတရားလေးပါး**

အမြဲရှိခိုးလေ့ရှိ၍ မိမိထက် ဂုဏ်အသက်သိက္ခာအားဖြင့် ကြီးသောသူတို့၌ အရိုအသေပြုလေ့ရှိသူအား အသက်ရှည်ခြင်း၊ အဆင်းလှခြင်း၊ ချမ်းသာခြင်း၊ ခွန်အားကြီးခြင်းဟူသော ဤအကျိုးထူးတရားလေးပါးတို့သည် တိုးပွားကုန်၏။

သဟဿဝဂ်(ဓမ္မပဒ-၁၀၉)

၁၃၈၆ ခုနှစ်၊ သီတင်းကျွတ်လဆန်း ၂ ရက် | ၂၀၂၄ ခုနှစ်၊ အောက်တိုဘာ ၄ ရက်၊ သောကြာနေ့ | အတွဲ (၆၄)၊ အမှတ်(၁၀၄)



သဲတောနှင့် သပြေတောင်းအကြား ရထားလမ်းပြုပြင်ပြီးနေရာ၌ အမှတ် ၁၂ အစုန် ရထားဖြတ်သန်းနေစဉ်။

## ရေကြီးရေလျှံမှုများကြောင့် ရန်ကုန် - မန္တလေးလမ်းပိုင်းအတွင်းရှိ ရထားလမ်းနှင့်တံတားများ ထိခိုက်ပျက်စီးမှုများကို ပြန်လည်မွမ်းမံပြင်ဆင်ပြီးဖြစ်၍ လူစီးရထားများ ပြန်လည်ပြေးဆွဲ

နေပြည်တော် အောက်တိုဘာ ၃

တိုင်ဖွန်းမုန်တိုင်း "ရာဂီ"၏ အရှိန်ကြောင့်မိုးသည်းထန်စွာရွာသွန်းခဲ့ပြီး နေပြည်တော်ကောင်စီနယ်မြေ၊ မန္တလေးတိုင်းဒေသကြီးတို့နှင့် ဆက်စပ်သည့် ရန်ကုန် – မန္တလေးရထားလမ်းမကြီး၏ အချို့ရထားလမ်းတာပေါင်နေရာများနှင့် တံတားများ ရေတိုက်စား၍ ပျက်စီးခဲ့မှုများကြောင့် ရန်ကုန် – မန္တလေး ရထားခရီးစဉ်များကို စက်တင်ဘာ ၁၁ ရက်မှစတင်၍ ယာယီရပ်နားထားခဲ့ရသည်။ *စာမျက်နှာ ၉ ကော်လံ ၁* ✻

## နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ၏ ရှေ့လုပ်ငန်းစဉ် (၅) ရပ်

၁။ လွတ်လပ်ပြီးတရားမျှတသော ပါတီစုံဒီမိုကရေစီ အထွေထွေရွေးကောက်ပွဲ အောင်မြင်စွာ ကျင်းပနိုင်ရေး ပြည်ထောင်စုတစ်ဝန်းလုံး တည်ငြိမ်အေးချမ်း၍ တရားဥပဒေစိုးမိုးရေး အပြည့်အဝရရှိလာအောင် အလေးထားဆောင်ရွက်သွားမည်။

၂။ တိုင်းရင်းသားပြည်သူတစ်ရပ်လုံးနှင့် အကျိုးဝင်သော စိုက်ပျိုးမွေးမြူရေးကို အခြေခံသည့် ကုန်ထုတ်လုပ်ငန်းများအားမြှင့်တင်၍ နိုင်ငံ့စီးပွားမြင့်မားရေးနှင့် ပြည်သူလူထုတစ်ရပ်လုံး၏ လူမှုစီးပွားဘဝမြင့်မားရေး ဆက်လက်ကြိုးပမ်းဆောင်ရွက်သွားမည်။

၃။ နိုင်ငံတော်၏ ပကတိအနှစ်သာရဖြစ်သော ပြည်တွင်းငြိမ်းချမ်းရေးနှင့် ရရှိထားသည့် ပြည်တွင်းငြိမ်းချမ်းရေး ရလဒ်များ တည်ငြိမ်မှုရှိစေရေးအတွက် (NCA) ပါသဘောတူညီချက်များအတိုင်း ဖြစ်နိုင်သမျှ အလေးထားလုပ်ဆောင်သွားမည်။

၄။ စစ်မှန်စည်းကမ်းပြည့်ဝသည့် ပါတီစုံဒီမိုကရေစီစနစ် ခိုင်မာစေရေးနှင့် ဒီမိုကရေစီနှင့် ဖက်ဒရယ်စနစ်ကို အခြေခံသည့် ပြည်ထောင်စုတည်ဆောက်ရေးလုပ်ငန်းစဉ်များကို အရှိန်အဟုန်ဖြင့် ဆက်လက်ဆောင်ရွက်သွားမည်။

၅။ ဆန္ဒမဲပေးပိုင်ခွင့်ရှိသူအားလုံး၏ အခွင့်အရေးများ နစ်နာမှုမရှိစေရေးနှင့် နည်းလမ်းကျန မှန်ကန်မှုရှိသည့် အထွေထွေရွေးကောက်ပွဲတစ်ရပ်ဖြစ်စေရေး ဆောင်ရွက်ခြင်း၊ အရေးပေါ်ကာလဆိုင်ရာ ပြဋ္ဌာန်းချက်များနှင့်အညီ ဆောင်ရွက်ခြင်းတို့ပြီးစီးပါက လွတ်လပ်ပြီး တရားမျှတသော ပါတီစုံဒီမိုကရေစီအထွေထွေရွေးကောက်ပွဲကျင်းပ၍ ထွက်ပေါ်လာသည့် အစိုးရအား နိုင်ငံတော်တာဝန်လွှဲအပ်နိုင်ရေး ဆက်လက်ဆောင်ရွက်သွားမည်။

**ယနေ့ ဖတ်စရာ**

**အမျိုးသားစည်းကမ်းအစ စာသင်ကျောင်းက**
ဆောင်းပါး | စာ ၆

**ဥပဒေဘောင်အတွင်း ဝင်ရောက်လာသည့် ပြစ်မှုကျူးလွန်ခြင်းမရှိခဲ့သော PDF အဖွဲ့ဝင်များအား ၎င်းတို့၏ မိဘအုပ်ထိန်းသူများထံ ထပ်မံလွှဲပြောင်းပေးအပ်**
ပြည်တွင်းသတင်း | စာ ၉

**လက်ဘနွန်အပေါ် အစ္စရေးတို့က တိုက်ခိုက်မှုများ ဆက်လက်ပြုလုပ်နေသည့်အတွက် တင်းမာမှုများ မြင့်မားလျက်ရှိ**
နိုင်ငံတကာသတင်း | စာ ၁၃

## ရေကြီးနစ်မြုပ်မှုကြောင့် ထိခိုက်စပါးခင်းများအား ပြန်လည်ကုစားရန် သွင်းအားစုများ ထည့်သွင်းမှုနှုန်းထားများ စနစ်တကျလိုက်နာရန်လိုအပ်

နေပြည်တော် အောက်တိုဘာ ၃

ရေကြီးနစ်မြုပ်မှု ဖြစ်ပေါ်ခဲ့သော မိုးစပါးစိုက်ဧရိယာများတွင် ရေပြန်လည်ကျဆင်းပြီးနောက် ထိခိုက်ခဲ့သောစပါးခင်းများအား ပြန်လည်ကုစားရန်အတွက် မြေသြဇာနှင့် ရွက်ဖျန်းမြေသြဇာများ ထည့်သွင်းခြင်းလုပ်ငန်းကို နေပြည်တော်ကောင်စီနယ်မြေ ဇေယျာသီရိမြို့နယ် ကြို့ပင်ကျေးရွာအုပ်စု မိုးစပါးကေ ၁၀၀၃ ဆောင်ရွက်ခဲ့ပြီး *စာမျက်နှာ ၃ ကော်လံ ၁* ✻



ပြည်လုံးကျွတ်သန်းခေါင်စာရင်း (၄) ရက်မြောက်နေ့ ကောက်ယူနေပါသည်။

## လက်နက်ကိုင်အကြမ်းဖက်သောင်းကျန်းသူများ၏ အသုံးချမှုမခံရစေရေးနှင့် ဘေးကင်းလုံခြုံမှုရှိစေရေးတို့အတွက် သတိပြုကြရန်လိုအပ်

**လက်နက်ကိုင်အကြမ်းဖက်သောင်းကျန်းသူများအနေဖြင့် ၎င်းတို့ အစမ္ပဝင်ရောက်နေထိုင်နေသည့် မြို့၊ ရွာများ၌ တပ်မတော်၏ တန်ပြန်ထိုးစစ်ဆင်မှုများကို ကာကွယ်ရန်အတွက် ပြည်သူတို့၏ နေအိမ်အဆောက်အဦများ၊ အရပ်ဘက်အုပ်ချုပ်မှုဆိုင်ရာအဆောက်အဦများကို အသုံးပြုခြင်း၊ အပြစ်မဲ့ပြည်သူလူထုကို လူသားတံတိုင်းအဖြစ် အသုံးပြုနိုင်ရေး ယာယီနေရပ်စွန့်ခွာနေရသူများကို ပြန်လည်နေထိုင်ရန် ဆွဲဆောင်စည်းရုံးခြင်း၊ အတင်းအဓမ္မလူသစ်စုဆောင်းခြင်းများကို လုပ်ဆောင်လျက်ရှိကြောင်း၊ တပ်မတော်အနေဖြင့် နိုင်ငံတော်၏ အချုပ်အခြာအာဏာကို မဖြစ်မနေကာကွယ်စောင့်ရှောက်သွားမည်ဖြစ်ပြီး အဆိုပါ လက်နက်ကိုင်အကြမ်းဖက်သောင်းကျန်းသူများ၏ သတင်းရရှိမှုနှင့် အခြေအနေအရပ်ရပ်အပေါ်မူတည်၍ လိုအပ်သလို တုံ့ပြန်ဆောင်ရွက်သွားမည်ဖြစ်သဖြင့် ၎င်းတို့ အစမ္ပဝင်ရောက်နေထိုင်လျက်ရှိသည့် မြို့၊ ရွာများရှိ ပြည်သူများအနေဖြင့် ၎င်းတို့၏အသုံးချမှုမခံရစေရေးနှင့် ဘေးကင်းလုံခြုံမှုရှိစေရေးတို့အတွက် သတိပြုကြရန် လိုအပ်ကြောင်း။**

( ၃-၉-၂၀၂၄ ရက်နေ့တွင် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင် ရှမ်းပြည်နယ်အစိုးရအဖွဲ့ဝင်များ၊ ပြည်နယ်နှင့် ခရိုင်အဆင့်ဌာနဆိုင်ရာတာဝန်ရှိသူများအား ပြောကြားသည့် အမှာစကားမှ ကောက်နုတ်ချက် )

# နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီအဖွဲ့ဝင် ဒေါ်ဒွဲဘူ စိုက်ပျိုးမွေးမြူရေးနှင့် MSME လုပ်ငန်းများ ဆောင်ရွက်နေမှု ကွင်းဆင်းစစ်ဆေး

မြစ်ကြီးနား အောက်တိုဘာ ၃

နိုင်ငံတော်စီမံအုပ်ချုပ်ရေး ကောင်စီအဖွဲ့ဝင် ဒေါ်ဒွဲဘူသည် ကချင်ပြည်နယ်ဝန်ကြီးချုပ် ဦးခက်ထိန်နန်၊ တာဝန်ရှိသူများနှင့်အတူ ယနေ့ နံနက်ပိုင်းတွင် မြစ်ကြီးနားမြို့နယ် ငါးအိုးခေတ်မီစံပြကျေးရွာအတွင်း နိုင်ငံ့စီးပွားမြှင့်တင်ရေးရန်ပုံငွေမှ ရင်းနှီးမတည်ငွေကျပ် ၁၀ သန်းဖြင့် ပေါင်းစည်းလယ်ယာ (Integrated Farm) စနစ် အကောင်အထည်ဖော်ဆောင်ရွက်လျက်ရှိသည့် တောင်သူဦးဆင်ဝါးနော်၏ခြံသို့ သွားရောက်ကြည့်ရှုစစ်ဆေးသည်။



နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီအဖွဲ့ဝင် ဒေါ်ဒွဲဘူနှင့်အဖွဲ့ဝင်များ မြစ်ကြီးနားမြို့နယ် ငါးအိုးခေတ်မီစံပြကျေးရွာအတွင်း စပါးစိုက်ခင်းများ ဖြစ်ထွန်းအောင်မြင်နေမှုကို ကြည့်ရှုစစ်ဆေးစဉ်။

### ထောက်ပံ့ပေးအပ်

ထို့နောက် အဆိုပါ ခြံဝင်းအတွင်း ဆင်းဧကရီ -၃ အထွက်တိုးမျိုးနှင့် ငွေတိုးစပါးစိုက်ခင်းများ ဖြစ်ထွန်းအောင်မြင်နေမှု၊ စပါးခင်းပတ်လည်ရေမြောင်းအတွင်း ငါးခူ ငါးမျိုးများ စိုက်ထည့်မွေးမြူထားရှိမှု၊ မန်ဒါလီဘဲ၊ ဘဲငန်းနှင့် ဒေသကြက်များ မွေးမြူထားရှိမှု၊ အသားတိုးဝက်ကောင်ရေ ၉၀ ကျော် စီးပွားဖြစ် မွေးမြူထားရှိမှုနှင့် ခြံဝင်းအတွင်း လိုင်ချီးသီးပင်ပေါက်များနှင့် ဂရိတ်ဖရုပျိုးပင်များ စိုက်ပျိုးထားမှုကို လှည့်လည်ကြည့်ရှုစစ်ဆေးပြီး မွေးမြူရေးအထောက်အကူပြု ဆေးဝါးများ၊ ခြံဖျန်းပိုးသတ်ဆေးဘူးများနှင့် ရောစပ်အစာနုအိတ်များကို ထောက်ပံ့ပေးအပ်သည်။



နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီအဖွဲ့ဝင် ဒေါ်ဒွဲဘူ နိုင်ငံ့စီးပွားမြှင့်တင်ရေးရန်ပုံငွေမှ ချေးငွေဖြင့် ဆောင်ရွက်လျက်ရှိသည့် နွားမွေးမြူရေးလုပ်ငန်းရှင်အား မွေးမြူရေးအထောက်အကူပြုဆေးဝါးများ၊ ခြံဖျန်းပိုးသတ်ဆေးဘူးများနှင့် ရောစပ်အစာနုအိတ်များ ထောက်ပံ့ပေးအပ်စဉ်။

### ပေါင်းစပ်ဆောင်ရွက်ပေး

ယင်းနောက် အဆိုပါကျေးရွာအတွင်း စိုက်ပျိုးရေးဦးစီးဌာနက ဆောင်းသီးထပ်လယ်သီးနှံအဖြစ် ဖြန့်ဝေပေးနိုင်ရေး ပဲပုပ်မျိုးစေ့စိုက်ခင်း စိုက်ပျိုးထားရှိမှုနှင့် တောင်သူ ဦးစိုးညွန့်အောင်၏ ခြံ၌ ဖူးစားပြောင်း နှစ်ကေခွဲ စိုက်ပျိုးအောင်မြင်ဖြစ်ထွန်းမှုတို့ကိုလည်းကောင်း၊ ရွှေညောင်ပင်ရပ်ကွက်အတွင်း နိုင်ငံ့စီးပွားမြှင့်တင်ရေးရန်ပုံငွေမှ ချေးငွေဖြင့် ဆောင်ရွက်လျက်ရှိသည့် ပိုင်ရှင် ဦးစိုးငြိမ်းမိသားစု၏ စူပါဝမ်းနို့စားနွားမွေးမြူရေးလုပ်ငန်းနှင့် နို့နှင့်နို့ထွက်ပစ္စည်းအမျိုးမျိုးရောင်းဝယ်ဖြန့်ဖြူးရေးလုပ်ငန်းကို လည်းကောင်း၊ စီတာပူ(ဆွတ်ပိုင်တောင်) ရပ်ကွက်အတွင်း ပိုင်ရှင် ဦးမရမ်ဇော်ရော် မိသားစု၏ TOP အသင့်စား စားသောက်ကုန်လုပ်ငန်း (အသားခြောက်အမျိုးမျိုးနှင့် ဝိုင်အမျိုးမျိုး ထုတ်လုပ်ဖြန့်ဖြူးရေးလုပ်ငန်း) ကိုလည်းကောင်း သွားရောက်ကြည့်ရှုပြီး ဈေးကွက်ရှိ ဒေသထွက်ထုတ်ကုန်များ တိုးမြှင့်ထုတ်လုပ်နိုင်ရေးအတွက် ပံ့ပိုးကူညီဆောင်ရွက်ပေးရမည့် ကိစ္စရပ်များကို မေးမြန်းဆွေးနွေးကာ ပေါင်းစပ်ဆောင်ရွက်ပေးသည်။

မွန်းလွဲပိုင်းတွင် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီအဖွဲ့ဝင်သည် ပြည်နယ်ဝန်ကြီးချုပ်၊ ပြည်နယ်အစိုးရအဖွဲ့ဝင်များ၊ ပြည်နယ်တရားလွှတ်တော်တရားသူကြီးချုပ်၊ ပြည်နယ်အဆင့် ဌာနဆိုင်ရာများ၊ တာဝန်ရှိသူများနှင့် ပြည်နယ်အစိုးရအဖွဲ့ရုံး၌တွေ့ဆုံပြီး ဥပဒေအသိပညာပြန့်ပွားရေး၊ အထွေထွေရွေးကောက်ပွဲအောင်မြင်စွာကျင်းပနိုင်ရေး၊ နိုင်ငံတော်ဖွံ့ဖြိုးတိုးတက်ရေး၊ လူဦးရေနှင့်အိမ်အကြောင်းအရာသန်းခေါင်စာရင်း ကောက်ယူခြင်းလုပ်ငန်းကို ဒေသတွင်းတည်ငြိမ်အေးချမ်းစွာ ကောက်ယူနိုင်ရေးကိစ္စရပ်များကို ဆွေးနွေးပြောကြားကာ လုပ်ငန်းလိုအပ်ချက်များကို ပေါင်းစပ်ညှိနှိုင်းဆောင်ရွက်ပေးသည်။

### ကြည့်ရှုစစ်ဆေး

ထို့နောက် မြစ်ကြီးနားမြို့ မန်ခိန်ရပ်ကွက် ဆွမ်ပရာဘွမ်လမ်းမကြီးဘေးရှိ ပြည်နယ်တရားလွှတ်တော်ရုံးသစ်တည်ဆောက်မည့်မြေနေရာကို ကြည့်ရှုစစ်ဆေးသည်။

**သတင်းစဉ်**

* ရွှေဖုံးမှ

ပြန်လည်ကုစားခြင်းအတွက် တစ်ကေလျှင် ယူရီးယား ၂၈ ပေါင်၊ သဘာဝမြေဩဇာ တစ်အိတ်၊ ပိုတက်မြေဩဇာ ၂၈ ပေါင်၊ ကျောက်မှုန့် ၅၆ ပေါင်နှင့် ရွက်ဖျန်းမြေဩဇာ ၅၀၀ ဂရမ်နှုန်းတို့ဖြင့် ထည့်သွင်းဆောင်ရွက်ခဲ့ရာ ယနေ့အချိန်တွင် ပြန်လည်ကုစားခဲ့သော မိုးစပါးစိုက်ခင်းများ ကောင်းမွန်စွာ ဖြစ်ထွန်းလျက်ရှိပြီး သက်မှတ်အထွက်နှုန်းများအတိုင်း ရရှိနိုင်မည်ဖြစ်ကြောင်း တွေ့ရှိရသည်။

သို့ပါ၍ ရေကြီးနစ်မြုပ်မှုကြောင့် ထိခိုက်ခဲ့သောမိုးစပါးစိုက်ခင်းများတွင် စိုက်ပျိုးရေးဦးစီးဌာနက သတ်မှတ်ထားသော သွင်းအားစုနှုန်းထားများအတိုင်း ထည့်သွင်းကုစားခြင်းဖြင့် မျှော်မှန်းထားသော အထွက်နှုန်းများအတိုင်း ရရှိနိုင်မည်ဖြစ်၍ ရေကြီးနစ်မြုပ်မှုကြောင့် မိုးစပါး ထိခိုက်ခဲ့သော တောင်သူများအနေဖြင့် စနစ်တကျလိုက်နာဆောင်ရွက်ကြပါရန် စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာနက တိုက်တွန်းထားရှိကြောင်း သတင်းရရှိသည်။

**သတင်းစဉ်**

# နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီအဖွဲ့ဝင် မန်းငြိမ်းမောင် မြန်အောင်ခရိုင်အတွင်း၌ ၂၀၂၄ခုနှစ် လူဦးရေနှင့် အိမ်အကြောင်းအရာ သန်းခေါင်စာရင်းကောက်ယူနေမှုများ ကြည့်ရှုစစ်ဆေး

**ပုသိမ် အောက်တိုဘာ ၃**

၂၀၂၄ ခုနှစ် လူဦးရေနှင့် အိမ်အကြောင်းအရာ သန်းခေါင်စာရင်းကောက်ယူခြင်း လုပ်ငန်းများကို တစ်နိုင်ငံလုံးအတိုင်းအတာဖြင့် အောက်တိုဘာ ၁ ရက်မှ ၁၅ ရက်အထိ စာရင်းစစ်၊ စာရင်းကောက်အဖွဲ့ များဖြင့်စတင်ကောက်ယူဆောင်ရွက်နေပြီဖြစ်ရာ ထိုသို့ကောက်ယူနေမှုများကို နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီအဖွဲ့ဝင် မန်းငြိမ်းမောင်သည် တိုင်းဒေသကြီးဝန်ကြီးချုပ် ဦးတင်မောင်ဝင်း၊ တိုင်းဒေသကြီး ဝန်ကြီးများနှင့်အတူ ယနေ့နံနက်ပိုင်းက သွားရောက်ကြည့်ရှု အားပေးသည်။

ဦးစွာ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီအဖွဲ့ဝင် မန်းငြိမ်းမောင် နှင့်အဖွဲ့သည် မြန်အောင်ခရိုင် ကြံခင်းမြို့ ရွာသစ်ရပ်ကွက်နှင့် မြို့မရပ်ကွက်များ၌ တစ်အိမ်တက်ဆင်း သန်းခေါင်စာရင်း ကောက်ယူနေမှုကို ကြည့်ရှုစစ်ဆေးသည်။

ထို့နောက် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီအဖွဲ့ဝင်နှင့်အဖွဲ့သည် ကြံခင်းမြို့နယ်တလိုင်းကွင်းကျေးရွာရှိတောင်သူဦးနန္ဒာနေမျိုးမောင်၏ ရေကြီးနစ်မြုပ်မှုကြောင့် စပါးပျက်စီး နှစ်ဧကတွင် ရက် ၉၀ စပါးမျိုးအား ကောက်စိုက်သမများဖြင့် စိုက်ပျိုးနေမှုကိုလည်းကောင်း၊ ပိုက်ဆံလျှော် ငါးဧက မျိုးစေ့ထုတ်စိုက်ခင်း စိုက်ပျိုးနေမှုကိုလည်းကောင်း၊ ရေကြီးနစ်မြုပ် ထိခိုက်လယ်မြေများကို ဓာတ်မြေဩဇာစုပေါင်း ကြဲပက်နေမှုကိုလည်းကောင်း ကြည့်ရှုအားပေးပြီး ကောက်စိုက်သမများကို စားသောက်ဖွယ်ရာများ ပေးအပ်သည်။

ယင်းနောက် မြန်အောင်မြို့နယ် တာမိုင်(၅/၆မှ၅/၈) အကြား ကမ်းပြိုကာကွယ်ရေး လုပ်ငန်းဆောင်ရွက်ထားရှိမှု အခြေအနေများကိုလည်းကောင်း၊ မကျီးစုတာ၊ တာမိုင်(၆)မိုင်(၃) ဖာလုံရှိ ကမ်းပြိုမှုအခြေအနေများနှင့် မြန်အောင်မြို့ လွန်ဆေးမြိုင်ပန်းခြံအနီး ကမ်းပြိုမှုအခြေအနေကိုလည်းကောင်း ကြည့်ရှုစစ်ဆေးပြီး လိုအပ်သည်များ မှာကြားသည်။



နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီအဖွဲ့ဝင် မန်းငြိမ်းမောင် ထိခိုက်ပျက်စီးခဲ့သည့် မိုးစပါးစိုက်ဧကများအတွက် တောင်သူများအား မျိုးစပါးနှင့် သွင်းအားစုများ ထောက်ပံ့ပေးအပ်စဉ်။


နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီအဖွဲ့ဝင် မန်းငြိမ်းမောင် ၂၀၂၄ ခုနှစ် လူဦးရေနှင့် အိမ်အကြောင်းအရာ သန်းခေါင်စာရင်းကောက်ယူနေမှုကို ကြည့်ရှုစစ်ဆေးစဉ်။

ဆက်လက်၍ အင်္ဂပူမြို့ အမှတ်(၂) ရပ်ကွက်နှင့် ဟင်္သာတမြို့ တာငါးဆယ်တောင်ရပ်ကွက်၌ တစ်အိမ်တက်ဆင်း သန်းခေါင်စာရင်း ကောက်ယူနေမှုများနှင့် စာရင်းကောက်များ ဘာသာစကားအခက်အခဲမရှိစေရေး အထောက်အကူပြုအဖွဲ့များက ကူညီဆောင်ရွက်ပေးနေမှု၊ ပြည်သူများက စိတ်ပါဝင်စားစွာ ဖြေကြားနေမှုများကို ကြည့်ရှုအားပေးသည်။

ထို့နောက် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီအဖွဲ့ဝင်၊ တိုင်းဒေသကြီးဝန်ကြီးချုပ်နှင့်အဖွဲ့သည် ဟင်္သာတမြို့ အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန အစည်းအဝေးခန်းမ၌ ပြုလုပ်သည့် တွေ့ဆုံပွဲသို့ တက်ရောက်ပြီး နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီအဖွဲ့ဝင်က ပြည်သူများအနေဖြင့် မိမိတို့ကျရာအခန်းကဏ္ဍ၌ မိမိတို့တိုင်းဒေသကြီး တည်ငြိမ်အေးချမ်းရေးအတွက် သက်ဆိုင်ရာ အဖွဲ့အစည်းများဖြင့် ဝိုင်းဝန်းကူညီ ပူးပေါင်းဆောင်ရွက်ရမည်ဖြစ်ပါကြောင်း အဖွင့်အမှာစကားပြောကြားသည်။

ယင်းနောက် တိုင်းဒေသကြီး ဝန်ကြီးချုပ်က ပျက်စီးစိုက်ဧကများကို ပြန်လည်ဖြည့်တင်း စိုက်ပျိုးရမည့် ကိစ္စရပ်များကို ရှင်းလင်းပြောကြားပြီး ထိခိုက်ပျက်စီးခဲ့သည့် မိုးစပါးစိုက်ဧကများအတွက် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီအဖွဲ့ဝင်၊ တိုင်းဒေသကြီး ဝန်ကြီးချုပ်နှင့် တာဝန်ရှိသူများက ဟင်္သာတ၊ ဇလွန်၊ လေးမျက်နှာမြို့နယ်များမှ တောင်သူများထံသို့ မျိုးစပါးနှင့် သွင်းအားစုများ ထောက်ပံ့ပေးအပ်ခဲ့ကြပြီး နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီအဖွဲ့ဝင် မန်းငြိမ်းမောင်က နိဂုံးချုပ်အမှာစကားများပြောကြားခဲ့ကြောင်း သိရသည်။

**သတင်းစဉ်**

## တာချီလိတ် - မိုင်းတွမ်း - မိုင်းဆတ်မြို့သွား ပြည်ထောင်စုလမ်းမပေါ်ရှိ နမ့်ခုတ်ချောင်းကူး နမ့်ခုတ်ငြိမ်းချမ်းရေး(ဆိုက်ခေါင်) သံကူကွန်ကရစ်တံတား ပျက်စီးမှုများသွားရောက်ကြည့်ရှု

**နေပြည်တော် အောက်တိုဘာ ၃**

ရှမ်းပြည်နယ် (အရှေ့ပိုင်း) မိုင်းဆတ်မြို့နယ်အတွင်း မိုးသည်းထန်စွာရွာသွန်းမှုကြောင့် နမ့်ခုတ်ချောင်းရေမြင့်တက်လာပြီး တာချီလိတ်-မိုင်းတွမ်း-မိုင်းဆတ် မြို့သွား ပြည်ထောင်စုလမ်းမပေါ်ရှိ မိုင်းဆတ်မြို့အဝင်အရှည် ၃၂၈ ပေ၊ အကျယ်ပေ ၃၀ ရှိသည့် နမ့်ခုတ်ချောင်းကူး နမ့်ခုတ်ငြိမ်းချမ်းရေး (ဆိုက်ခေါင်) သံကူကွန်ကရစ်တံတားမှာ ပေ ၁၃၀ ခန့် ရေစီးနှင့် မျောပါပျက်စီးသွားခဲ့ရသည်။



ပျက်စီးသွားခဲ့သည့် တံတားအပေါ်တွင် ပေ ၁၅၀ အရှည်ရှိ နှစ်လွှာ တစ်ထပ်ဘေလီတံတားကို ဒေသခံပြည်သူများ အဆင်ပြေလွယ်ကူစွာ သွားလာနိုင်ရေးအတွက် တံတားဦးစီးဌာန၊ တံတားအထူးအဖွဲ့(၁၂)က တာဝန်ယူ ဆောင်ရွက်ပေးလျက်ရှိပြီး အောက်တိုဘာလ ဒုတိယပတ်ကုန်အပြီးတွင် အမြန်ဆုံးပြီးစီးနိုင်ရေး နေ့/ညမပြတ် ဆောင်ရွက်လျက်ရှိသည်။

ထိုသို့ တံတားပြင်ဆင်နေမှုများကို အောက်တိုဘာ ၂ ရက် နံနက်ပိုင်းတွင် တြိဂံဒေသတိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်မှူးချုပ် စိုးလှိုင်နှင့် တာဝန်ရှိသူများက သွားရောက်ကြည့်ရှုပြီး **(အပေါ်ပုံ)** တာဝန်ရှိသူများ၏ တင်ပြချက်များအပေါ် လိုအပ်သည်များ ပေါင်းစပ်ညှိနှိုင်း ဆောင်ရွက်ပေးခဲ့ကြောင်း သတင်းရရှိသည်။

**သတင်းစဉ်**

## ပအိုဝ်းကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသ ဟိုပုံးမြို့နယ်၌ သန်းခေါင်စာရင်းကွင်းဆင်းကောက်ယူ

**ဟိုပုံး အောက်တိုဘာ ၃**

ရှမ်းပြည်နယ်(တောင်ပိုင်း) ပအိုဝ်းကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသ ဟိုပုံးမြို့နယ်တွင် ၂၀၂၄ ခုနှစ် လူဦးရေနှင့် အိမ်အကြောင်းအရာ သန်းခေါင်စာရင်းကောက်ယူကြမည့် စာရင်းစစ်/ စာရင်းကောက်များသည် ယနေ့နံနက်ပိုင်းက ဟိုပုံးတပ်နယ်မှူး ဗိုလ်မှူးချုပ် သိန်းနိုင်နှင့် မိသားစုဝင်များ၊ ရပ်ကွက်/ကျေးရွာအုပ်စုများတွင် စာရင်းများကောက်ယူကြောင်း သိရသည်။

ထိုသို့ကွင်းဆင်းကောက်ယူရာတွင် သန်းခေါင်စာရင်းကောက်အဖွဲ့များက လူဦးရေနှင့် အိမ်အကြောင်းအရာစာရင်းများ တိကျမှန်ကန်စွာရရှိနိုင်ရေးအတွက် မြို့နယ်အတွင်းနေထိုင်သောသူများ၏ လူဦးရေဆိုင်ရာအချက်အလက်များအား ပြည်သူများထံအရောက် ကွင်းဆင်းမေးမြန်း ကောက်ယူလျက်ရှိကြောင်းသိရသည်။

လူဦးရေနှင့် အိမ်အကြောင်းအရာသန်းခေါင်စာရင်း စတင်ကောက်ယူနေမှုများကို လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဝန်ကြီးဌာန မြို့နယ်ဦးစီးမှူးရုံးမှ မြို့နယ်ဦးစီးမှူး ဦးကိုကိုလင်း၊ မြို့နယ်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန ဒုတိယမြို့နယ်အုပ်ချုပ်ရေးမှူး ဦးဆန်းထွန်းတို့က ကြည့်ရှုအားပေးခဲ့ကြောင်း သိရသည်။

**ပအိုဝ်းဒေသ(ပြန်/ဆက်)**

# ကာတာနိုင်ငံ ဒိုဟာမြို့၌ ကျင်းပသည့် တတိယအကြိမ်မြောက် အာရှပူးပေါင်းဆောင်ရွက်ရေးဆိုင်ရာ ဆွေးနွေးပွဲအဖွဲ့ (အေစီဒီ) ၏ ထိပ်သီးအစည်းအဝေးသို့ ဒုတိယဝန်ကြီးချုပ်နှင့် နိုင်ငံခြားရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးသန်းဆွေ ပါဝင်တက်ရောက်




ဒိုဟာ အောက်တိုဘာ ၃

ကာတာနိုင်ငံ၏ ဖိတ်ကြားချက်အရ ဒုတိယဝန်ကြီးချုပ်နှင့် နိုင်ငံခြားရေး ဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးသန်းဆွေသည် ယနေ့တွင် ကာတာနိုင်ငံ ဒိုဟာမြို့၌ ကျင်းပပြုလုပ်သည့် တတိယအကြိမ်မြောက် အာရှပူးပေါင်းဆောင်ရွက်ရေးဆိုင်ရာ ဆွေးနွေးပွဲအဖွဲ့ (အေစီဒီ) ၏ ထိပ်သီးအစည်းအဝေးသို့ ပါဝင်တက်ရောက်သည်။

**နိုင်ငံအလိုက် မိန့်ခွန်းများပြောကြား**

ဒိုဟာမြို့ရှိ ရစ်ကာလ်တန်ဟိုတယ်၌ ကျင်းပခဲ့သည့် တတိယအကြိမ်မြောက် အေစီဒီထိပ်သီးအစည်းအဝေးသို့ အဖွဲ့ဝင်နိုင်ငံများမှ နိုင်ငံအကြီးအကဲ/ အစိုးရအဖွဲ့အကြီးအကဲများ၊ နိုင်ငံခြားရေးဝန်ကြီးများနှင့် ကိုယ်စားလှယ်များ ပါဝင်တက်ရောက်ခဲ့ကြသည်။ အစည်းအဝေး၌ အေစီဒီအဖွဲ့ဝင်နိုင်ငံများက အေစီဒီထိပ်သီးအစည်းအဝေးအား အိမ်ရှင်အဖြစ် လက်ခံကျင်းပသည့် ကာတာနိုင်ငံက သတ်မှတ်ထားသည့်ဘာသာရပ်ခေါင်းစဉ်ဖြစ်သည့် **"အားကစားရေးရာ သံတမန်ဆက်ဆံရေး"** အပေါ် ကြိုဆိုခဲ့ကြကာ ကိုယ်စားလှယ်အဖွဲ့ အသီးသီးက သက်ဆိုင်ရာ နိုင်ငံအလိုက် မိန့်ခွန်းများ ပါဝင်ပြောကြားသည်။

တတိယ အကြိမ်မြောက် အေစီဒီ ထိပ်သီးအစည်းအဝေး၌ ဒုတိယဝန်ကြီးချုပ်နှင့် နိုင်ငံခြားရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးသန်းဆွေသည် ယနေ့နံနက်ပိုင်းတွင် မိန့်ခွန်းတစ်ရပ် ပါဝင်ပြောကြားသည်။

ဒုတိယဝန်ကြီးချုပ်နှင့်နိုင်ငံခြားရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီးက အေစီဒီလက်ရှိဥက္ကဋ္ဌ **အီရန်နိုင်ငံ**၏ ခေါင်းဆောင်မှုကို အသိအမှတ် ပြုပါကြောင်းနှင့် ထို့ပြင် ၂၀၂၅ ခုနှစ် အေစီဒီဥက္ကဋ္ဌသစ်အဖြစ် လွှဲပြောင်းတာဝန်ယူ ဆောင်ရွက်မည့် **ထိုင်းနိုင်ငံ**၏ ကြိုးပမ်းအားထုတ်မှုများကို ကြိုဆိုပါကြောင်းနှင့် မြန်မာနိုင်ငံအနေဖြင့် ထိုင်းနိုင်ငံအား အပြည့်အဝ ပူးပေါင်းဆောင်ရွက်သွားမည်ဖြစ်ကြောင်း ထည့်သွင်းပြောကြားခဲ့သည်။

တတိယ အကြိမ်မြောက် အေစီဒီထိပ်သီး အစည်းအဝေးအတွင်း ကိုယ်စားလှယ်အဖွဲ့ခေါင်းဆောင်များသည် အေစီဒီ ပူးပေါင်းဆောင်ရွက်မှု လုပ်ငန်းစဉ်ဆိုင်ရာကိစ္စရပ်များ၊ ဒေသတွင်းနှင့်ကမ္ဘာ့ရေးရာကိစ္စရပ်များအပေါ် ရင်းနှီးပွင့်လင်းစွာ အမြင်ချင်းဖလှယ်ဆွေးနွေးခဲ့ကြပြီး အဖွဲ့ဝင်နိုင်ငံများသည် ၎င်းတို့၏ သက်ဆိုင်ရာနိုင်ငံအလိုက် ဖြစ်ပေါ်တိုးတက်မှုများကိုလည်း ထည့်သွင်းဆွေးနွေးပြောကြားခဲ့ကြသည်။




အစည်းအဝေး၌ အဖွဲ့ဝင်နိုင်ငံများက အေစီဒီအတွင်းရေးမှူးချုပ်အဖြစ် မကြာသေးမီက ခန့်အပ်ခဲ့သည့် ကူဝိတ်နိုင်ငံမှ သံအမတ်ကြီး Nasser Raden Thamer Al-Mutairi နှင့် ဒုတိယအတွင်းရေးမှူးချုပ်အဖြစ် ခန့်အပ်ခဲ့သည့် အီရန်နိုင်ငံမှ သံအမတ်ကြီး Mohammed Taghi Hosseini တို့အား ဝမ်းမြောက်ဂုဏ်ယူကြောင်း ထည့်သွင်းပြောကြားခဲ့ကြသည်။ ထို့ပြင် အစည်းအဝေးရလဒ်အဖြစ် **"ဒိုဟာ ကြေညာချက်"** ကို အဖွဲ့ဝင် နိုင်ငံများအားလုံး၏ တူညီဆန္ဒဖြင့် ထုတ်ပြန်နိုင်ခဲ့သည်။

**ရှင်းလင်းပြောကြား**

ဒုတိယဝန်ကြီးချုပ်နှင့် ပြည်ထောင်စုဝန်ကြီးသည် အစည်းအဝေးအတွင်း နိုင်ငံတော်အစိုးရ၏ ငြိမ်းချမ်းရေး၊ ဖွံ့ဖြိုးတိုးတက်ရေး၊ ဒီမိုကရေစီဖော်ဆောင်ရေးနှင့် အထွေထွေရွေးကောက်ပွဲ ကျင်းပရေးအတွက် ကြိုးပမ်းဆောင်ရွက်နေမှုများနှင့် မြန်မာနိုင်ငံ၏ လက်ရှိဖြစ်ပေါ်တိုးတက်မှု အခြေအနေများကို အေစီဒီအဖွဲ့ဝင်နိုင်ငံများမှ ကိုယ်စားလှယ်အဖွဲ့ ခေါင်းဆောင်များအား ရှင်းလင်းပြောကြားခဲ့သည်။

မွန်းလွဲပိုင်းတွင် အိမ်ရှင် ကာတာနိုင်ငံ အကြီးအကဲ ရှိတ်တမင်း(မ်) ဘင် ဟမတ် အယ်တာနီက တတိယအကြိမ်မြောက် အေစီဒီထိပ်သီးအစည်းအဝေးသို့ ပါဝင် တက်ရောက်လာကြသည့် ကိုယ်စားလှယ်အဖွဲ့များကို ဒိုဟာမြို့ရှိ ရစ်ကာလ်တန်ဟိုတယ်၌ ဂုဏ်ပြုနေ့လယ်စာ စားပွဲဖြင့် တည်ခင်းဧည့်ခံခဲ့သည်။

အာရှပူးပေါင်းဆောင်ရွက်ရေးဆိုင်ရာ ဆွေးနွေးပွဲအဖွဲ့ (အေစီဒီ) ကို ၂၀၀၂ ခုနှစ်၊ ဇွန်လက ထိုင်းနိုင်ငံ၊ ချာအမ်းမြို့၌ စတင်ဖွဲ့စည်းထူထောင်ခဲ့သည်။ လက်ရှိတွင် အေစီဒီ၌ ဒေသတွင်း အုပ်စုကြီး (၅) ခုဖြစ်သည့် အရှေ့တောင်အာရှအုပ်စု၊ တောင်အာရှအုပ်စု၊ အနောက်အာရှအုပ်စု၊ ဗဟိုအာရှအုပ်စုနှင့် အရှေ့အာရှအုပ်စုတို့ကို အသီးသီး ကိုယ်စားပြုသည့် အဖွဲ့ဝင်နိုင်ငံ (၃၅) နိုင်ငံ ပါဝင်သည်။ မြန်မာနိုင်ငံသည် အေစီဒီ စတင်ထူထောင်ရာတွင် ပါဝင်ခဲ့သည့်နိုင်ငံတစ်နိုင်ငံ ဖြစ်သည်။

ယေဘုယျအားဖြင့် အာရှနိုင်ငံများအကြား အပြန်အလှန် အမှီသဟဲပြုရေးကို မြှင့်တင်သွားရန်နှင့် အာရှတိုက်မှ အာရှအသိုက်အဝန်းအဖြစ်သို့ ပြောင်းလဲရန် ရည်ရွယ်လျက် အေစီဒီကို ဖွဲ့စည်းထားခြင်းဖြစ်သည်။ အေစီဒီ အတွင်းရေးမှူးရုံးကို ကူဝိတ်မြို့၌ ၂၀၁၃ ခုနှစ် အောက်တိုဘာလတွင် စတင်ဖွင့်လှစ်ခဲ့သည်။

လက်ရှိတွင် အေစီဒီအဖွဲ့ဝင်နိုင်ငံများအကြား **"ကုလသမဂ္ဂ၏ ၂၀၃၀ ရေရှည်စဉ်ဆက်မပြတ် ဖွံ့ဖြိုးတိုးတက်ရေး အစီအစဉ်"** နှင့် ကိုက်ညီသည့် အဓိကမဏ္ဍိုင်ကြီး (၆) ခု၌ ဦးစားပေးပူးပေါင်းဆောင်ရွက်သွားရန် သဘောတူညီထားသည်။ အဆိုပါ အဓိကမဏ္ဍိုင်ကြီး (၆)ခုမှာ (က)ပေါင်းစည်းဆက်နွယ်မှု၊ (ခ) သိပ္ပံ၊ နည်းပညာနှင့် တီထွင်ဆန်းသစ်မှု၊ (ဂ) ပညာရေးနှင့် လူ့စွမ်းအားအရင်းအမြစ် ဖွံ့ဖြိုးတိုးတက်မှု၊ (ဃ) စားနပ်ရိက္ခာ၊ စွမ်းအင်နှင့် ရေဖူလုံရေး၊ (င) ယဉ်ကျေးမှုနှင့် ခရီးသွားလုပ်ငန်း၊ (စ) အားလုံးပါဝင်ရေးနှင့် ရေရှည်စဉ်ဆက်မပြတ် ဖွံ့ဖြိုးတိုးတက်ရေးတို့ဖြစ်သည်။

ကာတာနိုင်ငံ၌ ကျင်းပခဲ့သည့် တတိယအကြိမ်မြောက် အေစီဒီ ထိပ်သီးအစည်းအဝေးသို့ အေစီဒီ အဖွဲ့ဝင်နိုင်ငံ (၃၂) နိုင်ငံမှ ကိုယ်စားလှယ်များ ပါဝင်တက်ရောက်ခဲ့သည်။ **သတင်းစဉ်**

## ဒုတိယဝန်ကြီး ဦးစိုးကြည် ကုလသမဂ္ဂဒုက္ခသည်များဆိုင်ရာ မဟာမင်းကြီးရုံး (UNHCR) ၏ အာရှနှင့် ပစိဖိတ်ဒေသဆိုင်ရာရုံး ညွှန်ကြားရေးမှူး Ms. Hai Kyung Jun ကို လက်ခံတွေ့ဆုံ



**နေပြည်တော် အောက်တိုဘာ ၃**

လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးစိုးကြည်သည် ကုလသမဂ္ဂဒုက္ခသည်များဆိုင်ရာမဟာမင်းကြီးရုံး (UNHCR) ၏ အာရှနှင့် ပစိဖိတ်ဒေသဆိုင်ရာရုံး ညွှန်ကြားရေးမှူး Ms. Hai Kyung Jun ဦးဆောင်သောအဖွဲ့ကို ယနေ့နံနက် ၁၁ နာရီခွဲတွင် အဆိုပါဝန်ကြီးဌာန ဧည့်ခန်းမ၌ လက်ခံတွေ့ဆုံသည်။

တွေ့ဆုံစဉ် UNHCR အာရှနှင့် ပစိဖိတ်ဒေသဆိုင်ရာရုံး ညွှန်ကြားရေးမှူး၏ ရခိုင်ပြည်နယ် စစ်တွေမြို့နှင့် ရှမ်းပြည်နယ် တောင်ကြီးမြို့သို့ သွားရောက်ခဲ့သည့် ခရီးစဉ်အတွင်း တွေ့ရှိချက်များ၊ လတ်တလော ရေကြီးရေလျှံမှုများကြောင့် ရေဘေးသင့်သူများအတွက် နိုင်ငံတော်နှင့် ဝန်ကြီးဌာနမှ ကူညီထောက်ပံ့ပေးလျက်ရှိမှုများနှင့် ပြန်လည်ထူထောင်ရေးလုပ်ငန်းဆောင်ရွက်နေမှုများ၊ ဝန်ကြီးဌာနနှင့် UNHCR တို့အကြား နားလည်မှုစာချွန်လွှာ (MoU) လက်မှတ်ရေးထိုးနိုင်ရေး ဆောင်ရွက်လျက်ရှိသည့် အခြေအနေများကို ရင်းနှီးပွင့်လင်းစွာ အမြင်ချင်း ဖလှယ်ဆွေးနွေးခဲ့ကြသည်။

တွေ့ဆုံပွဲသို့ ဘေးအန္တရာယ်ဆိုင်ရာ စီမံခန့်ခွဲမှုဦးစီးဌာန ညွှန်ကြားရေးမှူးချုပ်နှင့် တာဝန်ရှိသူများ တက်ရောက်ခဲ့ကြကြောင်း သိရသည်။

**သတင်းစဉ်**

# အမျိုးသားစည်းကမ်းအစ စာသင်ကျောင်းက

အငြိမ်းစားပညာရေးဝန်ထမ်းတစ်ဦး

**“နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ တာဝန်ယူသည့်ကာလတွင် နိုင်ငံတော်အကြီးအကဲအနေဖြင့် ပညာရေး၏ အရေးကြီးပုံကို သတိပြုမိသောကြောင့် နိုင်ငံသားအားလုံး ပညာရည်မြင့်မားလာစေရေးအတွက် ပညာရေးဆိုင်ရာမူဝါဒများ ပြုပြင်ပြောင်းလဲခဲ့သည်ကို တွေ့ရပါသည်။ ကျောင်းနေအရွယ်အားလုံး၊ ပညာသင်ယူရမည့်အရွယ် ကလေးအားလုံး ပညာသင်ယူခွင့်ရှိစေရေးနှင့် KG+9 အထိ မသင်မနေရပညာရေးစနစ်များကို ချမှတ်ပေးခဲ့ခြင်းသည် နိုင်ငံ့အနာဂတ်အတွက် အခြေခံအုတ်မြစ်ကောင်းများ ချမှတ်ပေးခြင်းပင်ဖြစ်သည်”**

“အစ်ကိုကြီးရေ ကျွန်မတော့ဖြင့် သိပ်ကို အားရှိသွားတာပါပဲ၊ အခုလည်း ရေပြန်ကျ၊ မူလအတိုင်း ပြန်ဖြစ်ပြီမို့ ကလေးကို ရွာပြန်ခေါ်သွားတော့မယ်နော်”ဟု အထက်ပါစကားကို ဆိုလာသူကား ကျွန်တော့်ညီမအရင်း မစန္ဒာဖြစ်သည်။ ဆိုရသည့်အကြောင်းရင်းမှာ ဆင်သေချောင်းဘေးရှိ သူတို့ရွာလေးရေဘေးသင့်မှုကစ၏။ အားလုံးသိပြီးသည့်အတိုင်း၊ ယခုနှစ် စက်တင်ဘာလ လဆန်းပိုင်းတွင် ဖြစ်ပေါ်ခဲ့သောထင်မှတ်မထားသည့်ရေဘေးဒုက္ခကို ရှမ်းပြည်နယ်ဘက်မှာရော နေပြည်တော်တပ်ကုန်းတစ်ဝိုက်က ဒေသခံပြည်သူများပါ တနင့်တပိုးခံစားခဲ့ရပါသည်။ ကျွန်တော့်ညီမ မိသားစုနှင့် သူတို့ရွာလေးလည်း မလွတ်ခဲ့ပေ။ ရေတက်တဲ့ညမှာပင် မိသားစုလိုက် ကျွန်တော်နေထိုင်ရာရပ်ကွက်ကို ရောက်လာကြပါသည်။ ကျွန်တော်တို့ရပ်ကွက်က ချောင်းနှင့်ဝေးသည့်အပြင် အမြင့်ပိုင်းကျနေသောကြောင့် ရေဘေးလွတ်ခဲ့ပါသည်။ “နိုင်ငံတော်အကြီးအကဲက ရေဘေးသင့်ပြည်သူတွေကို ကိုယ်တိုင်လာရောက်တွေ့ဆုံပြီး အားပေးစကားပြောတယ်၊ အခုလိုရေဘေးသင့်တာဟာ ချောင်းအနီးအနားမှာရှိတဲ့ ရွာတွေ၊ မြို့ပေါ်ရပ်ကွက်က ပြည်သူတွေ ထိခိုက်နစ်နာရသလို လမ်းတံတား၊ လျှပ်စစ်မီးတိုင်တွေ၊ အခြေခံအဆောက်အဦတွေကို ထိခိုက်တဲ့အတွက်လည်း နိုင်ငံတော်အတွက်ပါ ထိခိုက်ရတယ်ဆိုတဲ့အကြောင်း၊ ဒါတွေအားလုံးအတွက် မူလအခြေအနေအတိုင်းပြန်ဖြစ်အောင် ကူညီပေးမယ့်အကြောင်းနဲ့ နောက်ပြီး ကလေးတွေကို ကျောင်းစာသင်ခန်းထဲ အမြန်ပြန်သွားနိုင်ဖို့ စီစဉ်နေတဲ့အကြောင်း၊ ကလေးတွေကို ကျောင်းပြန်တက်နိုင်အောင် မိဘတွေက စေလွှတ်ပေးဖို့နဲ့ ပညာတတ်မှ သူတို့ဘဝရှေ့ရေးကို အထောက်အကူပြုနိုင်ပြီး နောင်အနာဂတ်မှာ ညီမလေးတို့ထက်သာတဲ့ အခြေ အနေကိုရောက်မယ်၊ သားသမီးတွေကို ပညာအမွေပေးပြီး အခုထက်သာအောင် လုပ်ပေးတာဟာ မိဘကောင်းပီသပါတယ်လို့ နိုင်ငံတော်အကြီးအကဲက ပြောသွားတယ်”ဟု သူတို့ရွာလေး ရေကျပြီဖြစ်၍ အိမ်မပြန်ခင် ကျွန်တော့်ကို အားရွှင်လန်းစွာပြောသွားသည့် ညီမငယ်၏ စကားသံများကြောင့် ပညာရေးလောကမှာ နှစ်ပေါင်း ၄၀ နီးပါး တာဝန်ထမ်းဆောင်ခဲ့သော အငြိမ်းစားဝန်ထမ်းဖြစ်သည့် ကျွန်တော့်အတွက် အတွေးများပွားမိခဲ့ရပါတော့သည်။

**ကမ္ဘာ့နိုင်ငံတိုင်းသည် လူသားအရင်းအမြစ်၏ အရေးပါမှုကို သတိထားမိခဲ့ကြ**

တစ်ဆက်တည်းမှာပဲ နိုင်ငံတော်အကြီးအကဲ၏ ပြည်သူများအပေါ် စာနာငဲ့ညှာတဲ့စိတ်နှင့် တိုင်းပြည်အနာဂတ်အတွက် ကြိုတင်မြော်တွေးမှုကိုပါ ညီမလေး၏စကားများကတစ်ဆင့် သိလိုက်ရပါသည်။ လွန်ခဲ့သည့် ဆယ်စုနှစ်တွေကတည်းက ကမ္ဘာ့နိုင်ငံတိုင်းသည် မိမိတို့နိုင်ငံ စဉ်ဆက်မပြတ်ဖွံ့ဖြိုးတိုးတက်ရေးကို ဖော်ဆောင်နိုင်ဖို့အတွက် လူသားအရင်းအမြစ် (Human Resources) ၏ အရေးပါမှုကို သတိထားမိခဲ့ကြပါသည်။ တကယ်တော့ လူသားအရင်းအမြစ်ဆိုသည်မှာ “ပညာ” အပေါ်မှာ အခြေခံတည်ဆောက်ထားသည်ဟူသည့် အချက်ကို ပညာရေးဝန်ထမ်းဖြစ်သည့် ကျွန်တော် အသိဆုံးပင်။ ထို့ကြောင့် ကမ္ဘာ့နိုင်ငံများသည် မိမိတို့နိုင်ငံ၏ အနာဂတ်အတွက် ပညာရေးရင်းနှီးမြှုပ်နှံမှုများကို အဓိကအလေးထား လုပ်ဆောင်နေကြခြင်းဖြစ်ပါသည်။ ပညာရည်မြင့်မားမှုဆိုတာ နိုင်ငံတစ်ခုဖွံ့ဖြိုးတိုးတက်ရေးနှင့် ပြည်သူပြည်သားတစ်ဦးချင်းစီရဲ့ ကြီးပွားချမ်းသာရေးအတွက် အဓိကသော့ချက်လို့ ဆိုနိုင်တယ် မဟုတ်လား။ ကျွန်တော်တို့ ငယ်စဉ်ကတည်းက “အမျိုးသားစည်းကမ်းအစ စာသင်ကျောင်းက” ဆိုသည့် ဆောင်ပုဒ်နှင့်ပင် ကျောင်းသားဘဝရက်စွဲများကို ကျော်ဖြတ်ခဲ့ရသည်။ ကျောင်းသားဘဝကုန်လွန်ပြီး လုပ်ငန်းခွင်ဝင်၊ အဲဒီနောက် အသက်အရွယ်ကြီးရင့် ပင်စင်ယူတဲ့အထိ ဥပဒေနှင့် စည်းမျဉ်းစည်းကမ်းများကိုလိုက်နာတတ်သည့် နိုင်ငံ့သားကောင်းတစ်ဦးဖြစ်ခဲ့ရပါသည်။

ကျွန်တော်တို့မြန်မာမှုနယ်ပယ်တွင် “လက်ဦးဆရာမည်ထိုက်စွာ ပုဗ္ဗာစရိယ မိနှင့်ဘ” ဆိုတဲ့အတိုင်း ကလေးတိုင်း၏ လက်ဦးဆရာများသည် မိဘများပင်ဖြစ်သည်။ ကျောင်းကိုရောက်လာသည့် ကလေးများ၏ စရိုက်များကိုကြည့်လိုက်သည်နှင့် ထိုကလေးမိဘများ၏ စိတ်နေစိတ်ထား၊ စရိုက်လက္ခဏာများကို ဆရာတိုင်းက ပုံဖော်တတ်ကြပါသည်။ မိဘများက သားသမီးများကို ဦးဆုံးသင်ကြားပေးတဲ့သူများပင်။ ဖေဖေ၊ မေမေဆိုတဲ့ နာမ်စားကို ပထမဆုံးစသင်ပါသည်။ ပြီးမှသာ ကိုယ်ဆန္ဒရှိရာကို ဆက်သင်ကြပါသည်။ အဲဒီမှာ စတင်စကားပြောပါသည်။ ကောင်းတာသင်မှာလား၊ ဆိုးတာသင်မှာလားဟူ၍။ တကယ်ဆို သားသမီးများကို ငယ်စဉ်ကတည်းက စည်းကမ်းရှိအောင် ဦးစွာ သွန်သင်ဆုံးမပေးရမယ့်တာဝန်က လက်ဦးဆရာဖြစ်သော မိဘများပင်ဖြစ်သည်။ ထိုသို့ပြောခြင်းသည် ကျောင်းဆရာများတွင် တာဝန်မရှိဟု ဆိုလိုချင်တာမဟုတ်ပေ။ မိဘများက မွေးဖွားပြီးလို့ စကားပြောတတ်အောင်သင်ပြီးမှ ကလေးများက ကျောင်းကိုရောက်လာကြရသည်။ ကျောင်းကို ရောက်လာပြီး နောက်ပိုင်း စာတတ်အောင်၊ စဉ်းစားချင့်ချိန်တတ်အောင် သင်ကြားပြုစုပေးရသည်က ဆရာများရဲ့ တာဝန်ပင်။ ထို့ကြောင့် ဆရာများသည် ကျောင်းသားကျောင်းသူများအတွက် ဒုတိယမိဘများပင် ဖြစ်သည်ဟု ဆိုချင်ပါသည်။ သို့သော် ယနေ့အချိန်အခါတွင် မိဘများက မိသားစုစားဝတ်နေရေးဆိုသည့် ခေါင်းစဉ်အောက် စီးပွားဥစ္စာများကို ကြိုးပမ်းရှာဖွေနေချိန်တွင် သားသမီးများအပေါ် ဆုံးမသွန်သင်မှုများ လျော့ပါးလာသည်ကို တွေ့ရပါသည်။ မယုံမရှိပါနဲ့။ စာရေးသူကိုယ်တွေ့ပါ။ မြင်ခဲ့ တွေ့ခဲ့ဖူးပါသည်။ ကျောင်းသားများကို ပညာတတ်ဖြစ်စေရုံမက စည်းကမ်းရှိပြီး လိမ္မာရေးခြားရှိသူများ ဖြစ်လာအောင် သင်ကြားပေးကြရပါသည်။ စည်းကမ်းရှိသည့် ကျောင်းသား ကျောင်းသူများ ဖြစ်စေရန် ပုံသွင်းပေးရန်မှာ ဆရာများ၏ တာဝန်ဆိုလည်း မမှားပေ။ လက်ဦးဆရာဖြစ်သော မိဘများကိုယ်တိုင်က အသိတရားရှိပြီး ခံယူချက်ကောင်းကြရန် လိုတယ်ဆိုတာကို ကျွန်တော့်လုပ်သက်ကနေ အတွေ့အကြုံရရှိခဲ့ပါသည်။

စည်းကမ်းဆိုသည်မှာ လေးနက် နက်ရှိုင်းလွန်းပါသည်။ စည်းကမ်းရှိပြီး စည်းကမ်းတန်ဖိုးကို နားလည်ဖို့၊ စည်းကမ်းတကျ လုပ်ဆောင်တတ်ရန်၊ စည်းစနစ်တကျ လေ့လာ၊ သင်ယူ၊ ဆုံးမနာယူတတ်ရန်ဆိုသည်လည်း အင်မတန်ခက်ခဲပါသည်။ “အကွပ်မဲ့ကြမ်း ပရမ်းပတာဖြစ်” ဆိုသည့်အတိုင်း စည်းကမ်းမရှိသည့် ကျောင်းသား ကျောင်းသူများ၏ ဘဝရေစုန် မျောသွားနိုင်ပါသည်။ အစကောင်းမှ အနှောင်းသေချာမည်ဖြစ်သောကြောင့် အခြေခံပညာ ကျောင်းများကနေစတင်ပြီး စည်းကမ်းနှင့် အညီ ပြုမူပြောဆိုနေထိုင်တတ်အောင် သင်ကြားပြုစုပေးဖို့ လိုအပ်ပါသည်။ ထို့ကြောင့် ကလေးများ၏ ပညာရေးမှာ ဆရာများ၏ အခန်းကဏ္ဍက အခရာကျကြောင်း ဆိုရခြင်းဖြစ်သည်။ ကျောင်းနေအရွယ် ကလေးများကို နိုင်ငံချစ်စိတ်၊ တိုင်းပြည်ချစ်စိတ်၊ မျိုးချစ်စိတ်ဓာတ် ရှင်သန်ထက်မြက်လာစေရန် ပြုစုပျိုးထောင်ပေးရမည်မှာ ဆရာများ၏ တာဝန်သာဖြစ်သည်ဟု ကျွန်တော်ခံယူပါသည်။ နိုင်ငံအတွက် အရေးကြီးလှသော အမျိုးသားရေးစိတ်ဓာတ်ကောင်းများကို ကျောင်းနေအရွယ်ကတည်းက ကိန်းအောင်းနေအောင် ပြုစုလေ့ကျင့်ပျိုးထောင်ပေးမှသာ ကလေးများ ကြီးပြင်းလာသည့်အခါ နိုင်ငံတော်အတွက် အားကိုးအားထားပြုနိုင်သည့် နိုင်ငံသားကောင်းများ ဖြစ်လာကြမှာမလွဲပင်။ ကျောင်းဆရာဖြစ်ခဲ့သည့် ကျွန်တော်က ဒီလိုဖြစ်စဉ်တွေကို အများဆုံးမြင်တွေ့ခဲ့ရပါသည်။ ထို့ကြောင့် မိဘတိုင်းသည် မိမိတို့သားသမီးရှေ့ရေးအတွက် ကျောင်းကိုရောက်အောင် ပို့ရပါမည်။ ကျောင်းကို ရောက်လာသည့် ကလေးငယ်တိုင်း ကျောင်းပျော်ပြီး ပညာသင်ယူလိုစိတ်ဖြစ်အောင် ကြိုးစားရမှာက ဆရာများ၏ အရည်အချင်းပေါ်မူတည်ပါသည်။ “မိဘ-ဆရာပေါင်း ကလေးပညာရေးကောင်း” ဆိုတဲ့ ဆောင်ပုဒ်ရှိပါသည်။

**ကလေးများအတွက် စိတ်ဓာတ်နှင့်အတွေးအခေါ်များအားလုံး သိသိသာသာ ကွဲပြားလာမည်**

တကယ်တော့ အသက် လေးနှစ်ကျော် ငါးနှစ်အရွယ်လေးများကို ပန်းပုဆရာဖြစ်သည့် ဆရာများက လိုသလို ပုံစံသွင်းထုဆစ်နိုင်ပါသည်။ ဆရာကောင်းရင်ကောင်းသလို ဆရာအရည်အချင်း ပြည့်ဝမှုပေါ်မူတည်ပြီး ကလေးအနာဂတ်လည်း တောက်ပနိုင်ပါသည်။ အသက်အရွယ်ကြီးလာသည်နှင့်အမျှ ကျောင်းမနေဖူးသူထက် ကျောင်းတက်ခဲ့ဖူးသူက စည်းကမ်းလိုက်နာမှုနှင့် စိတ်ဓာတ်ကောင်းမွန်မှုတို့မှာ ပိုပြီးမြင့်မားကောင်းမွန်တာကို လေ့လာတွေ့ရှိရပါသည်။ ကျောင်းမနေဘဲ ရပ်ထဲရွာထဲမှာပဲနေသည့်အခါ ၎င်းပတ်ဝန်းကျင်ကျဉ်းကျဉ်းနှင့်သာ တွေ့ထိရပါသည်။ ထိုကလေးငယ်၏ စိတ်ကလည်း အနီးနားက မြင်နေကျကလေးများနှင့်သာ ရင်းနှီးနေမှာအမှန်ပင်ဖြစ်သည်။ အကယ်၍ ကျောင်းနေမည်ဆိုလျှင် ကလေးပေါင်းစုံနှင့် ရင်းနှီးမည်။ လူပေါင်းစုံသည့်အတွက် ကလေး၏စိတ်ကလည်း အများကြီးဖွံ့ဖြိုးနိုင်ပါသည်။ အသင်အပြကောင်းသည့် ဆရာ ဆရာမများနှင့်တွေ့မည်၊ ကလေးပေါင်းစုံနှင့်လည်း တွေ့သွားမည်ဆိုလျှင် စိတ်က ပိုမိုဖွံ့ဖြိုးလာပါလိမ့်မည်။ ထိုအရာများသည် ကျောင်းဆရာဟောင်းတစ်ယောက်၏ ကိုယ်တွေ့အတွေ့အကြုံများပင်ဖြစ်သည်။ ထိုကဲ့သို့ သင်ယူခြင်းအားဖြင့် ကလေးများအတွက် လောကကြီးသည် ကျယ်ပြောသထက် ကျယ်ပြောလာမည်မှာ အသေအချာပင်။ စိတ်ဓာတ်နှင့်အတွေးအခေါ်များအားလုံး သိသိသာသာ ကွဲပြားလာမည်ဖြစ်သောကြောင့် အိမ်မှာနေသည့်ကလေးနှင့် ကျောင်းနေသည့် ကလေးတို့၏ကွာဟချက်ကို အချိန်ကြာလာသည်နှင့်အမျှ တွေ့ရမည်ဖြစ်ပါသည်။

ကျောင်းတက်ပြီဆိုသည်နှင့် သတ်မှတ်ထားသည့် ကျောင်းဝတ်စုံကိုဝတ်ရပါမည်။ အခြားကျောင်းသား ကျောင်းသူအတန်းဖော်များနည်းတူ ဘုရားရှိခိုးခြင်း၊ နိုင်ငံတော်သီချင်းသီဆိုခြင်းကာအစ ကျောင်းသန့်ရှင်းရေး၊ အားကစားပြိုင်ပွဲများမှာ ပူးပေါင်းပါဝင်ရပါမည်။ ကျောင်းစည်းကမ်း၊ စာသင်ခန်းစည်းကမ်းများအတိုင်း ဆရာများ၏ သွန်သင်ဆုံးမမှု၊ သင်ကြားမှုများအတိုင်းနေရပါမည်။ အကျိုးဆက်ရလဒ်မှာ ကျောင်းနေသည့်ကလေးသည် အများနှင့်နေထိုင်တတ်သွားမည်၊ စုပေါင်းလုပ်ကိုင်သွားတတ်မည်။ ခေါင်းဆောင်တစ်ဦး၏စိတ်ဓာတ်နှင့် ဦးဆောင်နိုင်၊ တာဝန်ယူလိုသည့် စိတ်ဓာတ်များလည်း ရရှိသွားမှာအမှန်ပင်။ ထို့ကြောင့် အိမ်မှာသာနေသည့်ကလေးများသည် ထိုသို့ အလေ့အကျင့်ကောင်းများမရနိုင်သလို စုပေါင်းစိတ်ဓာတ်၊ စည်းကမ်းတကျ နေထိုင်လုပ်ကိုင်တတ်မှု စသည့် အခြေခံကောင်းများနှင့် ဝေးကွာနေကြခြင်း ဖြစ်ပါသည်။

ကျောင်းမနေဖူးသူထက် မူလတန်းအဆင့်အထိ တက်ရောက်ဖူးသူ၊ မူလတန်းအဆင့် တက်ဖူးသူထက် အလယ်တန်းအဆင့်အထိ တက်ရောက်ဖူးသူများက စည်းကမ်းပိုင်းနှင့် စိတ်ဓာတ်ပိုင်း ပိုကောင်းကြပါမည်။ အထက်တန်းအဆင့်ပြီးသူ၊ တက္ကသိုလ်အဆင့်ပြီးမြောက်သူများက ပို၍ပို၍ ရင့်ကျက်ကောင်းမွန်တတ်ကြပါသည်။ စာသင်ကြားမှုအပိုင်းမှာ မူလတန်း၊ အလယ်တန်း၊ အထက်တန်းဆိုပြီး သတ်မှတ်ထားခြင်းဟာ ကလေးများ၏ အသက်အရွယ်၊ ဉာဏ်ရည်ဖွံ့ဖြိုးမှု၊ အရွယ်ရောက်လာမှု စသည့်အခြေအနေများအပေါ်မူတည်ကာ ခွဲထားခြင်းဖြစ်ပါသည်။ မူလတန်းတွင် “ဝ” လုံးကလေးကို ဝိုင်းဝိုင်းရေးနိုင်အောင်၊ A၊ B၊ C၊ D ရေးနိုင်အောင် သင်ပြကြပါသည်။ ကဗျာတွေ ရွတ်ဆိုခိုင်းကြပါသည်။ အလယ်တန်းရောက်လာသည့်အခါ အဆင့်မြင့်လာပါမည်။ ကလေး၏ စိတ်ပိုင်းနှင့် ဉာဏ်ရည်ဖွံ့ဖြိုးမှုကလည်းမြင့်လာသလို သင်ကြားရသည့်စာများနှင့် ဘာသာရပ်များကလည်း အဆင့်မြင့်လာပါသည်။ အထက်တန်းတွင် ပိုပြီးမြင့်လာပါတော့သည်။ တက္ကသိုလ်ရောက်သည့်အခါတွင် နယ်ပယ်က ပို၍ကျယ်လာပြီး လူမျိုးပေါင်းစုံ၊ ဘာသာပေါင်းစုံ

*စာမျက်နှာ ၇ သို့*

*စာမျက်နှာ ၆ မှ*

အနယ်နယ်အရပ်ရပ်က ရောက်လာကြပြီး ဘာသာရပ်အလိုက် တက်ရောက်သင်ကြားကြပါသည်။ တက္ကသိုလ်ဆိုသည့် အရှိန်အဝါနှင့်အတူ ကျောင်းသားကျောင်းသူတွေလည်း စည်းကမ်းတကျ နေထိုင်ကြရပြီး အတွေးအခေါ်များလည်း စုံလာကြပါသည်။ ကလေးများကျောင်းနေ ပညာသင်ရန်အတွက် နံပါတ်တစ် မိဘက အရေးကြီးပြီး နံပါတ်နှစ် ဆရာဆရာမများက အရေးကြီးကြောင်း ပညာရေးဝန်ထမ်းတစ်ဦး၏ အတွေ့အကြုံအရ သိခဲ့ရပါသည်။

**ကျောင်းနေသည့်ကလေးတစ်ဦး၏**
**စိတ်ဓာတ်နှင့် နှလုံးသားက နူးညံ့သိမ်မွေ့**

သားသမီးများသည် ငယ်ရွယ်စဉ်ကာလမှာ မိဘခိုင်းသည့်အတိုင်း အများအားဖြင့် လုပ်ကြသူများပင်ဖြစ်သည်။ **လမ်းဘေးလေလွင့်နေထိုင်သူ၊ ကော်ရှုသူ၊ တောင်းရမ်းစားသောက်နေသူများမှ အစ ခိုးဆိုးလုယက်၊ မူးယစ်ဆေးဝါးသုံးစွဲနေကြသည့် ကလေးများကိုကြည့်ပါက စာသင်ခန်းနှင့် ဝေးနေကြသူများဖြစ်နေသည်ကို တွေ့ရပါလိမ့်မည်။** ၎င်းတို့သည် အများအားဖြင့် ဖြစ်သလိုနေကြပြီး လူရမ်းကားစရိုက်ဆန်ကြပါသည်။ ထို့ကြောင့် **စာသင်ခန်းထဲက ကလေးနှင့် စာသင်ခန်းပြင်ပက ကလေးများ၏ သဘာဝဟာ လွန်စွာကွာခြားတတ်ကြပါသည်။** ကျောင်းနေသည့် ကလေးတစ်ဦး၏ စိတ်ဓာတ်နှင့် နှလုံးသားက ပို့ဖွံ့ဖြိုးလာကာ မိုက်မိုက်ရိုင်းရိုင်းမဖြစ်တော့ဘဲ နူးညံ့သိမ်မွေ့ကြခြင်းကြောင့်ကလေးများ ကျောင်းနေရေးအတွက် မိဘနှင့်ဆရာများက အရေးကြီးရခြင်းပင် ဖြစ်ပါသည်။ မိဘများကိုယ်တိုင်က ကိုယ့်သားသမီး ပညာရေးနှင့် ပတ်သက်ပြီး "စာသင်တာ အလကားပဲ" ဆိုသည့် အတွေးအခေါ် အယူအဆရှိနေမည်ဆိုပါက ထိုကလေးသည် ကျောင်းစာနှင့် ဝေးနေမည်မှာ သေချာပါသည်။ ပညာတတ်ကြီးဖြစ်ရန် ပို၍ဝေးသွားပေမည်။ ကလေးများ ကျောင်းကိုရောက်လာမည်၊ သင်ကြားပေးမည့်ဆရာ၊ ဆရာမများ၏ သင်ကြားမှု စွမ်းရည်ကလည်း ကောင်းမွန်မည်ဆိုပါက ထိုကလေးများ၏ အနာဂတ်ပညာရေးသည် သေချာပေါက် ကောင်းမွန်တိုးတက်စေပါမည်။ ဘယ်ဗေဒင်မှ မေးစရာမလိုဘဲ ကျွန်တော့်အတွေ့အကြုံအရ သိခဲ့ရသည့်အရာပင်ဖြစ်သည်။

မြန်မာနိုင်ငံရဲ့ ၂၀၁၉ ခုနှစ် ကြားဖြတ်သန်းခေါင်စာရင်းအရ မြန်မာနိုင်ငံမှာ ငါးနှစ်အထက် လူဦးရေ ၄၆ ဒသမ ၄၆၃ သန်းရှိပြီး နိုင်ငံတစ်ဝန်းလုံး ကျောင်းလုံးဝမနေဖူးသူ ၈ ဒသမ ၁ ရာခိုင်နှုန်းရှိကြောင်း သိရပါသည်။ အလယ်တန်းအဆင့်ထိ ပညာသင်ယူခဲ့ဖူးသူ ၁၈ ဒသမ ၂ သန်းခန့်၊ အထက်တန်းပညာသင်ယူခဲ့သူ ခုနစ်သန်းကျော်ခန့်ရှိပြီး လူဦးရေ သုံးသန်းနီးပါးခန့်သာ ဘွဲ့ရရှိခဲ့သည်ကို တွေ့ရပါသည်။ နိုင်ငံ့လူဦးရေနှင့် ယှဉ်လိုက်မယ်ဆိုပါက ကျောင်းနေသူရာခိုင်နှုန်းနှင့် စာတတ်မြောက်သူရာခိုင်နှုန်းက အခုထက်ပိုမိုများပြားရန် လိုနေသေးသည်ကို တွေ့ရပါသည်။ နိုင်ငံတော်အတွင်း ဒေသများအလိုက် ပညာရေး၊ ကျန်းမာရေး၊ စီးပွားရေးနှင့် လူမှုရေးကဏ္ဍများတွင် ကွာဟချက်မကြီးမားစေရန် အသိပညာနှင့် အတတ်ပညာပြည့်စုံသော ပညာတတ်ဦးရေများပြားရန် လိုအပ်သည်မှာ အမှန်ပင်ဖြစ်သည်။ အတန်းပညာရှိမှသာ အသိပညာနှင့် အတတ်ပညာရပ်များကို သင်ယူဖို့လွယ်ကူစေမည်။ ယနေ့အချိန်အခါတွင် မြန်မာနိုင်ငံအနေဖြင့် ပါတီစုံဒီမိုကရေစီစနစ် လမ်းကြောင်းပေါ်တွင် လျှောက်လှမ်းနေခြင်းဖြစ်သောကြောင့် ပြည်သူများ၏ ပညာရေးအဆင့်မြင့်မားမှုသည် ပို၍ပင်အရေးကြီးပါသည်။ မြန်မာနိုင်ငံရှိ တချို့ပြည်နယ်များ၏ ကျေးလက်ဒေသများတွင် ဘာသာစကားအခက်အခဲ၊ ပညာရေးအားပေးမှု အားနည်းချက်နှင့် အခြားလူမှုစီးပွားဘဝအခက်အခဲ အမျိုးမျိုးများကြောင့် ပညာရေးအားနည်းလျက် ရှိနေဆဲဖြစ်သည်ကို တွေ့ရပါသည်။ ဒီမိုကရေစီစနစ်ကို အကောင်အထည်ဖော် ဆောင်ရွက်မည့်သူများ၊ လိုက်နာကျင့်သုံးရမည့်သူများအားလုံးသည် အသိပညာအတတ်ပညာများနှင့် မှန်ကန်သည့် စဉ်းစားတွေးခေါ်နိုင်စွမ်းများရှိရန် အထူးလိုအပ်ပါသည်။ ထို့ကြောင့် နိုင်ငံတစ်ဝန်းလုံးရှိ တိုင်းရင်းသားပြည်သူအားလုံး၏ ပညာရေးအဆင့်အတန်း တိုးတက်မြင့်မားနေမှသာ အခွင့်အရေး၊ လိုက်နာထိန်းသိမ်းရမည့် စည်းကမ်းနှင့်တာဝန်များကို ဆောင်ရွက်နိုင်မည် ဖြစ်ပါသည်။

**နိုင်ငံ့အနာဂတ်အတွက်**
**အခြေခံအုတ်မြစ်ကောင်းများ ချမှတ်**

နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ တာဝန်ယူသည့်ကာလတွင် နိုင်ငံတော်အကြီးအကဲအနေဖြင့် ပညာရေး၏အရေးကြီးပုံကို သတိပြုမိသောကြောင့် နိုင်ငံသားအားလုံး ပညာရည်မြင့်မားလာစေရေး

**"နိုင်ငံတော်အစိုးရအနေဖြင့် ကျောင်းသား ကျောင်းသူများ အတန်းပညာကို အဆင်ပြေစွာသင်ကြားနိုင်ရေးအတွက် စာသင်ကျောင်း၊ စာသင်ဆောင်၊ စာသင်ခန်းများသာမက ကျောင်းစာကြည့်တိုက်၊ သန့်စင်ခန်း၊ ကျောင်းအားကစားရုံ၊ အားကစားကွင်းများ သန့်ရှင်းသပ်ရပ်ကောင်းမွန်ပြီး သင်ထောက်ကူပစ္စည်းများ ပြည့်စုံစေရေးကိုပါ အလေးအနက်ထား ဆောင်ရွက်ပေးနေမှုများသည် နိုင်ငံတော်အစိုးရရဲ့ပညာရေးကို အားပေးအားမြှောက်ပြုနေတဲ့ လုပ်ဆောင်ချက်များအဖြစ် ပေါ်လွင်ထင်ရှားနေသည်ကို သတိထားမိပါသည်။ နိုင်ငံအတွက် အရေးကြီးလှသော အမျိုးသားရေးစိတ်ဓာတ်ကောင်းများကို ကျောင်းနေအရွယ်ကတည်းက ကိန်းအောင်းနေအောင် ပြုစုလေ့ကျင့်ပျိုးထောင်ပေးမှသာ ကလေးများကြီးပြင်းလာသည့်အခါ နိုင်ငံတော်အတွက် အားကိုးအားထားပြုနိုင်သည့် နိုင်ငံသားကောင်းများ ဖြစ်လာကြမှာမလွဲပင်"**

အတွက် ပညာရေးဆိုင်ရာမူဝါဒများ ပြုပြင်ပြောင်းလဲခဲ့သည်ကို တွေ့ရပါသည်။ ကျောင်းနေအရွယ် အားလုံး၊ ပညာသင်ယူရမည့်အရွယ် ကလေးအားလုံး ပညာသင်ယူခွင့်ရှိစေရေးနှင့် KG+9 အထိ မသင်မနေရ ပညာရေးစနစ်များကို ချမှတ်ပေးခဲ့ခြင်းသည် နိုင်ငံ့အနာဂတ်အတွက် အခြေခံအုတ်မြစ်ကောင်းများ ချမှတ်ပေးခြင်းပင်ဖြစ်သည်။ ထို့အပြင် နိုင်ငံတော်၏ အခြေခံစီးပွားရေးဖြစ်သော စိုက်ပျိုးရေးနှင့် မွေးမြူရေးကဏ္ဍများမှ ထုတ်ကုန်များ တိုးတက်မြင့်မားစေရန်အတွက် လိုအပ်သည့် ကျွမ်းကျင်လုပ်သား အရင်းအမြစ်ကောင်းများ ပေါ်ထွက်လာစေရေးရည်ရွယ်ပြီး ယခုအချိန်တွင် ခရိုင် ၈၄ ခုမှာ အခြေခံပညာနှင့် စက်မှု၊ စိုက်ပျိုးရေး၊ မွေးမြူရေးအထက်တန်းကျောင်း ၈၅ ကျောင်း ဖွင့်လှစ်ပေးလျက်ရှိတာကိုလည်း တွေ့ရှိရပါသည်။ နိုင်ငံတော်အစိုးရအနေဖြင့် ကျောင်းသား ကျောင်းသူများ အတန်းပညာကို အဆင်ပြေစွာ သင်ကြားနိုင်ရေးအတွက် စာသင်ကျောင်း၊ စာသင်ဆောင်၊ စာသင်ခန်းများသာမက ကျောင်းစာကြည့်တိုက်၊ သန့်စင်ခန်း၊ ကျောင်းအားကစားရုံ၊ အားကစားကွင်းများ သန့်ရှင်းသပ်ရပ်ကောင်းမွန်ပြီး သင်ထောက်ကူပစ္စည်းများ ပြည့်စုံစေရေးကိုပါ အလေးအနက်ထား ဆောင်ရွက်ပေးနေမှုများသည် နိုင်ငံတော်အစိုးရရဲ့ ပညာရေးကို အားပေးအားမြှောက်ပြုနေတဲ့ လုပ်ဆောင်ချက်များအဖြစ် ပေါ်လွင်ထင်ရှားနေသည်ကို သတိထားမိပါသည်။

ပညာရေးကိုအားလုံးက အားပေးရမည် ဖြစ်သလို အကြောင်းအမျိုးမျိုးကြောင့် ပညာရေးရပ်တန့်သူများကလည်း စာဖတ်ကြရန် အလွန်အရေးကြီးပါသည်။ စာဖတ်သည့်အခါတွင် မိမိနှစ်သက်ရာ၊ ဝါသနာပါရာ မိမိဘဝတက်လမ်းအတွက် အကျိုးရှိစေမည့် မိမိတို့ကျင်လည်ရာ ကဏ္ဍနယ်ပယ်အလိုက် သက်ဆိုင်သည့်စာပေများကို ဖတ်ကြရမည်ဖြစ်ပါသည်။ သုတ၊ ရသ မည်သည့်စာပေပဲဖြစ်ဖြစ် ဖတ်သင့်ပါသည်။ ဗဟုသုတ၊ အကြားအမြင်အတွက် သုတစာပေဖတ်ရမှာဖြစ်သလို စိတ်နှလုံးသား နူးညံ့သိမ်မွေ့ရန် ရသစာပေလည်း ဖတ်ကြရပါမည်။ ရာသီဥတုနှင့် မိုးလေဝသအခြေအနေ၊ သဘာဝဘေး၊ ရေကြီးမှု၊ မီးလောင်မှု၊ ဒေါ်လာဈေး၊ ရွှေဈေး၊ အခြေခံစားသောက်ကုန်နှင့် ကုန်ဈေးနှုန်း၊ နယ်မြေဒေသ အခြေအနေ၊ လမ်းပန်းဆက်သွယ်ရေး စသည့် အခြေအနေများနှင့်ပတ်သက်ပြီး နေ့စဉ်ဖြစ်ပျက်ပြောင်းလဲနေသည့်အကြောင်းအရာများ၊ နေ့စဉ်သတင်းများသည် သုတစာပေများ ဖြစ်ပါသည်။ သုတစာပေကို ဖတ်ရှုလေ့လာခြင်းအားဖြင့် အခြေအနေအရပ်ရပ်နှင့် သတင်းအချက်အလက်၊ အကြောင်းအရာအဖြစ်အပျက်များကို သိလာပါမည်။ သိထားသည့်အတွက် ဆောင်ရန်၊ ရှောင်ရန်၊ ရွေးချယ်စရာ နည်းလမ်းတွေကိုလည်း သိလာကြပါမည်။ ဥပမာ–"မီးရထားလမ်း ရေကျော်နေ၍ ရထားခရီးစဉ်တချို့ ယာယီရပ်ဆိုင်းထား" ဆိုသည့် သတင်းကို ကြိုတင်သိထားမယ်ဆိုပါက မိမိသွားမည့် ခရီးစဉ်တစ်ခုကို ကားလမ်းကြောင်းမှ သွားတာမျိုး၊ သို့မဟုတ် ရထားနှင့်သွားမည့် ခရီးစဉ်ကို ဖျက်လိုက်ခြင်းမျိုး စဉ်းစားဆုံးဖြတ်နိုင်ပေမည်။ ရသစာပေသည် လူတစ်ဦး၏ စိတ်ဓာတ်၊ အယူအဆ၊ အတွေးအခေါ်များကို ပြောင်းလဲသွားစေပြီး နှလုံးသားကို နူးညံ့စေတတ်ပါသည်။ ပြဿနာတစ်ရပ်ရပ်ဖြစ်လာသည့်အခါ၊ သို့မဟုတ် အခက်အခဲတစ်ခုကြုံလာသည့်အခါမျိုးတွင် ဝုန်းခနဲ ဒိုင်းခနဲ ဖြေရှင်းမှုမျိုး မလုပ်ဖြစ်တော့ဘဲ အရာရာကို တည်တည်ငြိမ်ငြိမ် အေးအေးဆေးဆေး ဖြေရှင်းတတ်လာပါသည်။

စာအုပ်စာပေကောင်းများ ဖတ်ရှုရေးနှင့် ပတ်သက်၍လည်း ပြန်ကြားရေးဝန်ကြီးဌာနအပြင် ပြည်သူ့ဆက်ဆံရေးနှင့် စိတ်ဓာတ်စစ်ဆင်ရေး ညွှန်ကြားရေးမှူးရုံးအောက်ရှိ စာပေတိုက်မှ အများသူငါ ဗဟုသုတရရှိစေရေးအတွက် အသိပညာ၊ အတတ်ပညာဆိုင်ရာ စာအုပ်စာပေကောင်းများ စဉ်ဆက်မပြတ် ထုတ်ဝေပေးလျက်ရှိနေသည်ကို တွေ့မြင်ရပါသည်။ အစိုးရနှင့် တပ်မတော်မှသာ မဟုတ်ဘဲ နိုင်ငံသားအားလုံးအတွက် အကျိုးရှိ၊ အဖိုးတန်သော စာအုပ်စာပေကောင်းများကို အရပ်ဘက် ပုဂ္ဂလိကပိုင် စာအုပ်တိုက်များကလည်း ယခုထက်မက ပိုမိုထုတ်ဝေနိုင်ရေး ကြိုးပမ်းစေလိုပါသည်။ ထိုသို့ထုတ်ဝေကြမှသာ စာဖတ်ကြသူများအနေဖြင့် စာအုပ်စာပေကောင်းများ ဖတ်ရှုနိုင်ပြီး ပတ်ဝန်းကျင်တွင်ဖြစ်ပျက်နေသော အကြောင်းအရာများကို မှန်မှန်ကန်ကန် လေ့လာသုံးသပ်နိုင်ပေလိမ့်မည်။ ထိုမှတစ်ဆင့် အသိအမြင်မှန်ကန်စွာဖြင့် လုပ်ကိုင်ဆောင်ရွက်တတ်သော နိုင်ငံ့သားကောင်းများ ဖြစ်လာကြပေမည်။

၂၀၂၂ ခုနှစ် မတ်လ ၂၉ ရက်မှာ ပြုလုပ်သောနိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီအစည်းအဝေး (၃/၂၀၂၂)တွင် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင်က **"အနာဂတ်နိုင်ငံတော်ဟာ ကျွန်တော်တို့သွားချင်တဲ့ ဒီမိုကရေစီဟာ ပညာတတ်တွေ ပေါ်ကြွယ်ဝမှသာ ဒီမိုကရေစီဆိုတာလည်း အဓိပ္ပာယ်ရှိမှာ။ တိုင်းပြည်တိုးတက်ဖို့ဆိုတာကလည်း ပညာတတ်တွေရှိမှပဲ စိတ်ချရလိမ့်မယ်။ ဒါကြောင့် ပညာရေးဟာ တိုင်းပြည်တိုးတက်ရေးအတွက်ရော၊ ဒီမိုကရေစီအရေးအတွက်ရော၊ တိုင်းပြည်အတွက် အဓိကကျတာကိုတွေ့ရပါတယ်။ ပညာရေးမူဝါဒဟာ မဖြစ်မနေချမှတ်ပြီး ဆောင်ရွက်ဖို့လိုတယ်ဆိုတာကို သွားတွေ့ပါတယ်"** ဆိုပြီး ပြောကြားခဲ့သည်ကို မှတ်သားခဲ့ရပါသည်။ နိုင်ငံတော်ဝန်ကြီးချုပ်အနေနဲ့ ပညာရေးဆိုင်ရာ မှန်ကန်သော မူဝါဒများကို ချမှတ်ပေးခဲ့သည့်အပြင် ပညာရေးကဏ္ဍ ဖွံ့ဖြိုးတိုးတက်စေရေးအတွက် ပညာရေးညီလာခံ ကျင်းပပေးခြင်း စသည့် နည်းလမ်းပေါင်းစုံနဲ့ ကြိုးပမ်းဆောင်ရွက်ပေးနေမှုကို ဝမ်းမြောက်ဖွယ်တွေ့မြင်ရပါသည်။ လူငယ်များ ဗလငါးတန်ဖွံ့ဖြိုးစေရေး အားကစား၊ ယဉ်ကျေးမှု စသည့် ကဏ္ဍအသီးသီးကိုလည်း ပံ့ပိုးပေးနေသကဲ့သို့ စာအုပ်စာပေကောင်းများကိုလည်း ကျောင်း၊ အရပ်ဘက်စာကြည့်တိုက်များသို့ အင်တိုက်အားတိုက် လှူဒါန်းပေးလျက် ရှိနေသည်ကိုတွေ့ရပါသည်။ ထိုအရာများအားလုံးသည် ပညာရေးနှင့်ပတ်သက်ပြီး နိုင်ငံတော်အစိုးရ၏ အားပေးအားမြှောက်ခြင်းများဖြစ်သောကြောင့် ကျွန်တော်ကဲ့သို့ အငြိမ်းစားပညာရေးဝန်ထမ်းတစ်ယောက်အတွက်တော့ ပညာရေးကဏ္ဍအတွက် အားရကျေနပ်မုဒိတာပွားမိသည်မှာ အမှန်ပင် ဖြစ်ပါသည်။

နိုင်ငံတစ်နိုင်ငံကို ဖန်တီးပုံဖော်ကြသူများသည် ထိုနိုင်ငံ၏ နိုင်ငံသားများသာဖြစ်ပါသည်။ ကောင်းမွန်သည့် နိုင်ငံသားများကသာ နိုင်ငံကို ဖွံ့ဖြိုးတိုးတက်အောင် တည်ဆောက်နိုင်ကြပါမည်။ စည်းကမ်းလိုက်နာမှု ကောင်းမွန်သည့် လူမျိုးဖြစ်လာစေရန်အတွက် အစပြုလေ့ကျင့်သင်ကြားပေးသည့်နေရာသည် စာသင်ကျောင်းကလွဲပြီး တခြားမရှိနိုင်ပေ။ စာသင်သားကလေးငယ်များကို စာပေပညာတတ်မြောက်ရုံမျှသာမက နိုင်ငံ့သားကောင်း၊ သမီးကောင်းများဖြစ်လာစေရေး သွန်သင်ဆုံးမ နည်းလမ်းပြကြရမည်မှာ ဆရာ ဆရာမများ၏ တာဝန်ပင်ဖြစ်ပါသည်။ "အမျိုးသားစည်းကမ်း အစ စာသင်ကျောင်းက"ဆိုသည့် ဆောင်ပုဒ်သည် ဆရာ ဆရာမ၊ ကျောင်းသူ ကျောင်းသားများနှင့် မိဘများကို အစဉ်စည်းကမ်းရှိနေစေရေး မပြတ်သတိပေး ဆော်ဩနေသော လမ်းညွှန်ဆောင်ပုဒ်သာ ဖြစ်ပါသည်။ စည်းကမ်းကောင်းမွန်သည့်ကျောင်းက ဂုဏ်ဒြပ်ကြီးသလို ထိုကျောင်းမှ ကျောင်းဆရာ၊ ဆရာမတွေကိုလည်း အများက လေးစားကြပါသည်။ ထိုကဲ့သို့ ကျောင်းများတွင် တက်ရောက်ကြရသည့် ကျောင်းသူ ကျောင်းသားများနှင့် မိဘများကလည်း ဂုဏ်ယူကြရပါသည်။ ထို့ကြောင့် ယနေ့အချိန်အခါမှာ နိုင်ငံတော်အစိုးရအနေဖြင့် နိုင်ငံသားများအားလုံး ပညာရည်မြင့်မားရေးကို အားပေးဆောင်ရွက်နေသောကြောင့် စာသင်ကျောင်းများက တာဝန်ရှိသူများအနေဖြင့်လည်း စည်းကမ်း၊ ကျင့်ဝတ်၊ ဥပဒေများကို လေးစားလိုက်နာတတ်သော နိုင်ငံကြီးသားများ လေ့ကျင့်မွေးထုတ်ပေးနိုင်ရေးတာဝန်ကို အလေးအနက်ထားပြီး ဆက်လက်ထမ်းဆောင်ကြဖို့ လိုအပ်တဲ့အကြောင်း လတ်တလော ကြုံတွေ့သိမြင်ခဲ့ရသည်များကတစ်ဆင့် မျှဝေခံစား တင်ပြလိုက်ရပါသည် ခင်ဗျာ။ ။



## ပြည်ထောင်စုဝန်ကြီး ဦးကိုကိုလှိုင် UNHCR ၏ အာရှနှင့်ပစိဖိတ် ဒေသဆိုင်ရာရုံး ညွှန်ကြားရေးမှူးနှင့်အဖွဲ့အား လက်ခံတွေ့ဆုံ

**နေပြည်တော် အောက်တိုဘာ ၃**

နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌရုံးဝန်ကြီးဌာန(၂) ပြည်ထောင်စုဝန်ကြီး ဦးကိုကိုလှိုင်သည် ကုလသမဂ္ဂဒုက္ခသည်များဆိုင်ရာ မဟာမင်းကြီးရုံး (UNHCR) ၏ အာရှနှင့် ပစိဖိတ်ဒေသဆိုင်ရာရုံး၏ ညွှန်ကြားရေးမှူးဖြစ်သူ Ms. Hai Kyung Jun နှင့် အဖွဲ့အား ယနေ့နံနက် ၁၀ နာရီခွဲတွင် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌရုံး ဝန်ကြီးဌာန ဧည့်ခန်းမ၌ လက်ခံတွေ့ဆုံသည်။ **(အပေါ်ပုံ)**

တွေ့ဆုံစဉ် တောင်တရုတ်ပင်လယ်တွင် ဖြစ်ပွားခဲ့သော ရာဂီတိုင်ဖွန်းမုန်တိုင်း၏ သက်ရောက်မှုကြောင့် ဖြစ်ပေါ်ခဲ့သည့် ရေကြီးရေလျှံခြင်းနှင့် သဘာဝဘေးကျရောက်ခဲ့သည့် အခြေအနေများ၊ လက်ရှိအစိုးရ၏ ဆောင်ရွက်လျက်ရှိသည့် အစီအမံများ၊ လူသားချင်းစာနာမှုအကူအညီများကို ဘေးဒဏ်သင့်ဒေသများရှိ ပြည်သူများလက်ဝယ်သို့ **မည်သူတစ်ဦးတစ်ယောက်မျှ မကျန်ရှိစေရေး "မူ"** ဖြင့် ဖြန့်ဖြူးပေးရန် ဆောင်ရွက်နေမှုအခြေအနေများ၊ ပြန်လည်ထူထောင်ရေးလုပ်ငန်းများ ဆောင်ရွက်ရမည့်အခြေအနေများနှင့် ကုလသမဂ္ဂဒုက္ခသည်များဆိုင်ရာ မဟာမင်းကြီးရုံး (UNHCR) အနေဖြင့် သဘာဝဘေးနှင့် ပဋိပက္ခဒဏ်သင့်ဒေသများမှ ပြည်သူများ၏ လူမှုဘဝပြန်လည်ထူထောင်ရေးအပေါ် အကူအညီပေးနိုင်မည့်အခြေအနေများနှင့် မြန်မာနိုင်ငံ၏ သဘာဝဘေးအန္တရာယ်ဆိုင်ရာ စီမံခန့်ခွဲမှုလုပ်ငန်းများ၌ ပူးပေါင်းဆောင်ရွက်နိုင်မည့်အခြေအနေများ၊ ဝန်ကြီးဌာနများနှင့် UNHCR အကြား နားလည်မှုစာချွန်လွှာများ ပုံမှန်သက်တမ်းတိုးဆောင်ရွက်သွားရေးတို့ကို ရင်းနှီးပွင့်လင်းစွာ အကြံပြုဆွေးနွေးခဲ့ကြသည်။

တွေ့ဆုံပွဲသို့ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌရုံးဝန်ကြီးဌာနမှ ညွှန်ကြားရေးမှူးချုပ် ဦးနိုင်ဆွေဦးနှင့် အရာရှိကြီးများ၊ တာဝန်ရှိသူများ တက်ရောက်ခဲ့ကြသည်။ **သတင်းစဉ်**

## ရေဘေးဒဏ် ခံစားရသောဒေသများအတွက် အလှူရှင်များက ဆန်အိတ်များလှူဒါန်း

**နေပြည်တော် အောက်တိုဘာ ၃**

တောင်တရုတ်ပင်လယ်တွင် ဖြစ်ပွားခဲ့သော ရာဂီတိုင်ဖွန်းမုန်တိုင်း၏ သက်ရောက်မှုကြောင့် ရေဘေးဒဏ်ခံစားရသော ဒေသများအတွက် ဆန်အိတ်များပေးအပ်လှူဒါန်းခြင်း အခမ်းအနားကို လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာန၊ သဘာဝဘေးအန္တရာယ်ဆိုင်ရာစီမံခန့်ခွဲမှုဦးစီးဌာန(DMC)၌ ယနေ့မွန်းလွဲပိုင်းတွင် ကျင်းပရာ ပြည်ထောင်စုဝန်ကြီး ဒေါက်တာစိုးဝင်းက လက်ခံရယူခဲ့ပြီး**(အောက်ပုံ)** ကျေးဇူးတင်စကားပြောကြားကာ ဂုဏ်ပြုမှတ်တမ်းလွှာများ ပြန်လည်ပေးအပ်သည်။

### လွှဲပြောင်းပေးအပ်

အမျိုးသား သဘာဝဘေးအန္တရာယ်ဆိုင်ရာ စီမံခန့်ခွဲမှုကော်မတီ၊ နိုင်ငံတကာဆက်ဆံရေးလုပ်ငန်းကော်မတီ (နိုင်ငံခြားရေးဝန်ကြီးဌာန) ၏ ညှိနှိုင်းဆက်သွယ်ပေးမှုဖြင့် ကမ္ဘောဒီးယားနိုင်ငံ DV Group စီးပွားရေးလုပ်ငန်းရှင် ဦးဝမ်ကျားဟွာ(ခ) ဦးမြင့်ဆွေက ငွေကျပ်သိန်း ၂၀၀၀ တန်ဖိုးရှိ ဆန်တန်ချိန် ၁၀၀ နှင့် ညီမျှသည့် ဆန်အိတ်ပေါင်း ၄၀၀၀ နှင့် Senachy Cooperation Co.,Ltd မှ CHEIN CHWIN က ငွေကျပ်သိန်း ၂၀၀ တန်ဖိုးရှိ ဆန်တန်ချိန် ၁၀ တန်နှင့် ညီမျှသည့် ဆန်အိတ်ပေါင်း ၄၀၀ စုစုပေါင်း ဆန်အိတ် ၄၄၀၀ တို့ကို လှူဒါန်းခြင်းဖြစ်၍ အလှူရှင်များကိုယ်စား နိုင်ငံခြားရေးဝန်ကြီးဌာန ညွှန်ကြားရေးမှူးချုပ်နှင့် တာဝန်ရှိသူများ၊ အလှူရှင်များက လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာနသို့ လွှဲပြောင်းပေးအပ်ခဲ့ပြီး ရေဘေးသင့်ဒေသများသို့ အမြန်ဆုံးခွဲဝေပေးပို့သွားမည်ဖြစ်ကြောင်း သိရသည်။ **သတင်းစဉ်**






ပြည်မြို့နယ်၌ သန်းခေါင်စာရင်းကောက်ယူခြင်းလုပ်ငန်းကို ယနေ့တွင် ပြည်မြို့ ရွာဘဲရပ်ကွက်၊ ပြည်သာယာရပ်ကွက်နှင့် နဝဒေးရပ်ကွက်တို့၌ စာရင်းစစ်/စာရင်းကောက်အဖွဲ့များ၏ သန်းခေါင်စာရင်းကောက်ယူနေမှုကို ပြည်ခရိုင် သန်းခေါင်စာရင်းကြီးကြပ်မှုကော်မတီဥက္ကဋ္ဌ ဦးသိန်းအောင်နှင့် တာဝန်ရှိသူများက လိုက်လံကြည့်ရှုအားပေးစဉ်။ ကိုဆက်(ပြန်/ဆက်)



မြဝတီမြို့နယ်၌ သန်းခေါင်စာရင်းကောက်ယူခြင်းလုပ်ငန်းကို ယနေ့တွင် ဆက်လက်ကောက်ယူလျက်ရှိရာ မြဝတီခရိုင် သန်းခေါင်စာရင်းကော်မတီဥက္ကဋ္ဌ ဦးကောင်းစံလင်း၊ လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဝန်ကြီးဌာန ခရိုင်ဦးစီးဌာနမှူး ဦးကျော်ကျော်သန်းနှင့် အဖွဲ့ဝင်များက ကြည့်ရှုအားပေးစဉ်။ ဇာဖြူဝင်း(မြဝတီ)

## တိုင်းဒေသကြီးအစိုးရအဖွဲ့မှ သာစည်မြို့နယ် ရေဘေးသင့်ပြည်သူများအား ထောက်ပံ့ငွေနှင့်ပစ္စည်းများပေးအပ်

**သာစည် အောက်တိုဘာ ၃**

မန္တလေးတိုင်းဒေသကြီး အစိုးရအဖွဲ့မှ သာစည်မြို့နယ် ရေဘေးသင့်ပြည်သူများအား ထောက်ပံ့ငွေနှင့် ထောက်ပံ့ပစ္စည်းများ ပေးအပ်ပွဲ အခမ်းအနားကို အောက်တိုဘာ ၂ရက်က သာစည်မြို့နယ်ခန်းမ၌ ကျင်းပရာ တိုင်းဒေသကြီး ဝန်ကြီးချုပ် ဦးမျိုးအောင်၊ တိုင်းဒေသကြီး ဝန်ကြီးများနှင့် တာဝန်ရှိသူများ၊ ခရိုင်နှင့် မြို့နယ်စီမံအုပ်ချုပ်ရေးအဖွဲ့ဥက္ကဋ္ဌများနှင့် အဖွဲ့ဝင်များ၊ ဌာနဆိုင်ရာများနှင့် ရေဘေးသင့်ပြည်သူများ တက်ရောက်ခဲ့သည်။

### ထောက်ပံ့ပေးအပ်

အခမ်းအနားတွင် တိုင်းဒေသကြီးဝန်ကြီးချုပ်က ရေဘေးသင့်ပြည်သူများအတွက် နိုင်ငံတော်နှင့် တိုင်းဒေသကြီးအစိုးရအဖွဲ့မှ ဆောင်ရွက်ပေးနေမှုများ၊ ဆက်လက် ဆောင်ရွက်ပေးသွားမည့်အကြောင်းများနှင့် အားပေးစကားများ ပြောကြားသည်။

ထို့နောက် တိုင်းဒေသကြီးဝန်ကြီးချုပ်က သာစည်မြို့နယ်အတွင်း ရေဘေးသင့်သေဆုံးသူ ကိုးဦးအတွက် ထောက်ပံ့ငွေကျပ် ၇၂၀၀၀၀၀ ကို မြို့နယ်စီမံအုပ်ချုပ်ရေးအဖွဲ့ဥက္ကဋ္ဌ ဦးမျိုးသက်ကျော်ထံသို့လည်းကောင်း၊ ရေဘေးသင့် အိမ်ထောင်စုများအတွက် ကယ်ဆယ်ရေးပစ္စည်းများ၊ နိုင်ငံသား စိစစ်ရေးကတ်မိတ္တူနှင့် ပုံစံ (၆၆/၆) မိတ္တူများကိုလည်းကောင်းပေးအပ်ပြီး တိုင်းဒေသကြီးဝန်ကြီးများ၊ တိုင်းဒေသကြီး မိခင်နှင့် ကလေးစောင့်ရှောက်မှုကြီးကြပ်ရေးအဖွဲ့နာယက၊ တိုင်းဒေသကြီး အမျိုးသမီးရေးရာအဖွဲ့ဥက္ကဋ္ဌ နှင့်တာဝန်ရှိသူများက ဆန် ၆၅၆ အိတ်၊ စည်သွတ်ဘူး ၉၈၀၆ ဘူး၊ ခေါက်ဆွဲခြောက် ၂၂၃၂၇၀၊ စားဆီ ၁၆ ဖာ၊ ရေသန့်ကတ် ၅၂၀၊ တီရှပ်အထည် ၄၀၀ ၊ ကျားမဝတ်အင်္ကျီအထည် ၁၁၀၀၊ ခေါင်းအုံးအလုံး ၄၀ ၊ မျိုးစပါး အိတ် ၅၀ ၊ ရေဆင်း(၁) စပ်မျိုးနေကြာ ၁၀ အိတ်နှင့်ဆေးဖျန်းပုံး ၅၀ တို့အား ထောက်ပံ့ပေးအပ်သည်။

ထို့နောက် တိုင်းဒေသကြီး ဝန်ကြီးချုပ်က ရေဘေးသင့်ပြည်သူများအား ရင်းရင်းနှီးနှီး နှုတ်ဆက် အားပေးစကားများ ပြောကြားခဲ့ကြောင်း သိရသည်။ **မြို့နယ်(ပြန်/ဆက်)**



## ဘင်္ဂလားပင်လယ်အော် အခြေအနေ

**နေပြည်တော် အောက်တိုဘာ ၃**

ဘင်္ဂလားပင်လယ်အော်အခြေအနေမှာ ဘင်္ဂလားပင်လယ်အော်အရှေ့မြောက်ပိုင်းတွင် တိမ်ထူထပ်နေပြီး ကပ္ပလီပင်လယ်ပြင်နှင့် ကျန်ဘင်္ဂလားပင်လယ်အော်တို့တွင် မုတ်သုံလေ အားအသင့်အတင့်ရှိနေသည်။ မိုး/ဇလ

# ဥပဒေဘောင်အတွင်း ဝင်ရောက်လာသည့် ပြစ်မှုကျူးလွန်ခြင်းမရှိခဲ့သော PDF အဖွဲ့ဝင်များအား ၎င်းတို့၏မိဘအုပ်ထိန်းသူများထံ ထပ်မံလွှဲပြောင်းပေးအပ်

**နေပြည်တော် အောက်တိုဘာ ၃**
တိုင်းရင်းသားလက်နက်ကိုင် အဖွဲ့နယ်မြေများအတွင်း သင်တန်းများတက်ရောက်ခဲ့ပြီး ပြစ်မှုကျူးလွန်ခြင်းမရှိခဲ့သည့် ဥပဒေဘောင်အတွင်း ဝင်ရောက်လာသော PDF အဖွဲ့ဝင်များအား ပြန်လည်ကြိုဆိုလက်ခံပွဲကို အောက်တိုဘာ ၂ ရက် နံနက်ပိုင်းတွင် ရန်ကုန်တိုင်းဒေသကြီးအစိုးရအဖွဲ့ရုံး မင်္ဂလာခန်းမ၌ပြုလုပ်ရာ တိုင်းဒေသကြီးဝန်ကြီးချုပ် ဦးစိုးသိန်း၊ ရန်ကုန်တိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်ချုပ်ဇော်ဟိန်းနှင့် ဌာနဆိုင်ရာတာဝန်ရှိသူများ၊ ဥပဒေဘောင်အတွင်း ဝင်ရောက်လာသော PDF အဖွဲ့ဝင်များနှင့် ၎င်းတို့၏ မိဘအုပ်ထိန်းသူများ တက်ရောက်ကြသည်။

ဦးစွာ တိုင်းဒေသကြီးဝန်ကြီးချုပ်က အမှာစကားပြောကြားသည်။ ထို့နောက် ဥပဒေဘောင်အတွင်း ပြန်လည်ဝင်ရောက်ခဲ့သည့် PDF အဖွဲ့ဝင် အမျိုးသား ၁၃ ဦးတို့အား တာဝန်ရှိသူများက ဝန်ခံကတိလက်မှတ်ရေးထိုးစေပြီး ၎င်းတို့၏ မိဘအုပ်ထိန်းသူများထံသို့ လွှဲပြောင်းအပ်နှံကာ ထောက်ပံ့ပစ္စည်းများ ပေးအပ်သည်။ ယင်းနောက် ဥပဒေဘောင်အတွင်း ပြန်လည်ဝင်ရောက်ခဲ့သည့် ပြစ်မှုကျူးလွန်ခြင်းမရှိသော PDF သင်တန်းဆင်းလူငယ်များ၏ မိသားစုဝင်များကိုယ်စား အုပ်ထိန်းသူတစ်ဦးက ကျေးဇူးတင်စကားပြန်လည်ပြောကြားသည်။ ထို့နောက် တိုင်းဒေသကြီးဝန်ကြီးချုပ်၊ တိုင်းမှူးနှင့် တာဝန်ရှိသူများက ဥပဒေဘောင်အတွင်း ပြန်လည်ဝင်ရောက်လာသူများနှင့် မိသားစုဝင်များအား ရင်းရင်းနှီးနှီး တွေ့ဆုံနှုတ်ဆက်ခဲ့ပြီး (ဝဲပုံ) စားသောက်ဖွယ်ရာများဖြင့် ဧည့်ခံခဲ့ကြသည်။



PDF အပါအဝင် အဖွဲ့အစည်းအမျိုးမျိုးတို့အနေဖြင့် နိုင်ငံတော်၏ရှေ့လုပ်ငန်းစဉ်များတွင် ပါဝင်ပူးပေါင်းဆောင်ရွက်နိုင်ရေး သတ်မှတ်စည်းကမ်းချက်များနှင့်အညီ ဥပဒေဘောင်အတွင်းသို့ လက်နက်အပ်နှံပြီး ပြည်သူ့ဘဝသို့ ပြန်လည်ဝင်ရောက်ခြင်းပြုမည်ဆိုပါက ကြိုဆိုလက်ခံသွားမည်ဖြစ်ကြောင်း၊ နိုင်ငံတော်အစိုးရက ထုတ်ပြန်ထားပြီးဖြစ်ရာ ပြစ်မှုကျူးလွန်ခဲ့ခြင်းမရှိသော PDF အဖွဲ့ဝင်များက တိုင်းဒေသကြီးနှင့်ပြည်နယ်အသီးသီး၌ ဥပဒေဘောင်အတွင်း ပြန်လည်ဝင်ရောက်လျက်ရှိကြသဖြင့် သက်ဆိုင်ရာတာဝန်ရှိသူများက ၎င်းတို့၏ မိဘအုပ်ထိန်းသူများထံသို့ လွှဲပြောင်းအပ်နှံပေးလျက်ရှိကြောင်း သတင်းရရှိသည်။ **သတင်းစဉ်**

---

*** ရွှေဖုံးမှ**

မြန်မာ့မီးရထား အနေဖြင့် ရထားလမ်းနှင့် တံတားများ ပြင်ဆင်မွမ်းမံမှုကို လူအင်အား၊ ပစ္စည်း အင်အား၊ ထိရောက်သော ထောက်ပံ့ပို့ဆောင်ရေးအစီအစဉ်တို့ဖြင့် စနစ်တကျစီမံကြီးကြပ်ဆောင်ရွက်ခဲ့မှုကြောင့် စက်တင်ဘာ ၂၁ ရက်မှစ၍ ရန်ကုန် - မန္တလေးလမ်းပိုင်း၌ ရန်ကုန် - သာစည်၊ သာစည် - ရန်ကုန်ခရီးစဉ်အဖြစ် အမှတ်(၁၁)အဆန်/(၁၂) အစုန်လူစီးအမြန်ရထားကို စတင်ပြေးဆွဲပေးနိုင်ခဲ့သည်။

ရေတိုက်စားမှုကြောင့်ပျက်စီးသွားသည့် ဝမ်းတွင်းမြို့နယ် သဲတောနှင့်သပြေတောင်းအကြား ရထားလမ်းပိုင်းနှင့် မိုင်တိုင် (၃၃၃/၁) ရှိ အဆန်လမ်းတံတား အမှတ် (၆၉၁) ၏ ကမ်းကပ်ခုံ ရေတိုက်စားခံရခြင်း၊ အစုန်လမ်းတံတားအမှတ်(၆၉၁) ၏ ပေ ၄၀ သံပေါင်လေးခု ရေထဲပြုတ်ကျခြင်း၊ အဆန်လမ်း / အစုန်လမ်း ရထားလမ်းတာပေါင်ရေတိုက်စားခံရခြင်းများတွင် အဆန်လမ်းတံတားအမှတ်(၆၉၁) ကို ယာယီတံတား ဘေလီသံပေါင်နှင့် Steel Girder များ ထည့်သွင်းခြင်း၊ ရေတိုက်စားတာပေါင်များကို သံလမ်းဖြုတ်သိမ်း၍ သဲအိတ်စီထပ်ခြင်း၊ (၆ x ၉) လက်မ ကျောက်ကြီးများ ထည့်သွင်းခြင်း၊ မြေဖို့ခြင်းများ ဆောင်ရွက်ပြီးနောက် သံလမ်းပြန်လည်ခင်းခြင်း၊ ရေတိုက်စားနေရာများတွင် သစ်သားဖား ထပ်ခွေယာယီဆောင်ရွက်ခြင်း စသည့်အကြီးစား ပြင်ဆင်မွမ်းမံမှုများကို ဆောင်ရွက်ခဲ့ရသည်။

အဆိုပါ လုပ်ငန်းဆောင်ရွက်နေမှုများကိုလည်း နိုင်ငံတော် အကြီးအကဲကိုယ်တိုင် စက်တင်ဘာ ၂၉ ရက်တွင် လာရောက်ကြည့်ရှုစစ်ဆေးကာ တာဝန်ရှိသူများကို လိုအပ်သည်များလမ်းညွှန်မှာကြားခြင်း၊ ပံ့ပိုးဖြည့်ဆည်းပေးခြင်းများ ပြုလုပ်ပေးခဲ့သည်။ မြန်မာ့မီးရထားမှတာဝန်ရှိသူများနှင့် ဝန်ထမ်းများ၏ အားထုတ်ကြိုးပမ်း ပြုပြင်ဆောင်ရွက်ပေးခဲ့မှုများကြောင့် အောက်တိုဘာ ၂ ရက် ည ၇ နာရီ ၂၆ မိနစ်တွင် သဲတော - သပြေတောင်းအကြား အဆန်လမ်း ပြန်လည်ဖွင့်လှစ်နိုင်ခဲ့ပြီဖြစ်၍ ရန်ကုန် - မန္တလေး အမှတ်(၁၁)အဆန်နှင့် မန္တလေး - ရန်ကုန် အမှတ်(၁၂) အစုန်လူစီး အမြန်ရထားများ၊ ရန်ကုန် - မန္တလေး အမှတ်(၁)အဆန်၊ မန္တလေး - ရန်ကုန် အမှတ်(၂) အစုန် စာပို့ရထားခရီးစဉ်များကို ယနေ့မှ စတင်ပြေးဆွဲပေးလျက်ရှိကြောင်းနှင့် ကုန်ရထားများကိုလည်း အောက်တိုဘာ ၄ ရက်မှ စတင်၍ ပုံမှန်ပြန်လည်ပြေးဆွဲပေးသွားမည်ဖြစ်ကြောင်း သိရသည်။

မြန်မာ့မီးရထား အနေဖြင့် ပြည်သူများ ခရီးသွားလာမှု လွယ်ကူ အဆင်ပြေစေရေးနှင့် ကုန်စည်စီးဆင်းမှု မြန်ဆန်စေရေး အတွက် ရထားလမ်းပိုင်းအသီးသီးတွင် လူစီးရထားနှင့် ကုန်ရထားများ ပြေးဆွဲပေးခြင်းကို ဆောင်ရွက်ပေးလျက်ရှိရာ ရန်ကုန်-မန္တလေး ရထားလမ်းပိုင်းအတွင်း ရေကြီးရေလျှံမှုဖြစ်ပွား၍ ရထားလမ်း၊ တံတားများ ထိခိုက်ပျက်စီးသွားမှုကြောင့် ယာယီရပ်နားခဲ့ရသည့် ရန်ကုန်-မန္တလေး ခရီးစဉ်အမှတ်(၁၁)အဆန်/(၁၂) အစုန် လူစီးအမြန်ရထားနှင့် အမှတ်(၁)အဆန်/(၂)အစုန်စာပို့ရထားတို့ကို မူလပြေးဆွဲချိန်များအတိုင်း ဆက်လက်ပုံမှန် ပြေးဆွဲပေးသွားမည်ဖြစ်ကြောင်း သတင်းရရှိသည်။ **သတင်းစဉ်**



စမုံ-သပြေတောင်းအကြား တံတားအမှတ် ၆၉၁ အဆန်လမ်း မန္တလေးဘက်ခြမ်းရေတိုက်စား၍ ပြန်လည်ပြုပြင်မှု။



ရွှေတောင်မြို့နယ် ရပ်ကွက်နှင့်ကျေးရွာအုပ်စုများတွင် သန်းခေါင်စာရင်း ကောက်ယူခြင်းလုပ်ငန်းများကို ယနေ့တွင် ဆက်လက်ကောက်ယူရာ ပြည်ခရိုင် သန်းခေါင်စာရင်းကော်မတီဥက္ကဋ္ဌ ဦးသိန်းအောင်နှင့် လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဝန်ကြီးဌာန ခရိုင်ဦးစီးမှူး ဦးရဲနောင်နှင့်အဖွဲ့ဝင်များ၊ မြို့နယ် သန်းခေါင်စာရင်းကော်မတီဥက္ကဋ္ဌ ဦးဟံဝင်းအောင်နှင့် မြို့နယ်လူဝင်မှုကြီးကြပ်ရေးနှင့်ပြည်သူ့အင်အားဝန်ကြီးဌာန မြို့နယ်ဦးစီးမှူး ဦးသန်းထူးနှင့်အဖွဲ့ဝင်များက လိုက်လံစစ်ဆေးစဉ်။ ကိုကိုမင်း (ပြန်/ဆက်)

---

## စစ်တောင်းမြစ်ရေ တောင်ငူမြို့နှင့် မဒေါက်မြို့တို့၌ စိုးရိမ်ရေမှတ်အထက်သို့ နှစ်လက်မခန့် ကျော်လွန်ရောက်ရှိနေ

**နေပြည်တော် အောက်တိုဘာ ၃**
ယနေ့ နံနက် ၇ နာရီခွဲ တိုင်းထွာချက်အရ စစ်တောင်းမြစ်ရေသည် တောင်ငူမြို့တွင် ယင်းမြို့၏ စိုးရိမ်ရေမှတ်အထက်သို့ နှစ်လက်မခန့် ကျော်လွန်ရောက်ရှိနေသည်။ အဆိုပါမြစ်ရေသည် နောက်တစ်ရက်အတွင်း ပေဝက်ခန့် မြင့်တက်လာနိုင်ပြီး ယင်းမြို့၏ စိုးရိမ်ရေမှတ်အထက် ဆက်လက်တည်ရှိနိုင်သည်။

စစ်တောင်းမြစ်ရေသည် မဒေါက်မြို့တွင် ယင်းမြို့၏ စိုးရိမ်ရေမှတ်အထက်သို့ နှစ်လက်မခန့် ကျော်လွန်ရောက်ရှိနေသည်။ အဆိုပါမြစ်ရေသည် နောက်တစ်ရက်အတွင်း စိုးရိမ်ရေမှတ်အောက်သို့ ပြန်လည်ကျဆင်းနိုင်သည်။

သို့ဖြစ်ပါ၍ တောင်ငူမြို့နယ်အတွင်းရှိ မြစ်ကမ်းအနီးနှင့် မြေနိမ့်ပိုင်းနေထိုင်သူများအနေဖြင့် ရေဘေးလွတ်ရာနေရာများသို့ ရှောင်ရှားနိုင်ပါရန် သတိပေးနှိုးဆော်အပ်ပါသည်။ **မိုး/ဇလ**

---



## ရေတိုက်စားပျက်စီးခဲ့သည့် မုံပင်ကျေးရွာ လူကူးတံတား ပြန်လည်ပြုပြင်နိုင်ရေးကွင်းဆင်းစစ်ဆေး

**သာစည် အောက်တိုဘာ ၃**
သာစည်မြို့နယ် ကျေးလက်လမ်းဖွံ့ဖြိုးရေးဦးစီးဌာနမှ ရေတိုက်စားပျက်စီးသွားသည့် မုံပင်ကျေးရွာလူကူးတံတား ပြန်လည်ပြုပြင်နိုင်ရေးအတွက် ယမန်နေ့က တာဝန်ရှိသူများ ကွင်းဆင်းစစ်ဆေးခဲ့သည်။

ထိုသို့ကွင်းဆင်းစစ်ဆေးရာတွင် ကျေးလက်လမ်းဖွံ့ဖြိုးရေးဦးစီးဌာနမှ ဒုတိယညွှန်ကြားရေးမှူးချုပ် ဦးနေဦးသည် မိတ္ထီလာခရိုင်လက်ထောက်ညွှန်ကြားရေးမှူး၊ သာစည်မြို့နယ် ဦးစီးအရာရှိ(မြို့ပြ) တို့နှင့်အတူ သာစည်မြို့နယ်အတွင်း မိုးအဆက်မပြတ် ရွာသွန်းမှုကြောင့် တောင်ကျချောင်းရေနှင့် အတူရေတိုက်စား၍ကြမ်းခင်း မျောပါပျက်စီးသွားခဲ့သည့် မုံပင် - သဲလုံးချောင်း လူကူးတံတား အရှည်ပေ ၁၂၀၊ အကျယ် ၆ ပေရှိသည့် လူကူးတံတားပြန်လည်ပြုပြင်နိုင်ရေး ကွင်းဆင်းစစ်ဆေးခဲ့ရာ အဆိုပါကျေးရွာရှိ အိမ်ခြေ ၆၄ အိမ်၊ လူဦးရေ ၃၀၄ ဦးတို့ ပြန်လည်အသုံးပြုနိုင်ရေးနှင့် လမ်းပန်းဆက်သွယ်ရေးပြတ်တောက်မှုမရှိစေရေးအတွက် တည်ဆောက်ရေးလုပ်ငန်းများ အမြန်ဆုံးဆောင်ရွက်သွားနိုင်ရေး မြေပြင်အခြေအနေများကို ကွင်းဆင်းကြည့်ရှုခဲ့ကြောင်း သိရသည်။ (ဝဲပုံ) **မြို့နယ်(ပြန်/ဆက်)**

၂၀၂၄ ခုနှစ် အောက်တိုဘာလ ၅ ရက် ကမ္ဘာ့ဆရာများနေ့ အကြိုဂုဏ်ပြုဆောင်းပါး

# ကျောင်းဆရာဆိုတာ နိုင်ငံကာကွယ်ရေးမှာလည်း တာဝန်ရှိသူများပါ

ဒေါက်တာမောင်သင်း

*(ယမန်နေ့မှအဆက်)*

**(င) အစမ္မကိုတွန်းလှန်ပြီး ဓမ္မလွှမ်းမိုးရေးကို တာဝန်ယူနေကြသူများ**

ကမ္ဘာ့နိုင်ငံများအချင်းချင်း ဖြစ်ပွားနေသော စစ်ပွဲများ၊ ပြည်တွင်းစစ်များနှင့် ပြည်သူများအကြား မပြေလည်မှုများ၊ ပဋိပက္ခများ၊ အဓိကရုဏ်းများ ဖြစ်နေကြခြင်းသည် အစွန်းရောက်မှု အယူအဆများ အားကြီးပြီး တရားမျှတမှု အားနည်းခြင်းကြောင့်ပါ။ ပြီးတော့ တစ်ဦးအပေါ်တစ်ဦး ယုံကြည်မှုအားနည်းကြသည်လည်း ပါပါသည်။ ထိုအဖြစ်မျိုးကို ပညာကိုယ်ခံစွမ်းအား ကျဆင်းနေသော ဒေသများတွင် တွေ့ရပါသည်။ အာဖရိကနှင့် အရှေ့ဥရောပနိုင်ငံများက ထင်ရှားသော သာဓကများပါ။ ပညာရည်မြင့်မားသည့် ဒေသများတွင် မတွေ့ရပါ။ အနောက်ဥရောပနိုင်ငံများ၊ ကနေဒါနှင့် ဖွံ့ဖြိုးတိုးတက်နေသော နိုင်ငံများက သက်သေခံနေပါသည်။ ဘက်စုံအတွေးအခေါ်မှန်ကန်သည့် ပညာဉာဏ်ရင့်သန်မှုသည် ပဋိပက္ခကင်းဝေးရေး၏ အခြေခံအုတ်မြစ်ပါ။ တပည့်များကို သူ့ဘက်၊ ကိုယ့်ဘက် တွေးတတ်၊ မြော်မြင်တတ်သော မျိုးဆက်များအဖြစ် လေ့ကျင့်နိုင်သည့်သူများက ကျောင်းဆရာများပါပဲ။

ထိုသို့ ကမ္ဘာ၌ ပညာမဲ့မှုကြောင့် အဓမ္မလွှမ်းမိုးသည်ကို မျိုးဆက်တစ်ခုပြီးတစ်ခု ပညာစွမ်းအားဖြင့် တိုက်ဖျက်နိုင်စွမ်းရှိသည့်သူများမှာ **"ကျောင်းဆရာ"**များဆိုတာ အသိအမှတ်ပြုပြီး ကုလသမဂ္ဂအဖွဲ့ကြီး၏ လက်အောက်ခံအဖွဲ့လေးဖွဲ့က အောက်တိုဘာလ ၅ ရက် ကို **"ကမ္ဘာ့ဆရာများနေ့"** အဖြစ် သတ်မှတ်ဂုဏ်ပြုခဲ့ကြပါသည်။ ငြိမ်းချမ်းရေးကို တည်ဆောက်ပြီး ကာကွယ်ထိန်းသိမ်းကြမည့် ငြိမ်းချမ်းရေးဗိသုကာများက ကျောင်းဆရာများဖြစ်သည်ဟု ခံယူထားကြလို့ပါ။

လူ့အဖွဲ့အစည်းတွင် အစွန်းရောက်မှုကင်းဝေးရေးနှင့် တရားမျှတမှုများ လွှမ်းမိုးရေးမှာ ကျောင်းဆရာများက လေ့ကျင့်ပေးလိုက်သည့် မျိုးဆက်သစ်များ၏ လူမှုပြဿနာအဝဝကို ဓမ္မဓိဋ္ဌာန်ကျနစွာ ချဉ်းကပ်နိုင်မှုစွမ်းအားပေါ် မှီတည်နေပါသည်။ ကျောင်းဆရာများက ခေတ်အဆက်ဆက်တွင် ပြည်သူများကို **"အသိဉာဏ်ဖွင့်၊ ဉာဏ်ပညာမြှင့်တင်ပေးရင်း လူအချင်းချင်း ဒုက္ခရောက်စေမည့် အဓမ္မဖြစ်ရပ်များ ကင်းစင်ပပျောက်စေပြီး တရားမျှတမှု (ဓမ္မ) လွှမ်းမိုးအောင် တာဝန်ယူနေကြသူတွေပါ။"** ကျောင်းဆရာသည် တပည့်များကို လိမ္မာယဉ်ကျေးကာ နူးညံ့စိတ်ထားတွေ ပိုင်ဆိုင်အောင်လေ့ကျင့်ပေးပြီး လူ့ဘောင်လောက ထာဝရငြိမ်းချမ်းသာယာအောင် ဆောင်ရွက်နေကြသူများပါ။

**(စ) ဒီမိုကရေစီအရည်အသွေးပြည့် နိုင်ငံသားတွေ မွေးထုတ်ပေးနေသူများ**

မြန်မာ့လူ့အဖွဲ့အစည်းကို ဒီမိုကရေစီရှင်သန်ဖို့ အလေးပေးနေသည့် အချိန်တွင် ကျောင်းဆရာက ဒီမိုကရေစီ၏ **"စိတ်ထား"**၊ **"စံ"**၊ **"အကျင့်"** များကို မျိုးဆက်သစ်များတွင် ကြွယ်ဝနေအောင် မလွဲမသွေ လေ့ကျင့်ပေးရပါလိမ့်မည်။ ထိုသို့ လေ့ကျင့်ရာတွင် တပည့်များကို သည်းခံစိတ်ရှိအောင်၊ ကိုယ်နှင့် အမြင်မတူသောသူများအပေါ် နားလည်စာနာမှုထားတတ်အောင် လေ့ကျင့်ပေးနိုင်ရပါမည်။ သို့မှသာ ငါသာအမှန်ဟူသော အယူမှား ဒိဋ္ဌိမာနတို့ကို လျှော့ချနိုင်ပြီး တစ်ဖက်သားကို နားလည်ပေးနိုင်သူ၊ စာနာစိတ်ရှိသူများ အနာဂတ်လူ့ဘောင်တွင် ပေါ်ကြွယ်ဝနေပါမည်။ ထိုသူများကသာ လူ့ဘောင်ငြိမ်းချမ်းအောင် ဆောင်ရွက်နိုင်လို့ပါ။

တပည့်များကို ဘဝနောက်ခံမတူ၊ ကွဲပြားသူများနှင့် ဘုံရည်မှန်းချက်အတွက် အတူတကွ ပူးပေါင်းအလုပ်လုပ်တတ်အောင် လေ့ကျင့်ပေးရပါမည်။ ကျောင်းကောင်စီဖွဲ့စည်းပြီး အတန်းအကျိုး၊ ကျောင်းအကျိုးသယ်ပိုးနိုင်စွမ်းရှိသူ ကျောင်းသားကိုယ်စားလှယ်ကောင်းကို ရွေးချယ်တတ်သော အလေ့အကျင့်ကောင်းများရအောင် ဖန်တီးပေးရပါမည်။ အသင်းစွဲ၊ အတန်းစွဲ၊ ကျောင်းစွဲမှသည် ပါတီစွဲ၊ ဂိုဏ်းဂဏစွဲများကြောင့် ပဋိပက္ခများကို ဖြစ်ပေါ်စေခြင်းမှ ကင်းနိုင်သမျှကင်းအောင် ရှောင်ရှားနိုင်ပြီး မျိုးဆက်သစ်များကို ယထာဘူတကျကျ တွေးခေါ်တတ်အောင် သင်ကြားလေ့ကျင့်ပေးရန် ကျောင်းဆရာတွေမှာ အဓိကတာဝန်ရှိပါသည်။

ပါတီ၊ အဖွဲ့အစည်း၏ အထက်တွင် နိုင်ငံရှိသည်ဆိုတာနှင့် နိုင်ငံ၏ လွတ်လပ်မှုနှင့် အချုပ်အခြာအာဏာတည်မြဲမှုက ပါတီတိုင်းတွင် တာဝန်ရှိပြီး ယင်းကို ထိန်းသိမ်းရန် အရေးကြီးကြောင်း မဖြစ်မနေသင်ကြားပေးရပါမည်။ အငြင်းပွားစရာကိစ္စများ ပေါ်ပေါက်လာလျှင် ကျောင်းဆရာက အဂတိတရားကင်းကင်းဖြင့် သမာသမတ်ရှိရှိ အဖြေရှာပေးခဲ့ရပါမည်။ ကျောင်းဆရာ၏ တွေးခေါ်စဉ်းစားချဉ်းကပ်ပုံမှာ သိပ္ပံနည်းကျရမည်၊ ဓမ္မဓိဋ္ဌာန်ဖြစ်ရပါမည်။ အဂတိတရားလေးပါးဖြစ်သည့် ဆန္ဒာဂတိ၊ ဒေါသာဂတိ၊ မောဟာဂတိ၊ ဘယာဂတိ ကင်းရှင်းစွာ သင်ပေး၊ အဖြေရှာပေးပြီး အဆိုပါ တရားလေးပါးကင်းစွာ ပြုမူနေထိုင်တတ်သူဖြစ်အောင် လေ့ကျင့်ပေးရပါလိမ့်မည်။ ဤသည်မှာ ဒီမိုကရေစီပြည့်ဝသည့် နိုင်ငံသားကောင်း၏ အကျင့်နှင့် လက္ခဏာပါ။




မြန်မာတို့၏ ပန်းတနော် အမျိုးသားကျောင်းအုပ်ဆရာကြီး ဦးသန့်က **"ကျောင်းတွင်း ဒီမိုကရေစီသည် ဒီမိုကရေစီနိုင်ငံ၏ အခြေခံအုတ်မြစ်ကြီးသာလျှင်ဖြစ်၏"**ဟူ၍ ခေတ်ကိုကြိုမြင်ကာ မီးမောင်းထိုးပြခဲ့ပါသည်။ ကျောင်းတွင်းဒီမိုကရေစီမှသည် မြန်မာ့ဒီမိုကရေစီ လူ့အဖွဲ့အစည်းဆီသို့ ကြွားဝင့်စွာ ချီတက်နိုင်အောင် ဦးဆောင်လမ်းပြနေသူများကား ကျောင်းဆရာများပါ။ မြန်မာ့လူ့အဖွဲ့အစည်းရဲ့ ဒီမိုကရေစီပန်းတိုင်ကို ချီတက်ရာလမ်းတွင် ခလုတ်တံသင်း ကင်းဝေးအောင် ကြိုးပမ်းမည့်သူများက ကျောင်းဆရာများပင်ဖြစ်ပါသည်။ ထိုသို့ ကြိုးပမ်းနိုင်ရန် **"ဒီမိုကရေစီအစစာသင်ကျောင်းက"** ဆိုသည်ကို ကျောင်းဆရာများက လေးနက်စွာခံယူပြီး မိမိကိုယ်တိုင်ကလည်း လက်တွေ့ကျင့်သုံးနေမှသာ မြန်မာ့ဒီမိုကရေစီခရီးလမ်းလည်း ဖြောင့်ဖြူးသာယာပါလိမ့်မည်။

**(ဆ) ဘိုးဘွားအမွေအစစ်ကို ထိန်းသိမ်းမြှင့်တင်စောင့်ရှောက်နေသူများ**

ခေတ်အဆက်ဆက် တည်တံ့ခဲ့သည့် ပညာရေး၏ ရည်ရွယ်ချက်နှစ်ချက်မှာ–

(က) လူမျိုးတိုင်းက မိမိ၏ဘိုးဘွားအမွေအနှစ်ကို မြတ်နိုးတတ်၊ ချစ်တတ်ပြီး ကာကွယ်စောင့်ရှောက်တတ်မှုရှိအောင် လေ့ကျင့်ပေးရန်၊

(ခ) နောက်မျိုးဆက်သစ်များအတွက် ကောင်းမွန်သော အမွေအနှစ်များ လက်ဆင့်ကမ်းထားရစ်ခဲ့ရန်ဆိုသည့် ခံယူချက်ရှိသူများ မွေးထုတ်ပေးရန်...တို့ ဖြစ်ပါသည်။

**"ဘိုးဘွားအမွေစစ်"** အဓိပ္ပာယ်အစစ်အမှန်ကို ကျောင်းဆရာများက တပည့်မျိုးဆက်သစ်များကို ရှင်းပြ၊ သင်ပြပေးရပါမည်။ ပြီးတော့ ဘာကြောင့် ထိုအမွေကို ချစ်ထိုက်၊ မြတ်နိုးထိုက်ပြီး မပျောက်ပျက်အောင် ထိန်းသိမ်းရမည့် တာဝန်ရှိကြောင်းကိုပါ သင်ပေးရပါမည်။ ထိန်းသိမ်းရုံနှင့်တင် မပြီးသေးပါ။ မိမိလက်ခံရရှိသော ဘိုးဘွားအမွေအနှစ်များကိုလည်း သားစဉ်မြေးဆက်၊ ချစ်ထိုက်၊ မြတ်နိုးထိုက်၊ ကာကွယ်ထိုက်သည့်အဖြစ်မျိုး ရောက်အောင် မြှင့်တင်ပေးရမည်ဆိုသည့် ခံယူချက်ရှိလာသည်အထိ လေ့ကျင့်ပေးရမှာပါ။ ထို့နောက်မှာတော့ နောက်မျိုးဆက်ကို လက်ဆင့်ကမ်းပေးဖို့ တာဝန်ရှိကြောင်းကိုပါ သင်ကြားပေးရန် လိုပါသည်။

ဘိုးဘွားအမွေအနှစ်ဆိုသည်မှာ နိုင်ငံအတွင်းရှိ ရေ၊ မြေ၊ တောတောင်၊ သယံဇာတများသာ မကပါ။ မိမိလူမျိုး၏ စံထားအပ်သော မြင့်မားသည့်စိတ်ထားများ **(သူ့ကျွန်မခံလိုသည့် စိတ်ဓာတ်၊ သူများထက်နိမ့်ကျတာမခံချင်စိတ်၊ မိမိအမျိုးကိုမြှင့်တင်လိုစိတ်၊ မိမိလူမျိုးကို ဂုဏ်ယူတန်ဖိုးထားစိတ်၊ ရိုးသားမှုကို ဂုဏ်ယူစိတ်၊ မတရားမှုကိုရွံမုန်းစိတ်)** ပြီးတော့ နိုင်ငံလွတ်လပ်ရေး၊ ကိုယ်ပိုင်အချုပ်အခြာအာဏာ၊ တိုင်းရင်းသားစည်းလုံးညီညွတ်ရေးနှင့် မိမိလူမျိုး၏ ဘာသာစကား၊ ယဉ်ကျေးမှု၊ စာပေ၊ ဂီတ၊ အနုပညာ၊ ရိုးရာဓလေ့များ အားလုံးသည်လည်း မိမိတို့ ဘိုးဘွားများဆီကရခဲ့သည့် မည်သို့မျှ၊ မည်သူမှ တန်ဖိုးဖြတ်နိုင်စွမ်းမရှိသည့် အမွေအစစ်များ ဖြစ်ပါသည်။

အဆိုပါအမွေအစစ်၏ တန်ဖိုးများကို ကျောင်းဆရာကိုယ်တိုင်က နားလည်၊ သိရှိ၊ တန်ဖိုးထားပြီး မိမိ၏ တပည့်များဆီကို လက်ဆင့်ကမ်းပေးရမှာပါ။ ပြီးတော့ ယခု ခံစား၊ စံစားနေသည့် ဘိုးဘွားများ၏ အမွေအားလုံးသည် သူတို့၏ အသက်၊ သွေး၊ ချွေး၊ အမြော်အမြင် ကြီးမားမှု၊ ဇွဲ၊ လုံ့လ၊ ဝီရိယများဖြင့် စုပေါင်းညီညာစွာ ဆောင်ရွက်ခဲ့ကြလို့ ရခဲ့တာပါ။ ဘိုးစဉ်ဘောင်ဆက် အသက်သွေးနှင့်ပေးပြီးမှ ဖြစ်ထွန်းလာသည့် အမွေအစစ်မှာ တိကျသည့် နယ်နိမိတ်ကို ပိုင်ဆိုင်ခြင်း၊ လွတ်လပ်ခြင်း၊ ငြိမ်းချမ်းခြင်းနှင့် အချုပ်အခြာအာဏာ တည်တံ့ခြင်းဆိုသည့် အသီးအပွင့်များကိုရရှိပြီး ယခုမျိုးဆက်များက အဆိုပါအမွေကို သခင်နိုင်ငံသားများအဖြစ် မြိန်ရေရှက်ရေ စားသုံးနေရပါသည်။ ဘယ်သူ့အတွက် ဘိုးဘွားများက ဆောင်ရွက်ခဲ့တာလဲဆိုရင် နောင်မျိုးဆက်များအတွက်ပါ ဆိုတာကိုလည်း ထင်ရှားအောင် သင်ပေးရပါမည်။

*စာမျက်နှာ ၁၁ သို့*

■ မြန်မာ့လူ့အဖွဲ့အစည်းကို ဒီမိုကရေစီရှင်သန်ဖို့ အလေးပေးနေသည့် အချိန်တွင် ကျောင်းဆရာက ဒီမိုကရေစီ၏ "စိတ်ထား"၊ "စံ"၊ "အကျင့်" များကို မျိုးဆက်သစ်များတွင် ကြွယ်ဝနေအောင် မလွဲမသွေ လေ့ကျင့်ပေးရပါလိမ့်မည်။ ထိုသို့ လေ့ကျင့်ရာတွင် တပည့်များကို သည်းခံစိတ်ရှိအောင်၊ ကိုယ်နှင့် အမြင်မတူသောသူများအပေါ် နားလည်စာနာမှု ထားတတ်အောင် လေ့ကျင့်ပေးနိုင်ရပါမည်။ သို့မှသာ ငါသာအမှန်ဟူသော အယူမှား ဒိဋ္ဌိမာနတို့ကို လျှော့ချနိုင်ပြီး တစ်ဖက်သားကို နားလည်ပေးနိုင်သူ၊ စာနာစိတ်ရှိသူများ အနာဂတ်လူ့ဘောင်တွင် ပေါ်ကြွယ်ဝနေပါမည်

# မြန်မာအတွက် ဆရာ

❖ တုတ်ပြကာ
နှုတ်ကသာ ကြိမ်းသော်ငြား။
❖ သိစေ တတ်စေချင်တဲ့
ရင်ထဲက မေတ္တာစမ်း
ချမ်းမြေ့ဆပွား။

❖ အိုးလေးကောင်းစေဖို့
ထုထောင်းကာ နာနာပုတ်။
❖ ခါးသွေးကျောက်ပမာ
ဟောက်ပက်သာ နောက်ဆုံးဘဝ
ဆရာ့သရုပ်။

❖ ကျောသားရင်သား မခွဲခြား
သမီးသား ထပ်တူပင်။
❖ ဆရာ့မေတ္တာ စေတနာများ
ကြီးမားဂုဏ်အင်။

❖ နှိုင်းတုမရ
အနန္တဂိုဏ်းဝင် ကျေးဇူးရှင်
သွန်သင်ဆုံးမ လမ်းမှန်ပြ။
❖ တစ်ပြားမရှိပေမယ့်
တပည့်မရှားတာ ဂုဏ်ယူတတ်
မြင့်မြတ်ပါလှ။

❖ အမျိုးသား စည်းကမ်းအစ
စာသင်ကျောင်းက အခြေခံ။
❖ အသိ အတတ် အလိမ္မာနဲ့
စာရိတ္တ စည်းကမ်း သွန်သင်မနေး
မြင်တွေး မှန်ကန်။

❖ ဆရာကောင်းတပည့်ပန်းကောင်းပန်
လမ်းကြောင်းမှန် ဘဝအခြေမြင့်။
❖ ဆရာအတတ်ပညာ၌
"နာသုံးနာ" ဆင့်ကာပေါင်းစေမှ
တပည့်တို့ဘဝ ရွှေထီးဆောင်း
ကောင်းမြတ်ဂုဏ်တင့်။

❖ ဆရာကောင်းမှ တပည့်လှ
နိုင်ငံ့အလှ ဆင်နိုင်မည်။
❖ ဆရာထက် သာလို့
ဆရာထက် တပည့်တော်မှ
အသိမချော် လမ်းမထောင့်
ပန်းဝင်ဖြောင့်မည်။

❖ ပညာချွန် နှလုံးလှ
ဗလငါးတန် ပြည့်စေရည်
တိုင်းပြည်ချစ်စိတ် သံမှိုစွဲ။
❖ သစ်တစ်ပင် ကောင်းရင်ဖြင့်
ငှက်တစ်သောင်းတို့ ဘဝစခန်း
ချမ်းမြေ့မည်ပဲ။

❖ တို့မြန်ပြည် အနာဂတ်
ထူမတ်ကြံ့ခိုင် လိုပါလျှင်။
❖ ပညာရေး အဆင့်
မြှင့်ရမည်ပင်။

❖ ဆရာတို့ကဏ္ဍ
ဆရာတို့ဘဝလည်း လှစေချင်
ထောက်ကူမြှင့်တင် ပျိုးထောင်မှ။

❖ ဆရာတိုင်းတော်
ဆရာတိုင်း ပျော်လည်းပျော်မှ
ပြည့်မျက်ဖျော် သမီးသားတို့
ကြီးပွားစည်ပင် ဂုဏ်ရည်ဝင့်
တင့်နိုင်မည်ပဲ့။ ။

**(သင်ဆရာ၊ မြင်ဆရာ၊ ကြားဆရာ အပေါင်းတို့အား အစဉ်လေးစား ဦးညွှတ်ဂုဏ်ပြုလျက်)**

**ဇော်မင်းမင်းဦး**

## ဘိုကလေးမြို့နယ်၌ သန်းခေါင်စာရင်းကောက်ယူ

ဘိုကလေး အောက်တိုဘာ ၃

ဧရာဝတီတိုင်းဒေသကြီး ဖျာပုံခရိုင် ဘိုကလေးမြို့နယ်၏ ၂၀၂၄ ခုနှစ်၊ လူဦးရေနှင့် အိမ်အကြောင်းအရာ သန်းခေါင်စာရင်းကောက်ယူရာသို့ ခရိုင်သန်းခေါင်စာရင်း ကြီးကြပ်မှုကော်မတီဝင်များ ယနေ့ မွန်းလွဲပိုင်းက ကွင်းဆင်းကြည့်ရှုအားပေးကြသည်။

ဘိုကလေးမြို့နယ်၌ မြို့ပေါ်ရပ်ကွက် ၁၀ ရပ်ကွက်၊ ကျေးရွာအုပ်စု ၇၆ အုပ်စု၌ စာရင်းကောက်အဖွဲ့ ၅၈ ဖွဲ့က နေ့စဉ်ကောက်ကွက်အလိုက် လိုက်လံကွင်းဆင်း ကောက်ယူသွားမည်ဖြစ်ကြောင်း သိရသည်။

**မိုးစက်(ဘိုကလေး)**

## သန်လျင်ခရိုင်အတွင်း လူဦးရေနှင့်အိမ်အကြောင်းအရာ သန်းခေါင်စာရင်းကောက်ယူ

ရန်ကုန် အောက်တိုဘာ ၃

ရန်ကုန်တိုင်းဒေသကြီး သယံဇာတရေးရာဝန်ကြီး ဦးဇော်ဝင်းသည် ယမန်နေ့က သန်လျင်ခရိုင် သန်းခေါင်စာရင်းကော်မတီဥက္ကဋ္ဌ ခရိုင်စီမံအုပ်ချုပ်ရေး အဖွဲ့ဥက္ကဋ္ဌ ဦးအောင်သိုက်ဝင်း၊ တာဝန်ရှိသူများနှင့်အတူ ကျောက်တန်းမြို့နယ် ရွှေကုန်းရပ်ကွက်နှင့် အရှေ့ပိုင်းရပ်ကွက်တို့တွင်လည်းကောင်း၊ သန်လျင်မြို့နယ် ညောင်သုံးပင်ကျေးရွာတွင်လည်းကောင်း သန်းခေါင်စာရင်းကောက်ယူနေမှုများကို ကြည့်ရှုအားပေးပြီး လိုအပ်သည်များ မှာကြားကာ ဖြည့်ဆည်းဆောင်ရွက်ပေးကြောင်း သိရသည်။

**သန်းဝင်း(သန်လျင်)**



*စာမျက်နှာ ၁၀ မှ*

**အဆိုပါ ဘိုးဘွားအမွေအစစ်များ ပျောက်ကွယ်သွားခဲ့လျှင် လွတ်လပ်ရေးလည်း ဆုံးရှုံး၊ အချုပ်အခြာအာဏာလည်း ကွယ်ပျောက်၊ တိုင်းရင်းသားစည်းလုံးညီညွတ်မှုပျက်ကာ ပြည်ထောင်စုနိုင်ငံဆိုတာပါ ပျက်သုဉ်းပြီး ကျွန်ဘဝသို့ ပြန်လည်ရောက်သွားနိုင်ပါသည်။ ထို့အပြင် လူမျိုးတစ်မျိုးဟု အသိအမှတ်ပြုနိုင်သော ဘာသာစကား၊ စာပေ၊ ဂီတ၊ အနုပညာများလည်း ကွယ်သွားလျှင် မျိုးဆက်သစ်များကို ဘာလူမျိုးရယ်လို့သတ်မှတ်၍ မဖြစ်တော့သည့်အတွက် လူမျိုးပါ ပျောက်ကွယ်သွားနိုင်ပါသည်။ ထိုဘဝမျိုးမရောက်အောင် ဘိုးဘွားအမွေစစ်ကို မဖြစ်မနေ ထိန်းသိမ်းသင့်ကြောင်း သင်ပြရမှာပါ။**

ဘိုးဘွားများ ထိန်းသိမ်းကာကွယ်ကာ ချန်ထားခဲ့သည့် ရေမြေတောတောင်နှင့် သဘာဝသယံဇာတများသည် ယခုမျိုးဆက်တစ်ဆက်တည်းအတွက်သာ သုံးစွဲရန်မဟုတ်ကြောင်းနှင့် နောင်မျိုးဆက်များ၏ ဘဝ ပြည့်စုံကောင်းမွန်ရေးအတွက်ပါ ရည်ရွယ်ထားခဲ့ခြင်းဖြစ်ကြောင်း၊ ထို့ကြောင့် လိုသလောက်သာ သုံးစွဲသင့်ကြောင်း၊ အလွန်အကျွံသုံးစွဲမှုမျိုးကို ရှောင်ရှားသင့်ကြောင်း၊ နောင်မျိုးဆက်သစ်များ သုံးစွဲရန် မဖြစ်မနေချန်ထားသင့်ကြောင်း၊ ဘိုးဘွားများ ထားခဲ့သော ရေ၊ မြေ၊ တော၊ တောင်သဘာဝများကို ပျက်စီးစေမှုမှ ရှောင်ရှားသင့်ကြောင်း၊ မရှောင်ရှားခဲ့ပါက ရာသီဥတုဖောက်ပြန်မှုနှင့် ရေ၊ မြေ၊ လေထုညစ်ညမ်းမှုကြောင့် သဘာဝဘေးဒဏ်အမျိုးမျိုးကို ခံရနိုင်ကြောင်း စသည့်ဆိုးကျိုးများကို သိရှိပြီး အလေးထားတတ်အောင် သင်ပေးရပါမည်။

သို့မှသာ ဘိုးဘွားအမွေအစစ်ကို မြတ်နိုးထိန်းသိမ်းနိုင်ပါမည်။ နောင်မျိုးဆက်များအားလည်း ချစ်တတ်၊ မြတ်နိုးတတ်၊ ထိန်းသိမ်းကာကွယ်စောင့်ရှောက်တတ်ပြီး နောက်မျိုးဆက်သစ်များအတွက် **"အမွေကောင်း၊ အမွေမြတ်"** အား လက်ဆင့်ကမ်းပေးရမည်ဆိုသည့် စိတ်ထားနှင့် လက်ဆင့်ကမ်းပေးနိုင်သော ခွန်အားများ ပြည့်စုံအောင်သင်ပေး၊ လေ့ကျင့်ပေးရပါမည်။

**ငါတို့ဟာ "မြန်မာ"နှင့်**
**ငါတို့ဟာ "မြန်မာနိုင်ငံသား"ပါ**

နိုင်ငံသားတိုင်းကို ဝင်ရောက်ဖျက်ဆီးနေသည့် အထက်ပါကြီးမားသည့် နိုင်ငံဖျက်၊ အမျိုးဖျက် အန္တရာယ် ၇ သွယ်ကို ကြံ့ကြံ့ခံတွန်းလှန်ကာကွယ်နိုင်မည့် အရင်းခံအကြောင်းတရားမှာ ကျောင်းဆရာများတွင်ရော သူတို့က လေ့ကျင့်ပေးလိုက်သည့် မျိုးဆက်သစ် နိုင်ငံသားတိုင်းမှာပါ **"အမျိုးသားရေးကိုယ်ခံစွမ်းအား"** ကြွယ်ဝနေဖို့ပါပဲ။ တကယ်တော့ အမျိုးသားရေးစိတ်ဓာတ်ဆိုတာ ဘိုးဘွားများ လက်ဆင့်ကမ်းပေးခဲ့သည့် (နိုင်ငံတည်မင်းသုံးပါး- အနော်ရထာ၊ ဘုရင့်နောင်၊ အလောင်းမင်းတရားနှင့် နိုင်ငံလွတ်လပ်ရေး ကြိုးပမ်းပေးခဲ့သည့် ခေါင်းဆောင်ကြီးများ) မိမိလူမျိုး၊ မိမိမြေ၊ မိမိတိုင်းပြည်၏ ကြွယ်ဝမှုတို့ကိုချစ်ပြီး ကာကွယ်နေရန် အဆင့်လောက်နှင့် မလုံလောက်သေးပါ။

မျိုးဆက်တိုင်းသည် **"မိမိမြေ၊ မိမိနိုင်ငံနှင့် မိမိပြည်သူများက သားစဉ်မြေးဆက် ချစ်ထိုက်၊ မြတ်နိုးထိုက်သည့်မြေ၊ နိုင်ငံနှင့် လူမျိုးဖြစ်အောင်လည်း စွမ်းဆောင်နိုင်စွမ်းရှိရပါမည်"**။ ဆိုလိုသည်မှာ ကမ္ဘာ့ဘယ်နေရာရောက်ရောက် မိမိနိုင်ငံ၊ မိမိလူမျိုးကို အစဉ်မြင့်မားအောင် စွမ်းဆောင်ရင်း နိုင်ငံနှင့် လူမျိုး၏ အမျိုးဂုဏ်၊ ဇာတိဂုဏ်များကို ထိန်းသိမ်းကာကွယ်မြှင့်တင်နေမှသာလျှင် အမျိုးကို အမှန်တကယ် ချစ်မြတ်နိုးတန်ဖိုးထားသည့် စိတ်ဓာတ်ပါ။

ငါတို့ဟာ **"မြန်မာ" "မြန်မာနိုင်ငံသား" "မြန်မာ့မြေမှာ မွေးဖွားခွင့်၊ ရှင်သန်ခွင့်ရတာ ဆုလာဘ်တစ်မျိုး"**ပါဟု အမြဲဂုဏ်ယူဝင့်ကြွားနိုင်သူများ ပေါ်ထွန်းလာစေရေးပါ။ ထိုသို့ အမျိုးချစ်၊ အမျိုးမြင့်၊ အမျိုးဂုဏ်တက်စေသည့် စိတ်ထားမျိုး ပိုင်ဆိုင်သည့် လူငယ်များကို ထုနှင့် ထည်နှင့်၊ အုံနှင့် ကျင်းနှင့် မွေးထုတ်ပေးရန်မှာ **ယနေ့နှင့် အနာဂတ် မြန်မာ့ကျောင်းဆရာများ၏ ကြီးမားသော စိန်ခေါ်မှုနှင့် တာဝန်ပါပဲ။** ရင်ဆိုင်ကျော်လွှားကာ အောင်မြင်အောင် ထမ်းဆောင်ရပါလိမ့်မည်။

ကျောင်းဆရာများသည် အထက်တွင် ဖော်ပြခဲ့သည့် နိုင်ငံနှင့် လူ့အဖွဲ့အစည်း ပျက်သုဉ်းစေမည့် အဖျက်ရန်များကို ခေတ်အဆက်ဆက်တွင် ပညာလက်နက်ဖြင့် အသံတိတ်တွန်းလှန်တိုက်ပွဲဝင်ရင်း ဘဝကို ပျော်ရွှင်ချမ်းမြေ့ကျေနပ်စွာ ဖြတ်သန်းနေကြသူများပါ။ နိုင်ငံတကာတွင် ကျောင်းဆရာများသည် ပညာအားမာန်အပြည့်နှင့် နိုင်ငံ၏ အဖျက်ရန်များကို အင်ပြည့်အားပြည့် ကာကွယ်နိုင်ရန် ၎င်းတို့မှာ **"အခြေခိုင်ပြီး ဘဝလုံခြုံသည့် လူနေမှုဘဝ"** ကို ပိုင်ဆိုင်နိုင်အောင် ဖြည့်ဆည်းပေးထားကြပါသည်။

တကယ်တော့ **"လူနေမှုဘဝချို့တဲ့သည့် ကျောင်းဆရာဘဝ"** ဖြင့် နိုင်ငံ၏ အလွန်ကြီးမားသော အဖျက်ရန်များကို ကာကွယ်သည့်အခါ **"ခါးကမသန်"** ဖြစ်ပြီး နိုင်ငံဖွံ့ဖြိုးမှုနှင့် ရှင်သန်မှု၏ ရှေ့တန်းမှာရှိသော **"ပညာရေးခံကတုတ်" ကျိုးပေါက်မှာစိုးလို့ပါ။** အဘယ်ကြောင့်ဆိုသော် တိုင်းပြည်၏ ဖွံ့ဖြိုးမှုအပေါင်းကို ပျက်သုဉ်းအောင် ဆောင်ကြဉ်းနေသည့် အဖျက်ရန်မှန်သမျှကို ဖိဖိစီးစီး တွန်းလှန်ကာကွယ်နေသော **"အမျိုးသားမဏ္ဍိုင်ခံကတုတ်"** ကျိုးပေါက်ခဲ့လျှင် တိုင်းတစ်ပါး၏ **"အဝေးထိန်းစနစ်ဖြင့် ကျွန်ဇာတ်သွင်းခံဘဝ" ဆိုသည့် "ခေတ်သစ်ကျွန်"** ဘဝမျိုး မိမိတို့၏ နိုင်ငံနှင့် မျိုးဆက်သစ်များဖြစ်သွားပြီး နောက်ဆုံးတွင် မျိုးသုဉ်းပျောက်ကွယ်သွားနိုင်သည့် အဖြစ်မျိုးရောက်သွားနိုင်တာမို့ပါ။ ထိုအဖြစ်မျိုးမရောက်ရန် ပညာရေးခံကတုတ်က စွမ်းစွမ်းတမံ ကာကွယ်ပေးနေကြသည့် ယနေ့ ကျောင်းဆရာတို့၏ **"လူနေမှုဘဝလုံခြုံရေး"** ကိုလည်း မပြတ်ဖြည့်ဆည်းပေးနေသင့်ပါကြောင်း ကျောင်းဆရာ(ငြိမ်း)ဖြစ်သည့် **မိမိ**၏ အမြင်ကို တင်ပြရင်း ကမ္ဘာ့ဆရာများနေ့ကို ဂုဏ်ပြုရေးသားအပ်ပါသည်။

(လူ့သမိုင်းတစ်လျှောက် ပေါ်ထွန်းခဲ့သော ဤကမ္ဘာကြီးကို အန္တရာယ်ကင်းကင်းဖြင့် သာယာဖွံ့ဖြိုးအောင်နှင့် **အစဉ်လေ့လာသင်ယူနေသည့် လူ့အဖွဲ့အစည်းဖြစ်အောင် ကိုယ်စိတ်နှလုံးသုံးပါးလုံးနှစ်မြှုပ်၍ စွမ်းဆောင်ခဲ့ကြသော စွမ်းဆောင်နေဆဲဖြစ်ကြသည့် အနန္တဂိုဏ်းဝင် ကျောင်းဆရာများအားလုံး၏ ဂုဏ်ကျေးဇူးကို** ပူဇော်ဦးခိုက်လျက်)

# နေပြည်တော်ကောင်စီဥက္ကဋ္ဌ တတိယအကြိမ် သာသနာလင်္ကာရစာမေးပွဲ ဖြေဆိုနေသည့် ရဟန်းသံဃာများနှင့် ရှင်သာမဏေများအား သွားရောက်ဖူးမြော်ကြည်ညို

နေပြည်တော် အောက်တိုဘာ ၃

**နေပြည်တော်ကောင်စီဥက္ကဋ္ဌ ဦးသန်းထွန်းဦးနှင့် ကောင်စီဝင်များသည် ယနေ့မွန်းလွဲပိုင်းတွင် နေပြည်တော် ဥတ္တရသီရိမြို့နယ် ဝဇိရာနန္ဒသုဗောဓာရုံကျောင်းတိုက်၌ ကျင်းပသည့် နေပြည်တော် မြို့နယ်လုံးဆိုင်ရာ တတိယအကြိမ် သာသနာလင်္ကာရစာမေးပွဲသို့ ဝင်ရောက်ဖြေဆိုနေကြသည့် ရဟန်းသံဃာများနှင့် ရှင်သာမဏေများအား သွားရောက်ဖူးမြော်ကြည်ညိုသည်။**

ဦးစွာ နေပြည်တော်ကောင်စီဥက္ကဋ္ဌသည် ဝဇိရာနန္ဒသုဗောဓာရုံကျောင်းတိုက် ပဓာန နာယကဆရာတော် ဂန္ထဝါစကပဏ္ဍိတ ဘဒ္ဒန္တဇောတိဝရနှင့် စာမေးပွဲကြီးကြပ် ဆရာတော်ကြီးများအား ဖူးမြော်ကြည်ညို၍ လှူဖွယ်ဝတ္ထုပစ္စည်းများနှင့် နဝကမ္မအလှူငွေများ ဆက်ကပ်လှူဒါန်းသည်။

ထို့နောက် နေပြည်တော်မြို့နယ်လုံးဆိုင်ရာ တတိယအကြိမ် သာသနာလင်္ကာရစာမေးပွဲကို အကျော်တန်းမှ စာဖြေသံဃာတော် အပါး ၃၀ က ဘိက္ခုပါတိမောက် ဘာသာရပ်ကိုလည်းကောင်း၊ အကြီးတန်းမှ စာဖြေသံဃာတော် ၁၇၈ ပါးနှင့် အငယ်တန်းမှ စာဖြေသံဃာတော် ၃၇၆ ပါးက ရှင်ကျင့်ဝတ်ဘာသာရပ်ကိုလည်းကောင်း ဖြေဆိုနေမှုကို လှည့်လည်ကြည့်ရှုသည်။ (ယာပုံ)

ယင်းနောက် နေပြည်တော်ကောင်စီဥက္ကဋ္ဌသည် နေပြည်တော် သံဝေဇနိယလေးဌာန (ဖွား၊ ပွင့်၊ ဟော၊ စံ) စေတီတော်ဂေါပကအဖွဲ့ရုံး၌ ကျင်းပသည့်နေပြည်တော် သံဝေဇနိယလေးဌာန (ဖွား၊ ပွင့်၊ ဟော၊ စံ)စေတီတော် ဘက်စုံပြုပြင်မွမ်းမံရေးလုပ်ငန်း ညှိနှိုင်းအစည်းအဝေးသို့တက်ရောက်ပြီး စေတီတော် ဘက်စုံပြုပြင်မွမ်းမံရေး၊ စေတီတော်အားလုံး ရေရရှိရေး၊ ဘုရားစေတီအတွင်းရှိ သာသနိကအဆောက်အဦများ ကြည်ညိုဖွယ်ဖြစ်အောင်ဆောင်ရွက်ရေး၊ သန့်ရှင်းသာယာလှပရေးကိစ္စရပ်များကို ဆွေးနွေးမှာကြားကာ လိုအပ်သည်များကို ညှိနှိုင်းဆောင်ရွက်ပေးသည်။

အစည်းအဝေးအပြီးတွင် နေပြည်တော်ကောင်စီဥက္ကဋ္ဌသည်နေပြည်တော် သတ္တသတ္တာဟမဟာဗောဓိ စေတီတော်မြတ်ကြီးအတွင်းရှိ မြတ်ဗုဒ္ဓ၏ မဇ္ဈိမ ခရီးစဉ်မှတ်တမ်းဓာတ်ပုံပြခန်းနှင့် ဓမ္မာရုံအတွင်း လှည့်လည်ကြည့်ရှုကာ လိုအပ်သည်များ ပေါင်းစပ်ဆောင်ရွက်ပေးခဲ့ကြောင်း သတင်းရရှိသည်။

**သတင်းစဉ်**



# ဒုတိယဝန်ကြီး ပါမောက္ခ ဒေါက်တာအေးထွန်း ရှမ်းပြည်နယ်အတွင်း ရေဘေးသင့်ဒေသများရှိ ဆေးရုံများနှင့် ကျန်းမာရေးဌာနများသို့ သွားရောက်ကြည့်ရှု



**နေပြည်တော် အောက်တိုဘာ ၃**

ကျန်းမာရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ပါမောက္ခဒေါက်တာအေးထွန်းသည် ရှမ်းပြည်နယ်အစိုးရအဖွဲ့ဝင် တိုင်းရင်းသားရေးရာဝန်ကြီး ဦးအောင်ကြည်ဝင်း၊ တာဝန်ရှိသူများနှင့်အတူ ယနေ့နံနက်ပိုင်းတွင် ညောင်ရွှေမြို့နယ် အင်းလေးဒေသသို့ သွားရောက်ပြီး သဘာဝဘေးအန္တရာယ်ခံစားခဲ့ရသော ဟဲယာရွာမတိုက်နယ်ဆေးရုံနှင့် ကျေးလက်ကျန်းမာရေးဌာနမှ ကျန်းမာရေး ဝန်ထမ်းများအား အားပေးစကား ပြောကြားခြင်း၊ ထောက်ပံ့ငွေများ ပေးအပ်ခြင်း၊ ဆေးရုံနှင့် ကျန်းမာရေးဌာနများ၏ ရေနစ်မြုပ်မှု အခြေအနေများအား ကွင်းဆင်းကြည့်ရှုခြင်းတို့ကို ဆောင်ရွက်ကာ ဟဲယာရွာမ ဓမ္မဗိမ္မာန်တော်ကြီး၌ ဖွင့်လှစ်ထားသော ယာယီဆေးခန်း၌ ကျန်းမာရေးစောင့်ရှောက်မှု ခံယူနေသော လူနာများအား ရင်းရင်းနှီးနှီး တွေ့ဆုံနှုတ်ဆက်၍ လိုအပ်သည်များ ဖြည့်ဆည်းဆောင်ရွက်ပေးသည်။

ထို့နောက် နန်းပန်တိုက်နယ်ဆေးရုံနှင့် ကျေးလက်ကျန်းမာရေးဌာနတို့တွင် ရေများဝင်ရောက်ခဲ့မှုကြောင့် ပျက်စီးဆုံးရှုံးခဲ့မှု အခြေအနေကို သွားရောက်ကြည့်ရှုစစ်ဆေးပြီး ပြင်ပလူနာဌာန (ယာယီ) ဖွင့်လှစ်ထားရှိသော နောင်ကန် ကျောင်းတိုက်သို့ ရောက်ရှိကာ ရေဘေးသင့်ကျန်းမာရေးဝန်ထမ်းများကို ထောက်ပံ့ငွေများ ပေးအပ်၍ (ဝဲပုံ) လူနာများအား တွေ့ဆုံအားပေးစကား ပြောကြားသည်။

မွန်းလွဲပိုင်းတွင် ညောင်ရွှေမြို့ ရွှေရေကျ ဘုန်းတော်ကြီးကျောင်း၌ စဝ်စံထွန်းပြည်သူ့ဆေးရုံကြီးနှင့် အမျိုးသမီးနှင့် ကလေးဆေးရုံကြီး၊ တောင်ကြီးမြို့တို့မှ သမားတော်၊ စိတ်ကျန်းမာ၊ ကလေး၊ သားဖွားမီးယပ်အထူးကုဆရာဝန်များ ပါဝင်သောအဖွဲ့မှ အထူးကု ကွင်းဆင်း ကုသနေမှုများကို ကြည့်ရှု အားပေးသည်။

ထို့နောက် ပြည်သူ့ဆေးရုံ (ညောင်ရွှေမြို့) သို့ ရောက်ရှိပြီး ဆေးရုံအတွင်း လက်ရှိရေဝင်ရောက်ဆဲအခြေအနေ၊ ရေလွတ်ရာ အဆောင်၌ အတွင်းလူနာများ ထားရှိကုသပေးနေမှု၊ ခွဲစိတ်ခန်း လုပ်ဆောင်နေမှု၊ ဆေးပစ္စည်းများ ရွှေ့ပြောင်းထားရှိမှု အခြေအနေတို့ကို လှည့်လည်ကြည့်ရှုစစ်ဆေးပြီး ရေဘေးသင့်ကျန်းမာရေး ဝန်ထမ်းများကို ထောက်ပံ့ငွေများ ပေးအပ်သည်။

ညနေပိုင်းတွင် ရွှေညောင် တိုက်နယ်ဆေးရုံသို့ သွားရောက်ပြီး တိုက်နယ်ဆရာဝန်နှင့် ဆေးရုံဝန်ထမ်းများ၏ ဆေးရုံလုပ်ငန်း ဆောင်ရွက်နေမှု အခြေအနေကို လှည့်လည်ကြည့်ရှုကာ ဆေးရုံတက်ရောက် ကုသမှုခံယူနေသော လူနာများအား တွေ့ဆုံအားပေးစကား ပြောကြားခဲ့ကြောင်း သတင်းရရှိသည်။ **သတင်းစဉ်**

# အိမ်မဲမြို့နယ်၌ လူဦးရေနှင့် အိမ်အကြောင်းအရာ သန်းခေါင်စာရင်းကောက်ယူခြင်းလုပ်ငန်းများ ဆောင်ရွက်နေမှု တာဝန်ရှိသူများကြည့်ရှုအားပေး

**အိမ်မဲ အောက်တိုဘာ ၃**

ဧရာဝတီတိုင်းဒေသကြီး အိမ်မဲမြို့နယ်၌ ၂၀၂၄ ခုနှစ် လူဦးရေနှင့် အိမ်အကြောင်းအရာ သန်းခေါင်စာရင်းကို စာရင်းစစ်၊ စာရင်းကောက်အဖွဲ့များက ယနေ့ အောက်တိုဘာ ၃ ရက် နံနက်ပိုင်းတွင် ဆက်လက်၍ ရပ်ကွက်နှင့် ကျေးရွာအုပ်စုများရှိ အိမ်ထောင်စုများထံသို့ ကွင်းဆင်းကောက်ယူလျက်ရှိကြောင်း သိရသည်။



အဆိုပါ လူဦးရေနှင့် အိမ်အကြောင်းအရာ သန်းခေါင်စာရင်း ကောက်ယူရေးလုပ်ငန်းများ အောင်မြင်စွာ ဆောင်ရွက်နိုင်ရေးအတွက် မြို့နယ်သန်းခေါင်စာရင်းကော်မတီဥက္ကဋ္ဌ ဦးသက်ကိုကိုဦး၊ မြို့နယ်စီမံအုပ်ချုပ်ရေးအဖွဲ့ဝင် (၁)ဗိုလ်မှူး အောင်သွင်စိုး၊ သန်းခေါင်စာရင်း ကော်မတီအတွင်းရေးမှူး မြို့နယ်လဝကဦးစီးမှူး ဦးအောင်နိုင်ဦးနှင့်အဖွဲ့ဝင်များက မြို့နယ်အတွင်း ရပ်ကွက်များ၊ ကျေးရွာများသို့ စာရင်းစစ်၊ စာရင်းကောက်များက Mobile Tablet များဖြင့် တစ်အိမ်တက်ဆင်း ကွင်းဆင်းကောက်ယူနေမှုများကို ကြည့်ရှုအားပေးကြသည်။

အိမ်မဲမြို့နယ်တွင် ရပ်ကွက်၊ ကျေးရွာအုပ်စု ၁၀၂ အုပ်စုရှိပြီး သန်းခေါင်စာရင်းကောက်ယူရေးအဖွဲ့ ၃၁ ဖွဲ့မှ စာရင်းစစ်၊ စာရင်းကောက် ၁၆၆ ဦးမှ သက်ဆိုင်ရာ ပူးပေါင်းအဖွဲ့များဖြင့် ၂၀၂၄ ခုနှစ် လူဦးရေနှင့် အိမ်အကြောင်းအရာ သန်းခေါင်စာရင်းများကို အောက်တိုဘာ ၁ ရက်မှ ၁၅ ရက်အထိ ကောက်ယူသွားမည်ဖြစ်သည်။ **ချစ်သက်လယ်(ပြန်/ဆက်)**

# မြစ်ကြီးနားမြို့ပေါ်ရှိ သံဃာတော်များအား ကျန်းမာရေးစောင့်ရှောက်မှုလုပ်ငန်းများ ဆောင်ရွက်

**နေပြည်တော် အောက်တိုဘာ ၃**

ကချင်ပြည်နယ် မြစ်ကြီးနားမြို့ပေါ်ရှိ သံဃာတော်များအား ယနေ့နံနက်ပိုင်းတွင် မြောက်ပိုင်းတိုင်းစစ်ဌာနချုပ်၊ နယ်လှည့်ဆေးကုသရေးအဖွဲ့က အဆိုပါမြို့ရှိ ဓမ္မရက္ခိတ ဝန်းသိုကျောင်းတိုက်အတွင်း၌ ကျန်းမာရေးစောင့်ရှောက်မှုလုပ်ငန်းများ ဆောင်ရွက်ပေးသည်။

ထိုသို့ ဆောင်ရွက်ပေးရာတွင် ဆေးကုသရေးအဖွဲ့က သံဃာတော်အပါး ၅၀ တို့အား ခွဲစိတ်ကုသမှုဆိုင်ရာရောဂါ၊ အရိုးအကြောရောဂါ၊ အာရုံကြောအားနည်းရောဂါ၊ အထွေထွေရောဂါတို့နှင့်ပတ်သက်၍ လိုအပ်သည့် ကျန်းမာရေး စစ်ဆေးကုသပေးခြင်းများ ဆောင်ရွက်ပေးခြင်း၊ ECG စက်ဖြင့် နှလုံးစမ်းသပ်စစ်ဆေးပေးခြင်း၊ ဓာတ်မှန်ရိုက်ကူး၍ ရောဂါရှာဖွေပေးခြင်းများ ဆောင်ရွက်ပေးပြီး ဆေးရုံတက်ရောက်ကုသရန် လိုအပ်သည့် သံဃာတော်များအား နယ်မြေခံတပ်မတော်ဆေးရုံသို့ တက်ရောက်ကုသနိုင်ရေး စီစဉ်ဆောင်ရွက်ပေးသည်။

ယင်းသို့ ဆောင်ရွက်နေမှုများကို မြစ်ကြီးနားတပ်နယ်မှ တာဝန်ရှိသူများက သွားရောက်ကြည့်ရှုအားပေးပြီး ဓမ္မရက္ခိတ ဝန်းသိုကျောင်းတိုက်ဆရာတော်အမှူးပြုသော သံဃာတော်များအား လှူဖွယ်ပစ္စည်းများနှင့် နေ့ဆွမ်းများ ဆက်ကပ်လှူဒါန်းခဲ့ကြောင်း သတင်းရရှိသည်။ **သတင်းစဉ်**

## မိုးတိမ်တောင်ဖြစ်ပေါ်မှုအခြေအနေ

**နေပြည်တော် အောက်တိုဘာ ၃** – မိုးတိမ်တောင်ဖြစ်ပေါ်မှုအခြေအနေမှာ စစ်ကိုင်းတိုင်းဒေသကြီး၊ မန္တလေးတိုင်းဒေသကြီး၊ မကွေးတိုင်းဒေသကြီး၊ ပဲခူးတိုင်းဒေသကြီး၊ ရန်ကုန်တိုင်းဒေသကြီး၊ တနင်္သာရီတိုင်းဒေသကြီး၊ ရှမ်းပြည်နယ်(မြောက်ပိုင်း)၊ ရခိုင်ပြည်နယ်၊ ကရင်ပြည်နယ်နှင့် မွန်ပြည်နယ်တို့တွင် မိုးတိမ်တောင်များ ဖြစ်ထွန်းလျက်ရှိပြီး အဆိုပါ မိုးတိမ်တောင်များ ရွေ့လျားရာ နေရာတစ်လျှောက်တွင် မိုးရွာသွန်းခြင်းနှင့်အတူ လေပြင်းတိုက်ခတ်ခြင်း၊ မိုးထစ်ချုန်းခြင်း၊ မိုးကြိုးပစ်ခြင်း၊ လျှပ်စီးလက်ခြင်းနှင့် မိုးသီးကြွေခြင်း စသည့် မိုးလေဝသဖြစ်စဉ်များဖြစ်ပေါ်နိုင်ပါသဖြင့် ကြိုတင်သတိပြုနိုင်ပါရန် အကြံပြုအပ်ပါသည်။ **မိုး/ဇလ**

# ဆက်ဆံရေးခိုင်မြဲစေရန် ဗြိတိန်နှင့် အီးယူခေါင်းဆောင်များ ပုံမှန်ထိပ်သီးအစည်းအဝေးများပြုလုပ်ရန် သဘောတူ

**လန်ဒန် အောက်တိုဘာ ၃**

ဗြိတိန်နှင့် အီးယူမှ ခေါင်းဆောင်များသည် အီးယူအဖွဲ့ကြီးမှ ဗြိတိန်နုတ်ထွက်ခဲ့ပြီးနောက် ဆက်ဆံရေးတိုးတက်စေရန်လာမည့်နှစ်မှစတင်ကာ ခေါင်းဆောင်အဆင့် ပုံမှန်ထိပ်သီးအစည်းအဝေးပြုလုပ်ရန် သဘောတူခဲ့ကြသည်။

အီးယူဌာနချုပ်ဖြစ်သည့် ဘရပ်ဆဲလ်မြို့၌ အောက်တိုဘာ ၂ ရက်က ဗြိတိန်ဝန်ကြီးချုပ် ကီရာစတားမားနှင့် ဥရောပကော်မရှင်ဥက္ကဋ္ဌ အာဆူလာဗွန်ဒါလီယန်တို့ ဆွေးနွေးခဲ့ကြသည်။ ရာသီဥတုပြောင်းလဲခြင်း၊ ပုံမှန်မဟုတ်သည့် ရွှေ့ပြောင်းနေထိုင်သူများအရေးနှင့် စွမ်းအင်ဈေးနှုန်းများအပါအဝင် တစ်ကမ္ဘာလုံးဆိုင်ရာစိန်ခေါ်မှုများတွင် နီးကပ်စွာ အလုပ်လုပ်ကိုင်သွားရန် သဘောတူခဲ့ကြသည်။

နှစ်ဖက်စလုံး အကျိုးသက်ရောက်မှုရှိမည့် ပူးပေါင်းဆောင်ရွက်မှုများတွင် အားကောင်းစေရန် လုပ်ဆောင်သွားမည်ဟုလည်း သဘောတူခဲ့ကြသည်။ ဗြိတိန်ပြည်သူများသည် အီးယူအဖွဲ့ကြီးနှင့် ခိုင်မာပြီး တည်ငြိမ်သည့်ဆက်ဆံရေးထူထောင်လိုကြောင်း သတင်းစာရှင်းလင်းပွဲတွင် ဗြိတိန်ဝန်ကြီးချုပ်က ပြောသည်။

၂၀၂၀ ပြည့်နှစ် အီးယူအဖွဲ့ကြီးမှ ဗြိတိန်ထွက်ခွာခဲ့ပြီးနောက် ကုန်သွယ်ရေးတွင် အနှောင့်အယှက်များဖြစ်ပေါ်ခဲ့ပြီး ကြွယ်ဝချမ်းသာမှုကို အဟန့်အတားဖြစ်စေခဲ့သည့်အတွက် လက်ရှိဗြိတိန်အစိုးရအဖွဲ့သည် အီးယူနှင့် ဆက်ဆံရေးတိုးတက်ရန် တောင်းဆိုခဲ့ကြသည်။

**အင်န်အိတ်ချ်ကေ**






# လာအိုနိုင်ငံ၌ ငွေကြေးဖောင်းပွမှုကြောင့် လူနေမှုစရိတ်ကြီးမြင့်လာခြင်းကာမိရန် လုပ်ခနည်းအလုပ်သမားများကို လစာနှင့်ထောက်ပံ့စရိတ် ပိုပေး

**ဗီယန်ကျင်း အောက်တိုဘာ ၃**

လူနေမှုစရိတ်ကြီးမြင့်လာခြင်းကို ကာမိရန် လုပ်ခနည်းအလုပ်သမားများကို လစာနှင့် ထောက်ပံ့စရိတ် ပိုမိုပေးရန် စီးပွားရေးလုပ်ငန်းရှင်များနှင့် ဝန်ဆောင်မှုလုပ်ငန်းရှင်များကို လာအိုအစိုးရက ညွှန်ကြားလိုက်သည်။

လာအိုအလုပ်သမားနှင့် လူမှုဝန်ထမ်းဝန်ကြီးဌာနက အောက်တိုဘာ ၁ ရက်တွင် စတင်အာဏာသက်ရောက်ခဲ့သော အဆိုပါကြေညာချက်ကို ထုတ်ပြန်ခဲ့သည်။

အဆိုပါ ကြေညာချက်တွင် အနည်းဆုံး လုပ်ခလစာအဖြစ် လာအိုကစ် ၂ ဒသမ ၅ သန်း (အမေရိကန်ဒေါ်လာ ၁၁၄ ဒေါ်လာ) ခန့် ပေးရန် စီးပွားရေးလုပ်ငန်းရှင်များနှင့် ဝန်ဆောင်မှုလုပ်ငန်းရှင်များကို တိုက်တွန်းခဲ့သည်။

လတ်တလောတွင် ရရှိနေသော အနည်းဆုံးလုပ်ခလစာမှာ ကစ် ၁ ဒသမ ၆ သန်း(အမေရိကန်ဒေါ်လာ ၇၃ ဒေါ်လာ) ဖြစ်သည်။ သို့သော်လည်း ရုတ်တရက် လူနေမှုစရိတ်များ မြင့်တက်လာသည့်အတွက် အစိုးရသည် နိုင်ငံတစ်ဝန်းရှိ အလုပ်သမားများကို ပံ့ပိုးကူညီရန် လိုအပ်သည်ဟု ယူဆခဲ့သည်။

လစာနှင့် ထောက်ပံ့ကြေး တိုးမြှင့်ခြင်းသည် လူနေမှုစရိတ်စက ကြီးမြင့်လာခြင်းနှင့် ငွေကြေးဖောင်းပွမှု မြင့်တက်လာခြင်းကြောင့်ဖြစ်ပေါ်လာသော စီးပွားရေးဖိအားကို ရင်ဆိုင်ဖြေရှင်းရန် အစိုးရ၏ ကျယ်ပြန့်သော လုပ်ဆောင်မှုတစ်ခုဖြစ်သည်။

လာအိုနိုင်ငံ၏ ငွေကြေးဖောင်းပွခြင်းသည် ၂၀၂၄ ခုနှစ်စက်တင်ဘာလတွင် ၂၁ ဒသမ ၇ ရာခိုင်နှုန်းအထိ အနည်းငယ်လျော့နည်းသွားသော်လည်း စိုးရိမ်စရာအခြေအနေအဖြစ် ဆက်လက်ဖြစ်ပေါ်နေသည်။ **ဆင်ဟွာ**

# လက်ဘနွန်အပေါ် အစ္စရေးတို့က တိုက်ခိုက်မှုများ ဆက်လက်ပြုလုပ်နေသည့်အတွက် တင်းမာမှုများ မြင့်မားလျက်ရှိ

**ဘေရွတ် အောက်တိုဘာ ၃**

လက်ဘနွန်အခြေစိုက် ဟစ်ဇ်ဘိုလာအုပ်စုနှင့် အစ္စရေးတို့အကြား ပဋိပက္ခများ ဆက်လက်ဖြစ်ပေါ်လျက်ရှိသည်။ လက်ဘနွန်နိုင်ငံ မြို့တော်ဘေရွတ်နှင့် နိုင်ငံတောင်ပိုင်းဒေသများကို အစ္စရေးတပ်မတော်က အောက်တိုဘာ ၃ ရက်တွင် လေကြောင်းတိုက်ခိုက်မှုများ ပြုလုပ်ခဲ့သည်။

ဘေရွတ်မြို့တွင် လေကြောင်းတိုက်ခိုက်မှုပြုလုပ်ခဲ့ကြောင်း အစ္စရေးတပ်မတော်က အောက်တိုဘာ ၂ ရက် ညပိုင်းက ကြေညာခဲ့သည်။ အဆိုပါတိုက်ခိုက်မှုကြောင့် ကိုးဦးသေဆုံးခဲ့သည်ဟု လက်ဘနွန် ကျန်းမာရေးအာဏာပိုင်များက ပြောသည်။

ဟစ်ဇ်ဘိုလာများ အခြေစိုက်ရာနေရာမဟုတ်သည့် တိုက်ခန်းတစ်ခုကို ထိမှန်ခဲ့သည်ဟု အာရပ်မီဒီယာတစ်ခုတွင် ဖော်ပြထားသည်။ အစ္စရေးဘက်ကမူ ၎င်းတို့သည် ဟစ်ဇ်ဘိုလာတို့ အခြေစိုက်ရာ လက်ဘနွန်နိုင်ငံတောင်ပိုင်း၌ လေကြောင်းတိုက်ခိုက်မှုပြုလုပ်ခဲ့ကြောင်း ဟစ်ဇ်ဘိုလာ တိုက်ခိုက်ရေးသမား ၁၅ ဦးကို ရှင်းလင်းနိုင်ခဲ့သည်ဟု ပြောသည်။ အစ္စရေးတို့၏လေကြောင်းတိုက်ခိုက်မှုကြောင့် ၄၆ ဦးထက်မနည်း သေဆုံးခဲ့ပြီး ၈၅ ဦး ဒဏ်ရာရရှိခဲ့သည်ဟု လက်ဘနွန်ကျန်းမာရေးအာဏာပိုင်များက အောက်တိုဘာ ၂ ရက်တွင် ပြောသည်။

အစ္စရေးနှင့်ဟားမားစ်တို့အကြား တိုက်ပွဲများစတင်ခဲ့သည့် လွန်ခဲ့သည့်နှစ် အောက်တိုဘာလအတွင်းမှစတင်ကာ အစ္စရေးနှင့်ဟစ်ဇ်ဘိုလာ ပဋိပက္ခအတွင်း လက်ဘနွန်၌ သေဆုံးသူ ၁၉၀၀ ကျော်ရှိလာပြီဟု တာဝန်ရှိသူများက ပြောကြားခဲ့သည်။ နေရပ်စွန့်ခွာထွက်ပြေးသူ အရေအတွက်မှာ ၁ ဒသမ ၂ သန်းနီးပါးရှိလာပြီဟု ၎င်းတို့က ဆက်ပြောသည်။

**အင်န်အိတ်ချ်ကေ**



# ဟေတီတွင် ဒေသတွင်းရွှေ့ပြောင်းသူ ခုနစ်သိန်းကျော် အထိရှိလာ

**ဂျီနီဗာ အောက်တိုဘာ ၃**

ဟေတီနိုင်ငံတွင် ဖွန်လမှစကာ ဒေသတွင်းရွှေ့ပြောင်းသူ ၂၂ ရာခိုင်နှုန်းတိုးလာခဲ့ပြီး ၇၀၀၀၀၀ ကျော်အထိရှိလာခဲ့ကြောင်း ကုလသမဂ္ဂ ပြောရေးဆိုခွင့်ရှိသူ တစ်ဦးက အောက်တိုဘာ ၂ ရက်တွင် ပြောကြားခဲ့သည်။



ဒေသတွင်း ရွှေ့ပြောင်းသူ ထက်ဝက်ကျော်မှာ ကလေးများဖြစ်ကြောင်း ကုလသမဂ္ဂအတွင်းရေးမှူးချုပ်၏ ပြောရေးဆိုခွင့်ရှိသူ စတီဗင်ဒူဂျာရတ်က ပြောကြားခဲ့သည်။

အုပ်စုဖွဲ့ အကြမ်းဖက်မှုများ ပြင်းထန်လာခြင်းကြောင့် နိုင်ငံအတွင်း လူသားချင်းစာနာ ထောက်ထားမှုဆိုင်ရာ အကျပ်အတည်းကို ပိုမိုနက်ရှိုင်းစေသည့်အတွက် လအနည်းငယ်အတွင်း ယခုလို ဒေသတွင်းရွှေ့ပြောင်းသူ အရေအတွက် မြင့်တက်လာခြင်းအပေါ် လူသားချင်းစာနာထောက်ထားမှုဆိုင်ရာ ညှိနှိုင်းရေးရုံးက စိတ်မကောင်း ဖြစ်မိကြောင်း ဒူဂျာရတ်က ပြောသည်။

ဒေသတွင်း အဖွဲ့အစည်းများနှင့်ပူးပေါင်းပြီး ကုလသမဂ္ဂ ကလေးများရန်ပုံငွေအဖွဲ့ကလည်း ပုံစံအမျိုးမျိုးဖြင့် ကူညီထောက်ပံ့မှုများ လုပ်ဆောင်လျက်ရှိကြောင်း ဒူဂျာရတ်က ဆက်လက်ပြောကြားသည်။ ယခုနှစ် ကလေးသူငယ်များကို ပညာရေးတွင် ထောက်ပံ့ပေးရန် လိုအပ်သော အမေရိကန်ဒေါ်လာ သန်း ၃၀ ၏ ၃၀ ရာခိုင်နှုန်းကို ရရှိခဲ့ကြောင်းလည်း ၎င်းက ပြောသည်။ **ဆင်ဟွာ**

# အိန္ဒိယနိုင်ငံ တမီးလ်နန္ဒူပြည်နယ်ရှိ ကျောင်းရှစ်ကျောင်း၌ ဗုံးအန္တရာယ်ခြိမ်းခြောက်မှုများ လက်ခံရရှိ

**နယူးဒေလီ အောက်တိုဘာ ၃**

အိန္ဒိယနိုင်ငံတောင်ပိုင်း တမီးလ်နန္ဒူပြည်နယ်ရှိ ကျောင်းရှစ်ကျောင်းထက်မနည်းမှာ အောက်တိုဘာ ၃ ရက်က ဗုံးအန္တရာယ် ခြိမ်းခြောက်မှုများခံခဲ့ရပြီး အဆိုပါကျောင်းများသို့ အစိုးရက ဗုံးရှင်းလင်းရေးအဖွဲ့နှင့် ရဲတပ်ဖွဲ့များ စေလွှတ်ခဲ့သည်ဟု အာဏာပိုင်များက ပြောသည်။

တမီးလ်နန္ဒူပြည်နယ် မြို့နယ် ချန်နိုင်းမြို့ အနောက်တောင်ဘက် ၃၃၃ ကီလိုမီတာအကွာ တီရူချီရပ်ပါလီခရိုင်အတွင်း ကျောင်းများတွင် ဗုံးတပ်ဆင်ထားသည်ဟူသော အီးမေးလ်များ လက်ခံရရှိခဲ့သည်။ ဗုံးဖယ်ရှားရေးအဖွဲ့ဝင်များက စေ့စေ့စပ်စပ်ရှာဖွေမှုများ ပြုလုပ်ခဲ့သော်လည်း သံသယဖြစ်ဖွယ် တစ်စုံတစ်ရာမျှ မတွေ့ရှိခဲ့ချေ။ အီးမေးလ်ပေးပို့သူကို ခြေရာခံရန် ရဲများက ကြိုးပမ်းနေကြသည်။ လွန်ခဲ့သည့်လများအတွင်း ဒေလီမြို့အပါအဝင် နိုင်ငံအတွင်း စာသင်ကျောင်းများ၊ လေဆိပ်များ၊ ဈေးဝယ်စင်တာများနှင့်ဆေးရုံများတွင် ဗုံးတပ်ဆင်ထားသည်ဟူသော ခြိမ်းခြောက်စာပေးပို့မှုများ ဆက်တိုက်ဖြစ်ပွားခဲ့သည်။ **ဆင်ဟွာ**

# နိုင်ငံပိုင်ဘဏ်များအပါအဝင် ပုဂ္ဂလိကဘဏ် ၁၅ ဘဏ်နှင့် ချေးငွေဆိုင်ရာလုပ်ငန်းတို့အကြား ပူးပေါင်းဆောင်ရွက်မှု သဘောတူစာချုပ်များ လက်မှတ်ရေးထိုးပွဲ အခမ်းအနားကျင်းပ

**နေပြည်တော် အောက်တိုဘာ ၃**

နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီက ပြင်ဆင်ချမှတ်ခဲ့သည့် စီးပွားရေးဦးတည်ချက်များနှင့်အညီ အသေးစား၊ အငယ်စားနှင့် အလတ်စားစီးပွားရေးလုပ်ငန်းများ (MSME) ဖွံ့ဖြိုးတိုးတက်စေရန် နိုင်ငံတော်မှ ငွေကျပ် ၁၅၀ ဘီလီယံ မတည်ပြီး သက်သာသော အတိုးနှုန်းဖြင့် ချေးငွေများအား Participating Financial Institutions (PFI)ဘဏ်များမှတစ်ဆင့် စနစ်တကျ ထုတ်ချေးနိုင်ရေးအတွက် ငွေရေးကြေးရေးဆိုင်ရာ ပူးပေါင်းဆောင်ရွက်မည့် အဖွဲ့အစည်းများအဖြစ် နိုင်ငံပိုင်ဘဏ်များဖြစ်ကြသည့် မြန်မာ့စီးပွားရေးဘဏ်နှင့် မြန်မာ့လယ်ယာဖွံ့ဖြိုးရေးဘဏ်တို့အပါအဝင် ပုဂ္ဂလိကဘဏ် ၁၅ ဘဏ်နှင့် ချေးငွေဆိုင်ရာ လုပ်ငန်းအဖွဲ့တို့အကြား ပူးပေါင်းဆောင်ရွက်မှုသဘောတူစာချုပ်များ လက်မှတ်ရေးထိုးပွဲအခမ်းအနားကို ယနေ့နံနက်ပိုင်းတွင် နေပြည်တော်ရှိ မြန်မာ့စီးပွားရေးဘဏ် (ရုံးချုပ်)၌ ကျင်းပသည်။

အခမ်းအနားသို့ အသေးစား၊ အငယ်စားနှင့် အလတ်စားစီးပွားရေးလုပ်ငန်းများ ဖွံ့ဖြိုးတိုးတက်ရေး ရန်ပုံငွေစီမံခန့်ခွဲမှုအဖွဲ့ဥက္ကဋ္ဌ စီမံကိန်းနှင့်ဘဏ္ဍာရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးမင်းထွဋ်၊ ဒုတိယဥက္ကဋ္ဌ စက်မှုဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးရင်မောင်ညွန့်နှင့်အဖွဲ့ဝင်များ၊ ချေးငွေဆိုင်ရာလုပ်ငန်းအဖွဲ့ဥက္ကဋ္ဌနှင့် အဖွဲ့ဝင်များ၊ မြန်မာနိုင်ငံဘဏ်များအသင်းဥက္ကဋ္ဌနှင့် PFI ဘဏ်များမှ တာဝန်ရှိပုဂ္ဂိုလ်များ တက်ရောက်ကြသည်။



ဦးစွာ အသေးစား၊ အငယ်စားနှင့် အလတ်စားစီးပွားရေးလုပ်ငန်းများ ဖွံ့ဖြိုးတိုးတက်ရေး ရန်ပုံငွေစီမံခန့်ခွဲမှုအဖွဲ့ဥက္ကဋ္ဌနှင့် ဒုတိယဥက္ကဋ္ဌတို့က အဖွင့်အမှာစကားများ ပြောကြားကြသည်။ ဆက်လက်၍ ချေးငွေဆိုင်ရာ လုပ်ငန်းအဖွဲ့ဥက္ကဋ္ဌ မြန်မာ့စီးပွားရေးဘဏ် ဦးဆောင်ညွှန်ကြားရေးမှူးနှင့် PFI ဘဏ်များမှ တာဝန်ရှိပုဂ္ဂိုလ်များက ရန်ပုံငွေစီမံခန့်ခွဲမှုအဖွဲ့ဥက္ကဋ္ဌနှင့် ဒုတိယဥက္ကဋ္ဌတို့၏ ရှေ့မှောက်တွင် ပူးပေါင်းဆောင်ရွက်မှု သဘောတူစာချုပ် (Partici-pation Agreement) များ၌ လက်မှတ်ရေးထိုးကြသည်။

ထို့နောက် နိုင်ငံပိုင်ဘဏ်များနှင့် ပုဂ္ဂလိကဘဏ်များမှ တာဝန်ရှိသူများက ချေးငွေထုတ်ချေးခြင်းဆိုင်ရာ လုပ်ထုံးလုပ်နည်း၊ ချေးငွေအဆိုပြုလွှာ၊ တင်ပြရမည့် အထောက်အထားများနှင့် ချေးငွေထုတ်ချေးမည့် လုပ်ငန်းစဉ်အဆင့်ဆင့်တို့ကို ရှင်းလင်းတင်ပြပြီး တက်ရောက်လာသူများ၏ ဆွေးနွေးမေးမြန်းချက်များကို သက်ဆိုင်ရာတာဝန်ရှိပုဂ္ဂိုလ်များက ပြန်လည်ဖြေကြားကြသည်။

အသေးစား၊အငယ်စားနှင့် အလတ်စားစီးပွားရေးလုပ်ငန်းများ ဖွံ့ဖြိုးတိုးတက်ရေးအတွက် နိုင်ငံတော်မှ ကျပ်ဘီလီယံ ၁၇၀ ကို MSME လုပ်ငန်းများ ဖွံ့ဖြိုးတိုးတက်ရေးရန်ပုံငွေတွင် ထည့်သွင်းထားရှိပြီး၊ အဆိုပါရန်ပုံငွေမှ ငွေကျပ်ဘီလီယံ ၁၅၀ ကို MSME လုပ်ငန်းများဖွံ့ဖြိုးတိုးတက်ရေး ချေးငွေထုတ်ချေးနိုင်ရန် စီမံကိန်းနှင့် ဘဏ္ဍာရေးဝန်ကြီးဌာနနှင့် စက်မှုဝန်ကြီးဌာနတို့ ပူးပေါင်းဆောင်ရွက်လျက် ရှိကြောင်း သိရသည်။

**သတင်းစဉ်**

# (၄၅) ကြိမ်မြောက် အာဆီယံမူးယစ်ဆေးဝါးဆိုင်ရာ အဆင့်မြင့်အရာရှိကြီးများ အစည်းအဝေးနှင့် ဆက်စပ်အစည်းအဝေးများကျင်းပ

**နေပြည်တော် အောက်တိုဘာ ၃**

(၄၅) ကြိမ်မြောက် အာဆီယံမူးယစ်ဆေးဝါးဆိုင်ရာ အဆင့်မြင့်အရာရှိကြီးများ အစည်းအဝေးကို ယနေ့နံနက်ပိုင်းတွင် ဖိလစ်ပိုင်နိုင်ငံမှ အလှည့်ကျအိမ်ရှင်အဖြစ် ကျင်းပရာ မူးယစ်ဆေးဝါးနှင့် စိတ်ကိုပြောင်းလဲစေသော ဆေးဝါးများအန္တရာယ် တားဆီးကာကွယ်ရေး ဗဟိုအဖွဲ့၊ တွဲဖက်အတွင်းရေးမှူး၊ မူးယစ်ဆေးဝါးတားဆီးနှိမ်နင်းရေး ရဲတပ်ဖွဲ့၊ တပ်ဖွဲ့မှူး ယာယီရဲမှူးချုပ် သန့်လွင်မောင် ဦးဆောင်သော ကိုယ်စားလှယ်အဖွဲ့က နေပြည်တော် မူးယစ်ဆေးဝါးတားဆီးနှိမ်နင်းရေးရဲတပ်ဖွဲ့မှူးရုံး အစည်းအဝေးခန်းမမှ ဗီဒီယိုကွန်ဖရင့်စနစ်ဖြင့် တက်ရောက်သည်။

အစည်းအဝေးတွင် (၄၄) ကြိမ်မြောက် အာဆီယံမူးယစ်ဆေးဝါးဆိုင်ရာ အဆင့်မြင့်အရာရှိကြီးများ အစည်းအဝေးနှင့် ဆက်စပ်အစည်းအဝေးများ၏ ASOD-မြန်မာသဘာပတိဖြစ်သူ မူးယစ်ဆေးဝါးနှင့် စိတ်ကိုပြောင်းလဲစေသော ဆေးဝါးများအန္တရာယ် တားဆီးကာကွယ်ရေး ဗဟိုအဖွဲ့၊ တွဲဖက်အတွင်းရေးမှူး၊ မူးယစ်ဆေးဝါး တားဆီးနှိမ်နင်းရေး ရဲတပ်ဖွဲ့၊ တပ်ဖွဲ့မှူး ယာယီရဲမှူးချုပ် သန့်လွင်မောင်က (၄၅) ကြိမ်မြောက် အာဆီယံမူးယစ်ဆေးဝါးဆိုင်ရာ အဆင့်မြင့်အရာရှိကြီးများ အစည်းအဝေးနှင့် ဆက်စပ်အစည်းအဝေးများ၏ သဘာပတိဖြစ်သူ ASOD – ဖိလစ်ပိုင်ထံသို့ သဘာပတိတာဝန်များ လွှဲပြောင်းပေးအပ်ပြီး ASOD – ဖိလစ်ပိုင် သဘာပတိက ကြိုဆိုနှုတ်ခွန်းဆက်စကား ပြောကြားသည်။







အစည်းအဝေးတွင် ASOD-မြန်မာ ကိုယ်စားလှယ်အဖွဲ့ခေါင်းဆောင်က အာဆီယံဒေသကို မူးယစ်ဆေးဝါးပြဿနာမှ ဘေးကင်းလုံခြုံမှု ရှိစေရေးအတွက် ဆက်လက်ပူးပေါင်းဆောင်ရွက်မှု တိုးမြှင့်သွားရန် လိုအပ်ကြောင်း၊ ASOD – မြန်မာ၏ သဘာပတိတာဝန်ယူဆောင်ရွက်ခဲ့သည့် အချိန်ကာလများအတွင်း ASOD ၏ လုပ်ငန်းတာဝန်များကို အကောင်အထည်ဖော်ဆောင်ရွက်နိုင်ရေး ပံ့ပိုးကူညီခဲ့ကြသော အာဆီယံအတွင်းရေးမှူးရုံးနှင့် အာဆီယံအဖွဲ့ဝင်နိုင်ငံများအားလုံးကို အထူးကျေးဇူးတင်ရှိကြောင်း ပြောကြားသည်။

အစည်းအဝေးသို့ ASOD ခေါင်းဆောင်များ ဦးဆောင်သည့် ကိုယ်စားလှယ်များ၊ အာဆီယံအတွင်းရေးမှူးရုံး၊ AFP၊ UNODC နှင့် ကိုလံဘိုစီမံကိန်း မူးယစ်ဆေးဝါး အကြံပေးအစီအစဉ်တို့မှ ကိုယ်စားလှယ်များ တက်ရောက်ခဲ့ကြပြီး တက်ရောက်လာသည့် ကိုယ်စားလှယ်များက နိုင်ငံတကာ၊ ဒေသတွင်းနှင့် အမျိုးသားရေးဆိုင်ရာ တရားမဝင် မူးယစ်ဆေးဝါးတိုက်ဖျက်ရေး ကြိုးပမ်းချက်များနှင့်ပတ်သက်၍ သဘောထားအမြင်များ ဖလှယ်ခြင်း၊ ယခင် အစည်းအဝေးများအပေါ် အကောင်အထည်ဖော်ဆောင်ရွက်နိုင်မှုအခြေအနေများ၊ အာဆီယံလုပ်ငန်းစီမံချက်(၂၀၁၆-၂၀၂၅)နှင့် ပတ်သက်၍ အပြီးသတ်သုံးသပ်မှုအခြေအနေများ၊ အာဆီယံမူးယစ်ဆေးဝါးဆိုင်ရာ ဝန်ကြီးအဆင့် အစည်းအဝေးနှင့် ၎င်း၏ လုပ်ငန်းခွဲများအတွက် လုပ်ထုံးလုပ်နည်းများနှင့် လမ်းညွှန်ချက်များ ဖွံ့ဖြိုးတိုးတက်ရေးဆိုင်ရာ ကိစ္စရပ်များ၊ (၆၇) ကြိမ်မြောက် CND ၏ ရလဒ်များနှင့် CND ၏ အဆင့်မြင့်အရာရှိကြီးများ အစည်းအဝေးကဏ္ဍတွင် အာဆီယံ ပူးတွဲကြေညာချက် ထုတ်ပြန်မှုနှင့် ပတ်သက်သည့် အစီရင်ခံစာ ကိစ္စရပ်များ၊ (၄၆) ကြိမ်မြောက် ASOD အစည်းအဝေး ကျင်းပနိုင်ရေး ကိစ္စရပ်များကို ဆွေးနွေးခဲ့ကြသည်။

အောက်တိုဘာ ၂ ရက်တွင် (၄၅) ကြိမ်မြောက် အာဆီယံမူးယစ်ဆေးဝါးဆိုင်ရာ အဆင့်မြင့်အရာရှိကြီးများ အစည်းအဝေး၏ လုပ်ငန်းအဖွဲ့ ငါးဖွဲ့ဖြစ်သော ကြိုတင်ကာကွယ်ရေးနှင့် အသိပညာပေးရေး လုပ်ငန်းအဖွဲ့၊ ကုသရေးနှင့် ပြန်လည်ထူထောင်ရေး လုပ်ငန်းအဖွဲ့၊ တားဆီးနှိမ်နင်းရေး လုပ်ငန်းအဖွဲ့၊ သုတေသနလုပ်ငန်းအဖွဲ့နှင့် အစားထိုးဖွံ့ဖြိုးရေးလုပ်ငန်းအဖွဲ့တို့၏ အစည်းအဝေးများကို ကျင်းပခဲ့ရာ အာဆီယံအဖွဲ့ဝင် ၁၀ နိုင်ငံမှ ကိုယ်စားလှယ်များ တက်ရောက်ခဲ့ကြပြီး အစည်းအဝေးတွင် ပြည်သူလူထုကို မူးယစ်ဆေးဝါး အန္တရာယ် အသိပညာပေး ဆောင်ရွက်နေမှုများ၊ ဆေးစွဲလူနာများ ကုသပေးမှုအခြေအနေများနှင့် လူမှုအသိုင်းအဝိုင်းတွင် ပြန်လည်ဝင်ဆံ့နိုင်ရေး ဆောင်ရွက်နေမှုများ၊ အစားထိုးဖွံ့ဖြိုးရေးဆိုင်ရာ ကိစ္စရပ်များ၊ ဒေသတွင်း၊ ဒေသပြင်ပ မူးယစ်ဆေးဝါးအခြေအနေများနှင့် ပရိကာဆာဓာတုပစ္စည်း ထိန်းချုပ်ရေး ပူးပေါင်းဆောင်ရွက်မှုများ၊ ပိုမိုကြီးထွားလာသည့် လူလုပ်မူးယစ်ဆေးဝါး ပြဿနာဆိုင်ရာ ကိစ္စရပ်များ၊ ရှေ့ဆက်ပူးပေါင်းဆောင်ရွက်သွားမည့် အခြေအနေများကို ဆွေးနွေးခဲ့ကြောင်းနှင့် (၄၅) ကြိမ်မြောက် အာဆီယံမူးယစ်ဆေးဝါးဆိုင်ရာ အဆင့်မြင့်အရာရှိကြီးများ အစည်းအဝေးကို အောက်တိုဘာ ၄ ရက်အထိ ဆက်လက်ကျင်းပသွားမည် ဖြစ်ကြောင်း သိရသည်။

**သတင်းစဉ်**

# ပျော်ဘွယ်မြို့နယ်၌ လူဦးရေနှင့် အိမ်အကြောင်းအရာ သန်းခေါင်စာရင်းကောက်ယူနေမှု တာဝန်ရှိသူများ ကြည့်ရှုအားပေး



**ပျော်ဘွယ် အောက်တိုဘာ ၃**

ပျော်ဘွယ်မြို့နယ်တွင် ၂၀၂၄ ခုနှစ် လူဦးရေနှင့် အိမ်အကြောင်းအရာ သန်းခေါင်စာရင်းကောက်ယူခြင်းလုပ်ငန်းများကို မြို့နယ်အတွင်းရှိ ရပ်ကွက်နှင့်ကျေးရွာများတွင် အောက်တိုဘာ ၁ ရက်မှစတင်၍ စာရင်းကောက်အဖွဲ့များက စတင်ကောက်ယူလျက်ရှိရာ အဆိုပါစာရင်းကောက်ယူနေမှုကို ရမည်းသင်းခရိုင်စီမံအုပ်ချုပ်ရေးအဖွဲ့ဥက္ကဋ္ဌ ဦးမြင့်ထွန်းနှင့်အဖွဲ့ဝင်များ၊ မြို့နယ်သန်းခေါင်စာရင်းကော်မတီဥက္ကဋ္ဌ ဦးလွင်နှင့် တာဝန်ရှိသူများ ကြည့်ရှုအားပေးပြီး လိုအပ်သည်များ ကူညီဆောင်ရွက်ပေးခဲ့သည်။

ပျော်ဘွယ်မြို့နယ်တွင် လူဦးရေနှင့် အိမ်အကြောင်းအရာ သန်းခေါင်စာရင်း ကောက်ယူရမည့် အိမ်ခြေ ၇၇၀၀၀ ကျော်၊ အိမ်ထောင်စုပေါင်း ၇၈၀၀၀ ကျော်၊ လူဦးရေ ၂၇၀၀၀၀ ကျော်ကို စာရင်းကောက်အဖွဲ့ပေါင်း ၄၅ ဖွဲ့က စာရင်းကောက်ယူသွားမည်ဖြစ်ကြောင်း၊ စာရင်းကောက်အဖွဲ့တစ်အဖွဲ့အနေဖြင့် တစ်နေ့လျှင် အိမ်ခြေ(၁၂၀ နှင့် ၁၅၀) ကြားပြီးစီးအောင်ကောက်ယူသွားဖြစ်ကြောင်း မြို့နယ်သန်းခေါင်စာရင်းကော်မတီထံမှ သိရသည်။

**မောင်မွှေး**



## နေပြည်တော်ကောင်စီဝင်များ လယ်ဝေးမြို့နယ် ရုံးပင် - အေးချမ်းသာ (စစ်တောင်းမြစ်ကူးတံတား) ချဉ်းကပ်လမ်း မြစ်ရေတိုက်စားမှု ကွင်းဆင်းကြည့်ရှု လူဦးရေနှင့် အိမ်အကြောင်းအရာသန်းခေါင်စာရင်းကောက်ယူနေမှု ကြည့်ရှုအားပေး

**လယ်ဝေး အောက်တိုဘာ ၃**

နေပြည်တော် ကောင်စီဝင် ဗိုလ်မှူးကြီး ရဲမိုးနှင့် ဦးမြင့်စိုး တို့သည် လယ်ဝေးခရိုင် စီမံအုပ်ချုပ်ရေးအဖွဲ့ဥက္ကဋ္ဌ ဦးဇင်မင်းကိုနှင့်အဖွဲ့ဝင်များ၊ နေပြည်တော် မြစ်ချောင်းများ ဖွံ့ဖြိုးတိုးတက်ရေး ဦးစီးဌာနမှ တာဝန်ရှိသူများ၊ မြို့နယ်စီမံအုပ်ချုပ်ရေး အဖွဲ့နှင့် တာဝန်ရှိသူများနှင့်အတူ ယနေ့ နံနက်ပိုင်းက လယ်ဝေးမြို့နယ် ရုံးပင်-အေးချမ်းသာ (စစ်တောင်းမြစ်ကူးတံတား) ချဉ်းကပ်လမ်း မြစ်ရေတိုက်စားမှုအား ကွင်းဆင်းကြည့်ရှု၍ လူဦးရေနှင့် အိမ်အကြောင်းအရာ သန်းခေါင်စာရင်း ကောက်ယူနေမှုကို ကြည့်ရှုအားပေးသည်။

လယ်ဝေးမြို့နယ် အတွင်း ၂၀၂၄ ခုနှစ် လူဦးရေနှင့် အိမ်အကြောင်းအရာ သန်းခေါင်စာရင်းကို ကောက်ကွက် ၆၇၁ ကွက် စာရင်းစစ်စာရင်းကောက် ၂၈၉ ဦးဖြင့် ဆက်လက်ကောက်ယူလျက်ရှိကြောင်း သိရသည်။

**ဝေကြည်**

**(ပြန်/ဆက်)**

## ရန်ကုန်တိုင်းဒေသကြီးအစိုးရအဖွဲ့ဝင် ဝန်ကြီးများနှင့် မိသားစုဝင်များအား စာရင်းစစ်၊ စာရင်းကောက်များက ၂၀၂၄ ခုနှစ် လူဦးရေနှင့် အိမ်အကြောင်းအရာ သန်းခေါင်စာရင်းကောက်ယူ

**ရန်ကုန် အောက်တိုဘာ ၃**

၂၀၂၄ ခုနှစ် လူဦးရေနှင့် အိမ်အကြောင်းအရာ သန်းခေါင်စာရင်းကို အောက်တိုဘာ ၁ ရက်မှ ၁၅ ရက်အထိ စာရင်းစစ်၊ စာရင်းကောက်များက ကောက်ယူလျက်ရှိရာ အောက်တိုဘာ ၁ ရက်မှ စတင်၍ ရန်ကုန်တိုင်းဒေသကြီးအတွင်းရှိ ၄၅ မြို့နယ်မှ အိမ်ထောင်စုကောက်ကွက်ပေါင်း ၁၅၆၈၆ အတွက် စာရင်းစစ်၊ စာရင်းကောက် ၇၀၇၇ ဦးက တစ်ပြိုင်တည်း စာရင်းကောက်ယူလျက်ရှိသည်။

ထိုသို့ကောက်ယူလျက်ရှိရာ ယနေ့နံနက်ပိုင်းတွင် ကမာရွတ်မြို့နယ် ပန်းဝါလမ်းအိမ်ရာဝင်းအတွင်း နေထိုင်သော ရန်ကုန်တိုင်းဒေသကြီး အစိုးရအဖွဲ့ဝင် ဝန်ကြီးများနှင့် မိသားစုဝင်များအား စာရင်းစစ်၊ စာရင်းကောက်များက ၂၀၂၄ ခုနှစ် လူဦးရေနှင့် အိမ်အကြောင်းအရာ သန်းခေါင်စာရင်း ကောက်ယူခဲ့ကြောင်း သိရသည်။ **မိုးမြင့်မောင်၊ ဓာတ်ပုံ-ရွှေဝင်း**



## ဖျာပုံမြို့၌ လူဦးရေနှင့် အိမ်အကြောင်းအရာ သန်းခေါင်စာရင်းကောက်ယူနေမှု တာဝန်ရှိသူများ သွားရောက်ကြည့်ရှုအားပေး

**ဖျာပုံ အောက်တိုဘာ ၃**

ဧရာဝတီတိုင်းဒေသကြီး ဖျာပုံမြို့နယ်တွင် လူဦးရေနှင့် အိမ်အကြောင်းအရာ သန်းခေါင်စာရင်းကောက်ယူရာသို့ ခရိုင်သန်းခေါင် စာရင်းကြီးကြပ်မှုကော်မတီ ဥက္ကဋ္ဌနှင့် တာဝန်ရှိသူများသည် အောက်တိုဘာ ၃ ရက် နံနက်ပိုင်းက လိုက်လံကြည့်ရှု အားပေးကြသည်။

အဆိုပါ လူဦးရေနှင့် အိမ်အကြောင်းအရာ သန်းခေါင်စာရင်းကောက်ယူရာသို့ ဖျာပုံခရိုင် သန်းခေါင်စာရင်းကြီးကြပ်မှု ကော်မတီဥက္ကဋ္ဌ ခရိုင်အုပ်ချုပ်ရေးမှူး ဦးတင်လင်း၊ ခရိုင်စီမံအုပ်ချုပ်ရေး အဖွဲ့ အဖွဲ့ဝင် (၁) ဒုတိယဗိုလ်မှူးကြီး ကျော်မင်းယုနှင့် အဖွဲ့ဝင်များ၊ မြို့နယ်အတွင်းရှိ သမိန်ထောကုန်းတန်းကျေးရွာ၊ ကနိကျေးရွာ၊ တင်ပုလွဲကျေးရွာနှင့် ကျုံကဒွန်းကျေးရွာတို့တွင် လူဦးရေနှင့် အိမ်အကြောင်းအရာ သန်းခေါင်စာရင်း ကောက်ယူရာသို့ သွားရောက်ကြည့်ရှုပြီး သန်းခေါင်စာရင်း ကောက်ယူရာတွင် စာရင်းအချက်အလက်များ မှန်ကန်တိကျမှုရှိစေရေး၊ သတ်မှတ်ရက်အတွင်း ရာနှုန်းပြည့်ပြီးစီးအောင် ကြိုးစားကောက်ယူကြရန်နှင့် လိုအပ်သည်များကို ပေါင်းစပ်ညှိနှိုင်းဆောင်ရွက်ပေးခဲ့ကြသည်။ ဖျာပုံမြို့နယ်အနေဖြင့် မြို့ပေါ်ရပ်ကွက် ၂၃ ရပ်ကွက်၊ ကျေးရွာအုပ်စု ၅၂ အုပ်စု၊ စာရင်းကောက်အဖွဲ့ ၄၃ ဖွဲ့မှ မြို့နယ်အတွင်းရှိ အိမ်ထောင်စုကောက်ကွက် ၅၂၉ ကွက်နှင့် အဖွဲ့အစည်းကောက်ကွက် လေးကွက် စုစုပေါင်းစာရင်းကောက်ကွက် ၅၃၃ ကွက်အား စာရင်းကောက်အဖွဲ့များက ရပ်ကွက်၊ ကျေးရွာများအလိုက် Mobile Tablet ဖြင့် ကောက်ယူသွားမည်ဖြစ်ကြောင်း သိရသည်။

**အောင်ဝင်းနိုင် (ပြန်/ဆက်)**


❑ *ကျောဖုံးမှ*

နေရာကွက်၍ မိုးကြီးခြင်းများနှင့်အတူ လေပြင်းတိုက်ခတ်ခြင်းများဖြစ်ပေါ်နိုင်ကာ၊ နေပြည်တော်၊ မန္တလေးတိုင်းဒေသကြီး၊ မကွေးတိုင်းဒေသကြီး၊ ပဲခူးတိုင်းဒေသကြီး၊ ရန်ကုန်တိုင်းဒေသကြီး၊ ရှမ်းပြည်နယ်နှင့် ကယားပြည်နယ်တို့တွင် နေရာကျဲကျဲမှ နေရာစိပ်စိပ် မိုးထစ်ချုန်းရွာနိုင်သည်။

သို့ဖြစ်ပါ၍ မိုးသည်းထန်စွာရွာသွန်းခြင်းနှင့်အတူ လေပြင်းတိုက်ခတ်ခြင်း၊ မိုးထစ်ချုန်းခြင်း၊ မိုးကြိုးပစ်ခြင်း၊ လျှပ်စီးလက်ခြင်း၊ မိုးသီးကြွေခြင်း၊ လျှပ်တစ်ပြက်ရေကြီးခြင်းနှင့် မြေပြိုခြင်းစသည့် သဘာဝဘေးအန္တရာယ်များဖြစ်ပေါ်နိုင်ပါသဖြင့် အဆိုပါဒေသများရှိ ကုန်းမြင့်ဒေသအနီးတွင် နေထိုင်ကြသူများအနေဖြင့် မြေပြိုမှုအန္တရာယ်၊ မြစ်ငယ်၊ ချောင်းငယ်များအနီးတွင် နေထိုင်ကြသူများအနေဖြင့် ရေကြီး၊ ရေလျှံမှုများကို ကြိုတင်သတိပြုရှောင်ရှားနိုင်ပါရန်နှင့် ပြည်တွင်းရေကြောင်း သွားလာရေးနှင့် လေကြောင်းပျံသန်းရေးအနေဖြင့်လည်း ကြိုတင်သတိပြုနိုင်ပါရန် သတိပေးနှိုးဆော်အပ်ပါသည်။

**မိုး/ဇလ**

**မိုးလေဝသနှင့် ဇလဗေဒညွှန်ကြားမှုဦးစီးဌာန၊ WRF မော်ဒယ်လ်၏ ၃-၁၀-၂၀၂၄ ရက်နေ့ မြန်မာစံတော်ချိန် (၀၆ : ၃၀) နာရီအချိန်ကို အခြေခံတွက် ထုတ်ထားသည့် ၄-၁၀-၂၀၂၄ မှ ၆-၁၀-၂၀၂၄ ရက်နေ့အထိ မိုးရွာသွန်းမှုခန့်မှန်းချက်ပြပုံ။**




❖ *ကျောဖုံးမှ*

နေရာကွက်ကျား မိုးကြီးခြင်းများ ဖြစ်ပေါ်ခဲ့သည်။

ထို့ကြောင့် ပန်းလောင်မြစ်အထက်ပိုင်း ဒေသများတွင် မိုးအဆက်မပြတ် ရွာသွန်းခဲ့မှုများဖြစ်ပေါ်ခဲ့ရာ ပန်းလောင်မြစ်အထက်ပိုင်းရှိ တောင်ကျချောင်းရေများ စီးဆင်းမှုကြောင့် အောက်တိုဘာ ၁ ရက်တွင် မန္တလေးတိုင်းဒေသကြီး မြစ်သားမြို့နယ်အတွင်းရှိ ပန်းလောင်မြစ်၌ ရေကြီးရေလျှံမှုဖြစ်ပေါ်ခဲ့ပြီး အဆိုပါ မြစ်ဘေးတစ်လျှောက် ကျေးရွာများဖြစ်သည့် ရွာခိုင်ကြီးကျေးရွာ၊ အိမ်ရှေ့တောင်ကျေးရွာ၊ ကဆွန်ကျေးရွာ၊ မြစ်ဆုံကြီးကျေးရွာ၊ ရွှေပေါက်ကျွန်းကျေးရွာတို့တွင် မြစ်ရေ လေးပေခန့်၊ မြစ်သားမြို့၊ ကျွန်းတောရပ်ကွက်၊ မြို့မ (အရှေ့/အနောက်) နှင့် ဘူတာရပ်ကွက်၊ မြစ်သားမြို့နယ် ကျွန်းလှကျေးရွာ၊ မရှက်ကျေးရွာ၊ နွားကူးလေးကျေးရွာ၊ လောင်းတော်ဦးကျေးရွာ၊ ရွာမုန်းကြီးကျေးရွာ၊ ယွေးကျေးရွာနှင့် လက်ပံဆိပ်ကျေးရွာ၊ အုန်းကုန်းကျေးရွာတို့တွင် မြစ်ရေငါးပေခန့်၊ မြစ်သားမြို့ မင်းကုန်းရပ်ကွက်၊ ရှမ်းပွဲရပ်ကွက်၊ ရွှေသူဌေးရပ်ကွက်နှင့် အုပ်ရှစ်ကုန်းရပ်ကွက်များတွင် မြစ်ရေသုံးပေခန့် အသီးသီး ရေဝင်ရောက်နစ်မြုပ်မှုများ ဖြစ်ပေါ်ခဲ့သည်။

အဆိုပါ ရေဝင်ရောက်မှုဖြစ်ပေါ်ခဲ့သည့် မြစ်သားမြို့နယ်အတွင်းရှိ ရပ်ကွက် ၆ ရပ်ကွက်၊ ကျေးရွာ ၁၅ ရွာတို့မှ အိမ်ခြေ ၄၈၇၂ ခု၊ အိမ်ထောင်စု ၅၂၂၆ စု၊ လူဦးရေ ၁၉၈၄၅ ဦး ရေဘေးသင့်ခဲ့သဖြင့် အဆိုပါ ရေဘေးသင့် ပြည်သူများအနက် အိမ်ခြေ ၁၁၈၀၊ အိမ်ထောင်စု ၁၁၉၀ စု၊ လူဦးရေ ၄၁၅၇ ဦး တို့အား ယာယီရေဘေးကယ်ဆယ်ရေးစခန်း ၂၇ ခုဖွင့်လှစ်ပြီး နယ်မြေခံတပ်မတော်သားများ၊ မြန်မာနိုင်ငံရဲတပ်ဖွဲ့ဝင်များ၊ မီးသတ်တပ်ဖွဲ့ဝင်များ၊ ဌာနဆိုင်ရာအဖွဲ့အစည်းများနှင့် ပရဟိတအသင်းအဖွဲ့များက လိုအပ်သည့် ကူညီရွှေ့ပြောင်းမှုများ ဆောင်ရွက်ပေးကာ ရေဘေးသင့်ပြည်သူများ စားသောက်ရေးအဆင်ပြေစေရန်အတွက် စားသောက်ဖွယ်ရာများ ထောက်ပံ့ပေးအပ်၍ လိုအပ်သည့် ကျန်းမာရေးစောင့်ရှောက်မှုလုပ်ငန်းများ ဆောင်ရွက်ပေးလျက်ရှိပြီးသက်ဆိုင်ရာ တာဝန်ရှိသူများကလည်း သွားရောက်၍ လိုအပ်သည်များ ပေါင်းစပ်ညှိနှိုင်းဖြည့်ဆည်းဆောင်ရွက်ပေးသည်။

အဆိုပါ မြစ်သားမြို့နယ်အတွင်း ရေကြီးရေလျှံမှုမဖြစ်ပေါ်မီ သက်ဆိုင်ရာတာဝန်ရှိသူများက အသိပေးတိုက်တွန်းနှိုးဆော်ခြင်းများ၊ ကူညီရွှေ့ပြောင်းပေးခြင်းများကို အချိန်မီဆောင်ရွက်ပေးနိုင်ခဲ့သဖြင့် ရေဘေးကြောင့် ဒေသခံပြည်သူများ ထိခိုက်သေဆုံး ဒဏ်ရာရရှိမှုမရှိကြောင်း သိရှိရသည်။

လက်ရှိဖြစ်ပေါ်နေသော မိုးလေဝသအခြေအနေများအရ မိုးသည်းထန်စွာ ရွာသွန်းခြင်းနှင့်အတူ လေပြင်းတိုက်ခတ်ခြင်း၊ မိုးထစ်ချုန်းခြင်း၊ မိုးကြိုးပစ်ခြင်း၊ လျှပ်စီးလက်ခြင်း၊ မိုးသီးကြွေခြင်း၊ လျှပ်တစ်ပြက်ရေကြီးခြင်းနှင့် မြေပြိုခြင်းစသည့် သဘာဝဘေးအန္တရာယ်များ ဖြစ်ပေါ်နိုင်ပါသဖြင့် ကုန်းမြင့်ဒေသအနီးတွင် နေထိုင်ကြသူများအနေဖြင့် မြေပြိုမှုအန္တရာယ်၊ မြစ်ငယ်၊ ချောင်းငယ်များအနီးတွင် နေထိုင်ကြသူများအနေဖြင့် ရေကြီး၊ ရေလျှံမှုများကို ကြိုတင်သတိပြု ရှောင်ရှားနိုင်ပါရန်နှင့် ပြည်တွင်းရေကြောင်းသွားလာရေးနှင့် လေကြောင်းပျံသန်းရေးအနေဖြင့်လည်း ကြိုတင်သတိပြုနိုင်ပါရန် မိုးလေဝသနှင့် ဇလဗေဒညွှန်ကြားမှုဦးစီးဌာနမှ သတိပေးနှိုးဆော်ထားပြီး ပြည်သူများအနေဖြင့် မိုးလေဝသသတင်းများကို စဉ်ဆက်မပြတ် လေ့လာဖတ်ရှု၍ သတိပြုနေထိုင်ကြပါရန် အသိပေးထားသည်။ **သတင်းစဉ်**

## ကယားပြည်နယ်ဝန်ကြီးချုပ် ရေဘေးသင့်ပြည်သူများအား ကျန်းမာရေးစောင့်ရှောက်ပေးနေမှု ကြည့်ရှုအားပေး၊ ပြည်သူများနှင့် ကျောင်းသား ကျောင်းသူများအား ထောက်ပံ့ပေးအပ်

**လွိုင်ကော် အောက်တိုဘာ ၃**

လွိုင်ကော်မြို့နယ်အတွင်း လက်ရှိဖြစ်ပေါ်နေသော ရေကြီးရေလျှံဖြစ်ပွားမှုများအတွက် ပြည်နယ်အစိုးရအဖွဲ့သည် ရေဘေးသင့်ဘုန်းတော်ကြီးကျောင်းများ၊ ရေဘေးသင့်ပြည်သူများနှင့် ဝန်ထမ်းများအတွက် ဆန်၊ ဆီများ၊ ကျောင်းသား ကျောင်းသူများအတွက် ကျောင်းဝတ်စုံနှင့် ကျောင်းသုံးစာရေးကိရိယာများနှင့် ကျန်းမာရေးစောင့်ရှောက်မှုများ စသည်တို့ကို စဉ်ဆက်မပြတ် ကူညီထောက်ပံ့မှုများ ဆောင်ရွက်လျက်ရှိနေပြီး စေတနာရှင် အလှူရှင်များကလည်း လာရောက်ကူညီ လှူဒါန်းလျက်ရှိသည်။



ပြည်နယ်ဝန်ကြီးချုပ် ဦးဇော်မျိုးတင်၊ ပြည်နယ်အစိုးရအဖွဲ့ဝင်များနှင့် တာဝန်ရှိသူများသည် ယနေ့ နံနက်ပိုင်းက သာသနာ့ဗိမာန် ရေဘေးသင့်ကယ်ဆယ်ရေးစခန်း၌ လွိုင်ကော်မြို့ ခုတင် (၅၀၀) ပြည်နယ်ပြည်သူ့ဆေးရုံကြီးမှ အထူးကုဆရာဝန်ကြီးများနှင့် ကျွမ်းကျင်ပညာရှင်များက ရေဘေးသင့်ပြည်သူများအား ကျန်းမာရေးစောင့်ရှောက်ပေးနေမှုများကို ကြည့်ရှုအားပေးပြီး အဆိုပါ ကယ်ဆယ်ရေးစခန်း၌ ရေဘေးလာရောက်ခိုလှုံစဉ် မင်းစုနှင့် ဒေါနိုးကူးရပ်ကွက်မှ မွေးဖွားခဲ့သည့် ကလေးငယ်နှစ်ဦးအတွက် ချီးမြှင့်ငွေများ ပေးအပ်သည်။

ဆက်လက်၍ အမှတ်(၂) အခြေခံပညာအလယ်တန်းကျောင်းသို့ သွားရောက်ကာ နမ့်ကွတ်၊ မင်းစုနှင့် ဒေါနိုးကူးရပ်ကွက်မှ ရေဘေးသင့် ကျောင်းသား ကျောင်းသူ ၁၅၆ ဦးနှင့် ဆရာ ဆရာမ ၂၀ အတွက် ကျောင်းဝတ်စုံနှင့် ကျောင်းသုံးစာရေးကိရိယာများကို ထောက်ပံ့ပေးအပ်သည်။ ထို့နောက် အခြေခံပညာအထက်တန်းကျောင်း(ခွဲ) လောခမ္မသို့ ရောက်ရှိကာ အဆိုပါကျောင်းရှိ ဒေါနိုးကူး၊ နမ့်ကွတ်ရပ်ကွက်မှ ရေဘေးသင့် ကျောင်းသား ကျောင်းသူ ၄၂ ဦးနှင့် ဆရာ ဆရာမ ၁၇ ဦးတို့အတွက် ကျောင်းဝတ်စုံနှင့် ကျောင်းသုံးစာရေးကိရိယာများနှင့် ထောက်ပံ့ငွေများ ပေးအပ်သည်။

ထို့နောက် အမှတ်(၅) အခြေခံပညာအထက်တန်းကျောင်းသို့ ရောက်ရှိကာ ပြည်နယ်ဝန်ကြီးချုပ်က နမ့်ကွတ်နှင့် ဒေါနိုးကူးရပ်ကွက်မှ ရေဘေးသင့် ကျောင်းသား ကျောင်းသူ ၄၅ ဦးနှင့် ဆရာ ဆရာမ ၁၂ ဦးတို့အတွက် ကျောင်းဝတ်စုံနှင့် ကျောင်းသုံးစာရေးကိရိယာများ၊ ကျောင်းအတွက် လိုအပ်သည့် မီးစက်ဝယ်ယူရန် ထောက်ပံ့ငွေများ ပေးအပ်သည်။

ပြည်နယ်ဝန်ကြီးချုပ်နှင့် တာဝန်ရှိသူများသည် မွန်းလွဲပိုင်းတွင် ဥတ္တရာရုံပရိယတ္တိ စာသင်တိုက် ယာယီရေဘေးကယ်ဆယ်ရေးစခန်း၌ မှုံပြာကျေးရွာ ရေဘေးသင့်ပြည်သူများနှင့် တွေ့ဆုံကာ ပြည်နယ်ဝန်ကြီးချုပ်က ပြည်နယ်အစိုးရအဖွဲ့အနေဖြင့် မြို့နယ်အတွင်း ရေကြီးရေလျှံဖြစ်ပေါ်မှုများတွင် ကူညီကယ်ဆယ်ရေးနှင့် ထောက်ပံ့ရေးလုပ်ငန်းများကို လုပ်ဆောင်ပေးလျက်ရှိနေကြောင်း၊ ရေများ ပြန်လည်ကျဆင်းသည့်အခါ မိမိတို့ အသက်မွေးဝမ်းကျောင်းလုပ်ငန်းများကို အရှိန်အဟုန်ဖြင့် ပြန်လည်လုပ်ကိုင်ကြရန်လိုကြောင်း၊ လိုအပ်သည့် အကူအညီများကိုလည်း ပြည်နယ်အစိုးရအဖွဲ့မှ တတ်အားသရွေ့ ပံ့ပိုးကူညီပေးသွားမည်ဖြစ်ကြောင်း ပြောကြားသည်။

ထို့နောက် ပြည်နယ်ဝန်ကြီးချုပ်နှင့် တာဝန်ရှိသူများက ရေဘေးသင့်ပြည်သူများအတွက် ပြည်နယ်အစိုးရအဖွဲ့က ဆန် ၂၃ အိတ်၊ ဆီပိသာ ၄၀၊ အဆိုပါကျေးရွာ ဘုန်းတော်ကြီးကျောင်းအတွက် ဆန်နှစ်အိတ်၊ ဆီငါးပိသာ၊ ဘေးအန္တရာယ်ဆိုင်ရာ စီမံခန့်ခွဲမှုဦးစီးဌာနမှ လူတစ်ဦးလျှင် တစ်ပတ်စာဆန်ဖိုး စုစုပေါင်းငွေကျပ် ၃၅၀၇၀၀ နှင့် စေတနာရှင်၊ အလှူရှင်များက လှူဒါန်းသည့် လူသုံးကုန်ပစ္စည်းများကို ထောက်ပံ့ပေးအပ်ခဲ့ကြောင်း သိရသည်။

**ပြည်နယ်(ပြန်/ဆက်)**

## ရေပြန်လည်ကျဆင်းသွားသည့်နေရာများ၌ လိုအပ်သည့် သန့်ရှင်းရေးလုပ်ငန်းများနှင့် ကျန်းမာရေးစောင့်ရှောက်မှု လုပ်ငန်းများ ဆက်လက်ဆောင်ရွက်ပေးပြီး စားသောက်ဖွယ်ရာများနှင့် ထောက်ပံ့ပစ္စည်းများ ပေးအပ်လှူဒါန်း



**နေပြည်တော် အောက်တိုဘာ ၃**

နေပြည်တော် ကောင်စီနယ်မြေ အပါအဝင် တိုင်းဒေသကြီးနှင့် ပြည်နယ်များရှိ ရေကြီးရေလျှံမှု ဖြစ်ပေါ်ခဲ့သည့် ရပ်ကွက်/ကျေးရွာများတွင် ကူညီကယ်ဆယ်ရေး လုပ်ငန်းများနှင့်ပြန်လည်ထူထောင်ရေးလုပ်ငန်းများကို အင်တိုက်အားတိုက် တက်ကြွစွာ ပူးပေါင်းဆောင်ရွက်ပေးလျက်ရှိသည်။

ယနေ့တွင်လည်း နေပြည်တော် ကောင်စီနယ်မြေအတွင်းတွင်လည်းကောင်း၊ ရှမ်းပြည်နယ် (တောင်ပိုင်း) ကလောမြို့နယ်တွင်လည်းကောင်း၊ ကယားပြည်နယ် လွိုင်ကော်မြို့နယ်တွင် လည်းကောင်း ဘုန်းတော်ကြီးကျောင်းများ၊ စာသင်ကျောင်းများ၊ ဆေးရုံ၊ ဆေးခန်းများ၊ ဌာနဆိုင်ရာ အဆောက်အအုံများတွင် လိုအပ်သည်များ ကူညီရွှေ့ပြောင်းပေးခြင်းနှင့် သန့်ရှင်းရေးလုပ်ငန်းများ ဆောင်ရွက်ပေးခြင်း၊ လမ်း၊ တံတားများ၊ ရပ်ကွက်၊ ကျေးရွာများအတွင်း၌ တင်ကျန်ခဲ့သည့် နုန်းများ၊ သစ်ပင်သစ်ကိုင်းများ ဖယ်ရှားပေးခြင်းအပါအဝင် အခြားလိုအပ်သည်များကို တပ်မတော်သားများ၊ မြန်မာနိုင်ငံရဲတပ်ဖွဲ့ဝင်များ၊ မီးသတ်တပ်ဖွဲ့ဝင်များ၊ ကြက်ခြေနီတပ်ဖွဲ့ဝင်များနှင့် လူမှုဝန်ထမ်း ကယ်ဆယ်ရေးအဖွဲ့များက ဒေသခံပြည်သူများနှင့် ပူးပေါင်း၍ တက်ကြွစွာ ဆောင်ရွက်ပေးလျက်ရှိသည်။



ထို့ပြင် ယာယီရေဘေးရှောင်စခန်းများ၌ ရေဘေးသင့်ပြည်သူများကို ကျန်းမာရေးအဖွဲ့များက လိုအပ်သည့် ကျန်းမာရေးစောင့်ရှောက်မှုလုပ်ငန်းများနှင့် ကျန်းမာရေး အသိပညာပေး ဟောပြောဆွေးနွေးခြင်းများ ဆောင်ရွက်ပေးပြီး ထောက်ပံ့ပစ္စည်းများ၊ အဝတ်အထည်များ၊ အသုံးအဆောင်ပစ္စည်းများ၊ စားသောက်ဖွယ်ရာများနှင့် အလှူငွေများကို အားတက်သရော ပေးအပ်လှူဒါန်းလျက်ရှိသည်။ ထိုသို့ဆောင်ရွက်နေမှုများကို သက်ဆိုင်ရာတာဝန်ရှိသူများက သွားရောက်ကြည့်ရှုအားပေးပြီး လိုအပ်သည်များ ပေါင်းစပ်ညှိနှိုင်း ဆောင်ရွက်ပေးကာ စားသောက်ဖွယ်ရာများ၊ ထောက်ပံ့ရေး ပစ္စည်းများနှင့် ထောက်ပံ့ငွေများ ပေးအပ်သည်။

ထို့အပြင် ရေကြီးမှုကြောင့် ပျက်စီးမှုများ ဖြစ်ပေါ်ခဲ့သည့် လမ်း/တံတားများ ကိုလည်း လမ်းပန်းဆက်သွယ်ရေး အမြန်ပြန်လည် ကောင်းမွန်စေရန် အတွက် ကြိုးပမ်းဆောင်ရွက်လျက်ရှိရာ ပျက်စီးခဲ့သည့် လမ်း/တံတားများကိုလည်း ယာယီသံပေါင် ဘေလီတံတားများ အစားထိုး၍ အမြန်ဆုံးပြန်လည်ပြင်ဆင် ဆောင်ရွက်ပေးလျက်ရှိကြောင်းနှင့် ပြုပြင်ရန်ကျန်ရှိနေသည့် တံတားများကိုလည်း အမြန်ဆုံး ဆက်လက်ပြုပြင်ဆောင်ရွက်လျက် ရှိကြောင်း သတင်းရရှိသည်။ **သတင်းစဉ်**

## အကြမ်းဖက်အုပ်စုအဖြစ် ကြေညာထားသော CRPH၊ NUG နှင့် ၎င်းတို့၏ လက်ဝေခံများ၏ လှုံ့ဆော်၊ ဝါဒဖြန့်ခြင်းများအား လိုက်ပါလုပ်ဆောင်ခြင်း၊ အားပေးကူညီခြင်းများ ပြုလုပ်ခဲ့သူများအား ဖော်ထုတ်အရေးယူ

**နေပြည်တော် အောက်တိုဘာ ၃**

အကြမ်းဖက်အုပ်စုအဖြစ် ကြေညာထားသော CRPH၊ NUG နှင့် ယင်းတို့၏ လက်ဝေခံအဖွဲ့အစည်းများ၊ ယင်းတို့နှင့် ဆက်နွှယ်နေသော အဖွဲ့အစည်းများ၊ လူပုဂ္ဂိုလ်များသည် နိုင်ငံတော်တည်ငြိမ်အေးချမ်းရေးကို ပျက်ပြားစေရန်နှင့် ပြည်သူလူထုကို အကြောက်တရားများ ဖြစ်ပေါ်စေပြီး အစိုးရယန္တရားများ ပျက်ပြားစေရန် ရည်ရွယ်လျက် လှုံ့ဆော်ခြင်း၊ ဝါဒဖြန့်ခြင်း၊ ခြိမ်းခြောက်ခြင်းများကို လူမှုကွန်ရက်များမှ တစ်ဆင့် နည်းမျိုးစုံဖြင့် ပြုလုပ်လျက်ရှိသည်။

ပြည်သူများအနေဖြင့် ယင်းတို့၏ လှုံ့ဆော်မှု၊ ဝါဒဖြန့်မှုများအပေါ် မသိနားမလည်၍ဖြစ်စေ၊ ကြောက်ရွံ့၍ဖြစ်စေ လိုက်ပါလုပ်ဆောင်ခြင်း၊ အသံဖြင့်ဖြစ်စေ၊ ပြုလုပ်မှုဖြင့်ဖြစ်စေ၊ တစ်နည်းနည်းဖြင့် ဖြစ်စေ အများပြည်သူအနှောင့်အယှက်ဖြစ်စေမည့် ပြုလုပ်မှုများပြုလုပ်ခြင်း၊ လှုံ့ဆော်ဝါဒဖြန့်မှုများကို ထပ်ဆင့်ဝေမျှခြင်း၊ အားပေးကူညီခြင်းများ ပြုလုပ်ခဲ့လျှင် အကြမ်းဖက်မှုတိုက်ဖျက်ရေး ဥပဒေပုဒ်မ ၅၂(က)၊ ရာဇသတ်ကြီးပုဒ်မ ၁၂၄-ကနှင့် ပုဒ်မ ၅၀၅-က၊ အီလက်ထရောနစ် ဆက်သွယ်ဆောင်ရွက်ရေးဥပဒေပုဒ်မ ၃၃ (က)နှင့် တည်ဆဲဥပဒေများအရ အရေးယူခံရမည့်အပြင် ပြစ်မှုနှင့်သက်ဆိုင်သည့် ရွှေ့ပြောင်းနိုင်သောပစ္စည်း၊ မရွှေ့ပြောင်းနိုင်သောပစ္စည်းများကို အကြမ်းဖက်မှုတိုက်ဖျက်ရေးဥပဒေအရ သိမ်းဆည်းခံရနိုင်ပြီး ပြစ်မှုထင်ရှားစီရင်ခြင်းခံရပါက နိုင်ငံတော်ဘဏ္ဍာအဖြစ် သိမ်းဆည်းခံရနိုင်ကြောင်း ၂၀၂၂ ခုနှစ် ဇန်နဝါရီ ၂၅ ရက်တွင် နိုင်ငံပိုင်မီဒီယာများမှတစ်ဆင့် အသိပေးသတင်းထုတ်ပြန်ခဲ့ပြီးဖြစ်သည်။

ထိုကဲ့သို့ သတင်းထုတ်ပြန်ခဲ့ပြီးဖြစ်သော်လည်း ၂၀၂၄ ခုနှစ် အောက်တိုဘာ ၁ ရက်တွင် အသိပေးထုတ်ပြန်ချက်အပေါ် မျက်ကွယ်ပြု၍ နိုင်ငံတော်တည်ငြိမ်အေးချမ်းရေးကို ပျက်ပြားစေရန် ရည်ရွယ်ကာ လူမှုကွန်ရက်စာမျက်နှာပေါ်၌ လှုံ့ဆော်ခြင်း၊ ဝါဒဖြန့်ခြင်းများ ပြုမူလုပ်ဆောင်ခဲ့သည့် “Thant Zaw Oo” Facebook အကောင့်ပိုင်ရှင်ဖြစ်သူ ရန်ကုန်တိုင်းဒေသကြီး ကျောက်တန်းမြို့နယ်နေ သန့်ဇော်ဦးအား မွန်းလွဲ ၁ နာရီခွဲတွင် ကျောက်တန်းမြို့မရဲစခန်း၌ တရားဥပဒေနှင့်အညီ ဖမ်းဆီးထိန်းသိမ်း အမှုဖွင့်လှစ်အရေးယူ ဆောင်ရွက်ခဲ့သည်။

ထိုကဲ့သို့ CRPH၊ NUG နှင့် ယင်းတို့၏ လက်ဝေခံအဖွဲ့အစည်းများ၊ ယင်းတို့နှင့် ဆက်နွှယ်နေသော အဖွဲ့အစည်းများ၊ လူပုဂ္ဂိုလ်များသည် နိုင်ငံတော်တည်ငြိမ်အေးချမ်းရေးကို ပျက်ပြားစေရန်နှင့် အစိုးရယန္တရားများ ပျက်ပြားစေရန် ရည်ရွယ်လျက် လှုံ့ဆော်ခြင်း၊ ဝါဒဖြန့်ခြင်းများ ပြုလုပ်ခဲ့မှုအပေါ် ဥပဒေနှင့်အညီ ထိရောက်စွာ အရေးယူသွားမည်ဖြစ်ကြောင်းနှင့် ထိုသို့ လှုံ့ဆော်သူ၊ ဝါဒဖြန့်သူများအား ဆက်လက်ဖော်ထုတ်အရေးယူသွားမည်ဖြစ်ကြောင်း သိရသည်။ **သတင်းစဉ်**

## ဗဟန်းမြို့နယ် သီလရှင်စာသင်တိုက်များ ဆွမ်းဆန်စိမ်းလောင်းလှူပွဲနှင့် အလှူငွေပေးအပ်လှူဒါန်းပွဲကျင်းပ

ရန်ကုန် အောက်တိုဘာ ၃

ရန်ကုန်တိုင်းဒေသကြီး ဗဟန်းမြို့နယ် သီလရှင်စာသင်တိုက်များရှိ ဆွမ်းဆန်စိမ်းလောင်းလှူပွဲနှင့် လိပ်ပြာကန်ကျောင်းတိုက် နန္ဒာအောင်မြေကျောင်း ငါးထပ်ကျောင်းဆောက်လုပ်ရန် အလှူငွေပေးအပ်ပွဲကို အောက်တိုဘာ ၂ ရက်က ဗဟန်းမြို့နယ် ရေတာရှည်လမ်းဟောင်းရှိ သမ္မတသင်္ကန်းတိုက်၌ ကျင်းပသည်။



ဦးစွာ ဗဟန်းမြို့နယ် ဝိသုဒ္ဓါရုံပါဠိတက္ကသိုလ်မှ တိုက်အုပ်ဆရာတော် အဂ္ဂမဟာအကျော်၊ ဝိနယပါဠိပါရဂူ၊ ပိဋကတ္တယပါရဂူ၊ ဒွိပိဋကဓရ (ပိဋကတ်နှစ်ပုံဆောင်)၊ အဂ္ဂမဟာဂန္ထဝါစကပဏ္ဍိတ နိုင်ငံတော် ဗဟိုသံဃာ့ဝန်ဆောင်၊ ဓမ္မစကူးလ် ဖောင်ဒေးရှင်း (ဗဟို) ဥက္ကဋ္ဌဆရာတော် သမဏအာဇာနည် အရှင် သီရိကန္တနာဘိဝံသ ဆရာတော်ထံမှ ရှစ်ပါးသီလ ခံယူဆောက်တည်ကြသည်။

ထို့နောက် အလှူရှင် ဦးသန်းနိုင်နှင့် ဇနီး ဒေါ်ကြည်ကြည်ဆွေမိသားစုတို့က နန္ဒာအောင်မြေကျောင်း ငါးထပ်ကျောင်းဆောင်သစ် ဆောက်လုပ်ရန်အတွက် အလှူငွေကျပ်သိန်း ၅၀၀ ဆက်ကပ်လှူဒါန်းကြပြီး ငါးထပ်ကြီး လိပ်ပြာကန်ကျောင်းတိုက် နန္ဒာအောင်မြေကျောင်း ပဓာနနာယကဆရာတော် မဟာသဒ္ဓမ္မဇောတိကဓဇ၊ အဂ္ဂမဟာသဒ္ဓမ္မဇောတိကဓဇအဂ္ဂမဟာကမ္မဋ္ဌာနာစရိယ၊ ဒေါက်တာနိမလ အရှင်သုမြတ်က သာရဏီယကထာ၊ ဝမ်းမြောက် မုဒိတာစကား မြွက်ကြားသည်။

ထို့နောက် အောင်ပြည့်အေးချမ်း ကေတုမတီ ပရိယတ္တိစာသင်တိုက် ပဓာနနာယကဆရာတော် အရှင် သိရိက္ခနာဘိဝံသက အနုမောဒနာတရားဟောကြားသည်။

ယင်းနောက် အဂ္ဂမဟာသီရိသုဓမ္မသီဂီ ဒေါ်ကြည်ကြည်ဆွေ၏ မွေးနေ့အထိမ်းအမှတ် ဗဟန်းမြို့နယ်အတွင်းရှိ သီလရှင်ကျောင်းတိုက်ပေါင်း ၂၃ ကျောင်းမှ သီလရှင် ဆရာကြီး၊ ဆရာလေးများ အပါး ၅၀၀တို့အား ဆန်၊ ဆီ၊ ဆား၊ ကြက်သွန်၊ ရေသန့်၊ သွားတိုက်ဆေး၊ သွားပွတ်တံ၊ ဆပ်ပြာနှင့် ဝတ္ထုငွေများ လောင်းလှူခဲ့ကြကြောင်း သိရသည်။

တင်စိုး(မြန်မာ့အလင်း)

## ချန်ပီယံလိဂ်ပြိုင်ပွဲ အုပ်စုပွဲစဉ် (၂) များ ယှဉ်ပြိုင် ဘိုင်ယန်မြူးနစ်ကို အက်စ်တွန်ဗီလာအသင်း အနိုင်ရရှိ

ယူအီးအက်ဖ်အေ ချန်ပီယံလိဂ်ပြိုင်ပွဲ အုပ်စုပွဲစဉ် (၂) မှ ပရီမီယာလိဂ်ကလပ် အက်စ်တွန်ဗီလာနှင့် ဂျာမန်ကလပ် ဘိုင်ယန်မြူးနစ်အသင်း ပွဲစဉ်ကို အောက်တိုဘာ ၃ ရက် နံနက်ပိုင်းက ယှဉ်ပြိုင်ကစားခဲ့ရာ အက်စ်တွန်ဗီလာအသင်းက အကြိတ်အနယ်ကစားပြီး တစ်ဂိုး-ဂိုးမရှိဖြင့် နိုင်ပွဲရရှိခဲ့သည်။ အက်စ်တွန်ဗီလာအသင်းသည် အဖွင့်ပွဲစဉ်တွင် ယန်ဘိုင်းအသင်းကို သုံးဂိုးပြတ် နိုင်ပွဲရရှိထားသည့်အတွက် နှစ်ပွဲကစား နှစ်ပွဲနိုင်ပြီး ရမှတ်အပြည့် ရရှိထားသည်။

ဘိုင်ယန်မြူးနစ်အသင်းသည် အက်စ်တွန်ဗီလာအသင်းကို ပွဲချိန်တစ်လျှောက် ဂိုးပေါက်ခြိမ်းခြောက်မှု အသာနှင့်အတူ တစ်ဖတ်သတ်ဖိအားပေးတိုက်စစ်ဆင်ကစားနိုင်ခဲ့သော်လည်း ပြိုင်ဘက်အသင်းခံစစ်နှင့် ဂိုးသမားတို့ကို ကျော်ဖြတ်နိုင်ခြင်း မရှိခဲ့ချေ။

အက်စ်တွန်ဗီလာသည် ပွဲချိန် ၂၂ မိနစ်တွင် ပါအူတောရက်စ် ဂိုးသွင်းယူနိုင်ခဲ့သော်လည်း ဗွီအေအာရ် ပြန်လည်ကြည့်ရှုစစ်ဆေးပြီးနောက် ပယ်ဖျက်ခဲ့သည့်အတွက် နှစ်နာခဲ့ရသည်။ အသင်းအတွက် တစ်လုံးတည်းသော အနိုင်ဂိုးကို ပွဲချိန် ၇၉ မိနစ်တွင် ရရှိခဲ့ပြီး ပါအူတောရက်စ်၏ ဖန်တီးမှုမှတစ်ဆင့် ဝှန်ဒုရန်က သွင်းယူပေးခဲ့သည်။

ချန်ပီယံလိဂ်ပြိုင်ပွဲ အုပ်စုပွဲစဉ် (၂) မှ အခြားသော ပွဲစဉ်ရလဒ်များတွင် ဘင်ဖီကာက အက်ဘလက်တီကို မက်ဒရစ်ကို လေးဂိုး-ဂိုးမရှိ၊ လိုင်လီက ရီးရဲမက်ဒရစ်ကို တစ်ဂိုး-ဂိုးမရှိ၊ လီဗာပူးက ဘိုလော့ဂ်နာကို နှစ်ဂိုး-ဂိုးမရှိ၊ ဂျူဗင်တပ်စ်က လိုက်ပ်ဇစ်ကို သုံးဂိုး-နှစ်ဂိုး၊ ကလပ် ဘရူဂက စတန်းဂရက်ဇ်ကို တစ်ဂိုး-ဂိုးမရှိဖြင့် နိုင်ပွဲရရှိခဲ့ပြီး ဒိုင်နမိုဇာဂရက်နှင့် မိုနာကိုအသင်းပွဲစဉ်မှာ တစ်ဖက်နှစ်ဂိုးစီဖြင့် သရေကျခဲ့သည်။

အောင်ဇော်

## သန်းခေါင်စာရင်းကောက်ယူရေးအဖွဲ့က လူမျိုးရေး၊ ဘာသာရေး လှုံ့ဆော်သည့်စကားများပြောဟု သတင်းအမှားများ မဟုတ်မမှန် ရေးသားဖြန့်ဝေလျက်ရှိ

နေပြည်တော် အောက်တိုဘာ ၃

နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ၏ ဝန်ထမ်းများက သန်းခေါင်စာရင်းလာကောက်စဉ် လူမျိုးရေး၊ ဘာသာရေးလှုံ့ဆော်သည့် စကားများပြောကြောင်း တရားမဝင်ပြည်ဖျက်မီဒီယာများက သတင်းအမှားများ မဟုတ်မမှန်ရေးသားဖြန့်ဝေလျက်ရှိကြောင်း တွေ့ရှိရသည်။




ပြည်ဖျက်မီဒီယာများသည် နိုင်ငံတော်အစိုးရကို ပြည်သူလူထုက အထင်အမြင်လွဲမှားစေရန် ရည်ရွယ်ချက်ရှိရှိ ရေးသားဖြန့်ဝေခြင်းသာဖြစ်ကြောင်း၊ လူဦးရေစာရင်းနှင့်ဆက်စပ်သည့် အကြောင်းအရာအချက်အလက်များကို တိကျမှန်ကန်စွာ ကောက်ယူပြုစုရခြင်းဖြစ်ကြောင်း၊ ရရှိလာမည့် စာရင်းများကိုအခြေခံ၍ နိုင်ငံတော်နှင့် ပြည်သူများအတွက် လူမှုရေး စီးပွားရေး၊ ပညာရေး၊ ကျန်းမာရေး၊ လုံခြုံရေး စသည့်လိုအပ်သည့် လုပ်ငန်းများကို ဖြည့်ဆည်း ဆောင်ရွက်ပေးနိုင်မည်ဖြစ်ရာ သန်းခေါင်စာရင်းသည် နိုင်ငံတော်၏စီမံကိန်းများ အောင်မြင်စေရန် အထောက်အပံ့ဖြစ်စေမည့် အခြေခံကျသည့် လုပ်ငန်းစဉ်ကြီးဖြစ်ကြောင်း၊ တိကျမှန်ကန်သော စာရင်းများရရှိပါက ပြည်သူတစ်ဦးချင်းစီနှင့် ပြည်သူအားလုံး၏ အနာဂတ်ဘ၀ ဖွံ့ဖြိုးတိုးတက်မှု၊ တစ်မျိုးသားလုံး၏ အကျိုးစီးပွားများကို လိုအပ်သလို ဖြည့်ဆည်းပေးရန် အထောက်အကူများ ရရှိနိုင်မည်ဖြစ်ကြောင်း၊ ပြည်ဖျက်မီဒီယာများနှင့် မြေပေါ် မြေအောက်အဖွဲ့အစည်းများသည် နိုင်ငံတော်ကြီး ဖွံ့ဖြိုးတိုးတက်မည်ကိုမလိုလား၍ နိုင်ငံတော်အစိုးရအပေါ် ဘက်ပေါင်းစုံမှ ထိုးနှက်တိုက်ခိုက်လျက်ရှိပြီး ယခုသတင်းနှင့်ပတ်သက်၍လည်း ပြည်သူလူထုအကြား ဘာသာရေးခွဲ်ခြားတိုက် လှုံ့ဆော်နေသည့် သတင်းဖြစ်ကြောင်း လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဝန်ကြီးဌာန တာဝန်ရှိသူ တစ်ဦးထံမှ သိရသည်။

သတင်းစဉ်

## ရန်ကုန်မြို့တွင်ကစားမည့် သီရိလင်္ကာအသင်းနှင့် ခြေစမ်းပွဲအတွက် မြန်မာ့လက်ရွေးစင်အသင်း လေ့ကျင့်ပြင်ဆင်

ရန်ကုန် အောက်တိုဘာ ၃

မြန်မာ့လက်ရွေးစင်အသင်းသည် အောက်တိုဘာ ဒုတိယပတ်တွင် ယှဉ်ပြိုင်ရမည့် သီရိလင်္ကာအသင်းနှင့် ခြေစမ်းပွဲအတွက် လေ့ကျင့်ပြင်ဆင်မှုများ ပြုလုပ်လျက်ရှိသည်။ မြန်မာ့လက်ရွေးစင်အသင်းနှင့် သီရိလင်္ကာလက်ရွေးစင်အသင်းသည် အောက်တိုဘာ ၁၀၊ ၁၃ ရက်တွင် ရန်ကုန်မြို့ရှိ သုဝဏ္ဏကွင်း၌ ခြေစမ်းပွဲ နှစ်ပွဲ ယှဉ်ပြိုင်ကစားမည်ဖြစ်သည်။

မြန်မာ့လက်ရွေးစင်အသင်းကို ပဏာမကစားသမား ၄၀ နီးပါးဖြင့် ဖွဲ့စည်းထားပြီး ပြည်ပကလပ်တွင် ကစားနေသူအချို့မှာ လာမည့်ရက်ပိုင်းမှ အသင်းနှင့် ပူးပေါင်းနိုင်မည်ဖြစ်သည်။ မြန်မာ့လက်ရွေးစင်အသင်းသည် စက်တင်ဘာ ၂၄ ရက်ကတည်းက စခန်းဝင်လေ့ကျင့်နေခြင်းဖြစ်ပြီး နည်းပြချုပ်အဖြစ် ဦးမျိုးလှိုင်ဝင်းက ကိုင်တွယ်လျက်ရှိသည်။ မြန်မာ့လက်ရွေးစင်အသင်း ပဏာမလူစာရင်းတွင် ပြည်တွင်းကလပ်များတွင် ကစားနေသူ အများစုပါဝင်လာပြီး ပြည်ပကလပ်များတွင် ကစားနေသူများအနက် ခုနစ်ဦး ရွေးချယ်ခံရသည်။

ရဲရင့်လွင်

## တရားမဝင် လုပ်ငန်းသုံးပစ္စည်းများ၊ လူသုံးကုန်ပစ္စည်းများ၊ စားသောက်ကုန်ပစ္စည်းများ၊ လိုင်စင်မဲ့မော်တော်ဆိုင်ကယ်များနှင့် မော်တော်ယာဉ်များ ဖမ်းဆီးရမိ

နေပြည်တော် အောက်တိုဘာ ၃

**တရားမဝင်ကုန်သွယ်မှုတိုက်ဖျက်ရေးဦးဆောင်ကော်မတီ၏ ကြီးကြပ်ကွပ်ကဲမှုဖြင့် တရားမဝင်ကုန်သွယ်မှုများကို ဥပဒေနှင့်အညီ ထိရောက်စွာ တားဆီးအရေးယူနိုင်ရေး ဆောင်ရွက်လျက်ရှိသည်။**

အောက်တိုဘာ ၂ ရက်တွင် အကောက်ခွန်ဦးစီးဌာန၏ စီမံခန့်ခွဲမှုဖြင့် တာဝန်ကျ ပူးပေါင်းအဖွဲ့များက စစ်ဆေးမှုများ ဆောင်ရွက်ခဲ့ရာ မြန်မာ့စက်မှုဆိပ်ကမ်း၌ ကုန်သေတ္တာအလုံး ၃၀ အတွင်းမှ တရားမဝင် စာရွက်စာတမ်းအထောက်အထား တင်ပြနိုင်ခြင်း မရှိသည့် လုပ်ငန်းသုံးပစ္စည်းကိုးမျိုး၊ လူသုံးကုန်ပစ္စည်းတစ်မျိုး (ခန့်မှန်းတန်ဖိုးငွေကျပ် ၁၁၅၅၈၅၆၃၇၇) ကိုလည်းကောင်း၊ အေးရှားဝေါလ် ကုန်သေတ္တာ စစ်ဆေးရေးစခန်း၌ ကုန်သေတ္တာ ၃၅ လုံးအတွင်းမှ တရားမဝင် စာရွက်စာတမ်းအထောက်အထား တင်ပြနိုင်ခြင်းမရှိသည့် လုပ်ငန်းသုံးပစ္စည်း ခုနစ်မျိုး၊ လူသုံးကုန်သုံးမျိုး (ခန့်မှန်းတန်ဖိုးငွေကျပ် ၁၃၁၃၇၉၈၁၂၈၆) ကို လည်းကောင်း၊ သီလဝါဆိပ်ကမ်း၌ ကုန်သေတ္တာ ၁၅ လုံးအတွင်းမှ တရားမဝင်စာရွက်စာတမ်းအထောက်အထား တင်ပြနိုင်ခြင်းမရှိသည့် လုပ်ငန်းသုံးပစ္စည်း ခြောက်မျိုးနှင့် လူသုံးကုန်ပစ္စည်းတစ်မျိုး (ခန့်မှန်းတန်ဖိုးငွေကျပ် ၇၉၈၆၁၀၅၆၄၀) ကိုလည်းကောင်း၊ ရွာသာကြီး Dry Port ၌ တာချီလိတ်မြို့မှ ရန်ကုန်မြို့သို့ မောင်းနှင်လာသော မော်တော်ယာဉ်တစ်စီးပေါ်မှ သွင်းကုန်ကြေညာလွှာတွင် ကြေညာထားသည်နှင့် ကွဲလွဲစွာပါရှိလာသည့် လူသုံးကုန်ပစ္စည်း နှစ်မျိုး၊ လုပ်ငန်းသုံးပစ္စည်းတစ်မျိုး (ခန့်မှန်းတန်ဖိုးငွေကျပ် ၂၀၄၈၀၀၀၀) နှင့် အဆိုပါပစ္စည်းများ တင်ဆောင်လာသည့် Nissan Diesel Truck တစ်စီး (ခန့်မှန်းတန်ဖိုးငွေကျပ် ၅၅၀၀၀၀၀၀) ကိုလည်းကောင်း၊ မရမ်းချောင်းအမြဲတမ်း စစ်ဆေးရေးစခန်း၌ မော်လမြိုင်မြို့မှ ရန်ကုန်မြို့သို့ မောင်းနှင်လာသော မော်တော်ယာဉ်တစ်စီးပေါ်မှ တရားဝင် စာရွက်စာတမ်းအထောက်အထား တင်ပြနိုင်ခြင်းမရှိသည့် စားသောက်ကုန်ပစ္စည်းတစ်မျိုး၊ လူသုံးကုန်ပစ္စည်းတစ်မျိုး (ခန့်မှန်းတန်ဖိုးငွေကျပ် ၇၂၀၀၀၀၀)နှင့် အဆိုပါပစ္စည်းများ တင်ဆောင်လာသည့် Asia Star Express Bus တစ်စီး (ခန့်မှန်းတန်ဖိုးငွေကျပ် ၇၀၀၀၀၀၀၀) ကိုလည်းကောင်း စုစုပေါင်း ခန့်မှန်းတန်ဖိုးငွေကျပ် ၃၄၃၀၆၃၃၂၉၈၇ ကို ဖမ်းဆီးရမိခဲ့ပြီး အကောက်ခွန်လုပ်ထုံး လုပ်နည်းများနှင့်အညီ အရေးယူဆောင်ရွက်လျက်ရှိသည်။

ထို့အတူ မကွေးတိုင်းဒေသကြီး တရားမဝင် ကုန်သွယ်မှုတိုက်ဖျက်ရေး အထူးအဖွဲ့၏ စီမံခန့်ခွဲမှုဖြင့် တာဝန်ကျ ပူးပေါင်းအဖွဲ့က စစ်ဆေးမှုများ ဆောင်ရွက်ခဲ့ရာ မကွေးခရိုင်အတွင်း၌ လိုင်စင်မဲ့ မော်တော်ဆိုင်ကယ်သုံးစီး စုစုပေါင်း ခန့်မှန်းတန်ဖိုးငွေကျပ် ၄၅၀၀၀၀၀ ကို ဖမ်းဆီးရမိခဲ့ပြီး ပို့ကုန်သွင်းကုန်ဥပဒေနှင့်အညီ အရေးယူဆောင်ရွက်လျက်ရှိသည်။

အလားတူ ရန်ကုန်တိုင်းဒေသကြီး တရားမဝင် ကုန်သွယ်မှုတိုက်ဖျက်ရေး အထူးအဖွဲ့၏ စီမံခန့်ခွဲမှုဖြင့် တာဝန်ကျ ပူးပေါင်းအဖွဲ့များက စစ်ဆေးမှုများ ဆောင်ရွက်ခဲ့ရာ ဒဂုံမြို့သစ် (ဆိပ်ကမ်းမြို့နယ်) နှင့် တောင်ဥက္ကလာပမြို့နယ်တို့၌ လိုင်စင်မဲ့ Toyota Ipsum မော်တော်ယာဉ် တစ်စီးနှင့် Toyota Lexus မော်တော်ယာဉ် တစ်စီး စုစုပေါင်း (ခန့်မှန်းတန်ဖိုးငွေကျပ် ၁၃၀၀၀၀၀၀)ကို ဖမ်းဆီးရမိခဲ့ပြီး ပို့ကုန်သွင်းကုန်ဥပဒေနှင့်အညီ အရေးယူဆောင်ရွက်လျက်ရှိသည်။

ထို့ပြင် တနင်္သာရီတိုင်းဒေသကြီး တရားမဝင် ကုန်သွယ်မှုတိုက်ဖျက်ရေး အထူးအဖွဲ့၏ စီမံခန့်ခွဲမှုဖြင့် တာဝန်ကျ ပူးပေါင်းအဖွဲ့က စစ်ဆေးမှုများ ဆောင်ရွက်ခဲ့ရာ ကော့သောင်းမြို့ သီရိမြိုင်ရပ်ကွက် အဝေးပြေးကားဝင်းအတွင်း၌ စုပုံထားသော အကောက်ခွန်မဲ့ လုပ်ငန်းသုံးပစ္စည်းတစ်မျိုး (ခန့်မှန်းတန်ဖိုးငွေကျပ် ၁၃၅၀၀၀၀) ကို ဖမ်းဆီးရမိခဲ့ပြီး အကောက်ခွန် လုပ်ထုံးလုပ်နည်းများနှင့်အညီ အရေးယူ ဆောင်ရွက်လျက်ရှိသည်။

အောက်တိုဘာ ၃ ရက်တွင် စစ်ကိုင်းတိုင်းဒေသကြီး တရားမဝင်ကုန်သွယ်မှု တိုက်ဖျက်ရေး အထူးအဖွဲ့၏ စီမံခန့်ခွဲမှုဖြင့် တာဝန်ကျ ပူးပေါင်းအဖွဲ့များက စစ်ဆေးမှုများ ဆောင်ရွက်ခဲ့ရာ ကလေးဝမြို့ ရွှေမုဋ္ဌောဘုရားအနီး၌ လိုင်စင်မဲ့ Dathatisu Hijet မော်တော်ယာဉ်တစ်စီး (ခန့်မှန်းတန်ဖိုးငွေကျပ် ၈၀၀၀၀၀၀) ကို ဖမ်းဆီးရမိခဲ့ပြီး ပို့ကုန်သွင်းကုန်ဥပဒေနှင့်အညီ အရေးယူဆောင်ရွက်လျက်ရှိသည်။

သို့ဖြစ်ပါ၍ အောက်တိုဘာ ၂ ရက်နှင့် ၃ ရက်တို့တွင် ဖမ်းဆီးရမိမှု စုစုပေါင်းမှာ အမှုတွဲ ၄၆ မှု (ခန့်မှန်းတန်ဖိုးငွေကျပ် ၃၄၅၉၅၈၃၂၉၈၇) ဖြစ်ကြောင်း တရားမဝင်ကုန်သွယ်မှုတိုက်ဖျက်ရေး ဦးဆောင်ကော်မတီမှ သိရသည်။

သတင်းစဉ်

# ဆည်မြောင်းနှင့် ရေအသုံးချမှုစီမံခန့်ခွဲရေးဦးစီးဌာနက ထိန်းသိမ်းထားသော ရေလှောင်တမံနှင့် ရေထိန်းတမံများ ကြံ့ခိုင်မှုကောင်းမွန်လျက်ရှိပြီး စိုးရိမ်ရန်မရှိ

**နေပြည်တော် အောက်တိုဘာ ၃**

စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန ဆည်မြောင်းနှင့် ရေအသုံးချမှုစီမံခန့်ခွဲရေးဦးစီးဌာနက ပြည်ထောင်စုနယ်မြေ နေပြည်တော်တွင် ထိန်းသိမ်းထားသော ရေလှောင်တမံနှင့် ရေထိန်းတမံစုစုပေါင်း (၁၂)ခုရှိရာ အောက်တိုဘာ ၃ ရက်တွင် ပေါင်းလောင်းရေလှောင်တမံ၌ (၄ ဒသမ ၁၀)ပေ ကန်ရေပြည့်အမှတ်အထက် ကျော်လွန်၍ ရေပိုလွှဲမှ ရေကျော်စီးဆင်းနေပြီး ယခင်နေ့နှင့် နှိုင်းယှဉ်ပါက ရေကျော်စီးဆင်းမှုအခြေအနေမှာ (၀ ဒသမ ၈၂)ပေ တိုးလာခြင်းဖြစ်သည်။

အဆိုပါ ရေလှောင်တမံများ၏ ကြံ့ခိုင်မှုအခြေအနေမှာ ကောင်းမွန်လျက်ရှိပြီး တာဝန်ကျဝန်ထမ်းများအား (၂၄)နာရီ ရေကင်းတာဝန်ချထား၍ အနီးကပ်စောင့်ကြပ်စစ်ဆေးလျက်ရှိကြောင်းနှင့် စိုးရိမ်ရန်မရှိကြောင်း သိရသည်။

**သတင်းစဉ်**

**စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန**

**ပြည်ထောင်စုနယ်မြေ၊ နေပြည်တော်**

ရက်စွဲ - ၃.၁၀.၂၀၂၄
(၆ : ၀၀) နာရီ

ပြည်ထောင်စုနယ်မြေ၊ နေပြည်တော်

**အကြောင်းအရာ ။ ။ ပြည်ထောင်စုနယ်မြေ၊ နေပြည်တော်လက်အောက်ရှိ ရေလှောင်တမံများ၏ ရေမှတ်များပေးပို့ခြင်း။**

| စဉ် | ရေလှောင်တမံအမည် | ကန်ရေပြည့် | | ကန်ရေသေ | | (၃.၁၀.၂၀၂၄)နေ့ရှိ | | | ယနေ့ ထုတ်လွှတ်သည့် ရေပမာဏ (ဧကပေ) | ကန်ရေပြည့်ရန် လိုအပ်သည့် | | ကန်ရေပြည့်ပြီး | | မိုးရေချိန် (လက်မ) | ယခင်နေ့ ရေမှတ် |
|---|---|---|---|---|---|---|---|---|---|---|---|---|---|---|---|
| | | ရေမှတ် (ပေ) | သိုလှောင်ရေ ပမာဏ (ဧကပေ) | ရေမှတ် (ပေ) | သိုလှောင်ရေ ပမာဏ (ဧကပေ) | ဝင်ရေ (ဧကပေ) | ရေမှတ် (ပေ) | သိုလှောင် ပမာဏ (ဧကပေ) | | ရေအနက် (ပေ) | သိုလှောင် ပမာဏ (ဧကပေ) | အမြင့်(ပေ) | ပိုလျှံရေ ပမာဏ (ဧကပေ) | | |
| ၁ | ပေါင်းလောင်းတမံ | ၆၂၃.၃၉ | ၅၄၉၄၂၀ | ၅၄၁.၃၆ | ၂၇၃၆၆၀ | ၄၂၃၁၂ | ၆၂၇.၄၉ | ၅၆၆၉၅၄ | ၁၅၇၆၈ (လျှပ်စစ်ထုတ်ရေ) | - | - | ၄.၁၀ | ၂၃၀၀၂ | ၀.၄၄ | ၆၂၆.၆၇ |
| ၂ | မဒန်းတမံ | ၆၃၅.၀၀ | ၃၆၅၀၀ | ၅၉၀.၀၀ | ၅၂၀၀ | ၁၃ | ၆၂၆.၇၀ | ၂၇၈၉၇ | - | ၈.၃၀ | ၈၆၀၃ | - | - | ၀.၂၀ | ၆၂၆.၇၀ |
| ၃ | ချောင်းမငယ်တမံ | ၅၂၀.၀၀ | ၉၁၇၇၀ | ၄၈၀.၀၀ | ၁၅၃၀၀ | ၃၇၄ | ၅၁၈.၉၀ | ၈၈၇၆၇ | ၁၉၈ | ၁.၁၀ | ၃၀၀၃ | - | - | ၀.၂၁ | ၅၁၈.၈၅ |
| ၄ | ဖောင်းလောင်တမံ | ၅၁၂.၀၀ | ၁၂၂၅၇ | ၄၉၀.၅၀ | ၂၅၄၀ | - | ၅၁၀.၀၅ | ၁၀၇၅၀ | ၇ | ၁.၉၅ | ၁၅၀၇ | - | - | ၀.၀၂ | ၅၁၀.၁၅ |
| ၅ | ရေဆင်းတမံ | ၄၃၉.၀၀ | ၇၃၀၀၀ | ၃၆၈.၄၀ | ၁၀၄၀ | ၄၉၆ | ၄၃၈.၀၀ | ၇၀၀၀၀ | ၂၅ | ၁.၀၀ | ၃၀၀၀ | - | - | ၀.၆၄ | ၄၃၇.၉၀ |
| ၆ | ငလိုက်တမံ | ၅၃၅.၀၀ | ၇၅၀၀၀ | ၅၀၆.၀၀ | ၁၂၉၅၀ | ၁၃ | ၅၃၄.၉၅ | ၇၄၇၉၉ | - | ၀.၀၅ | ၂၀၁ | - | - | - | ၅၃၅.၀၀ |
| ၇ | သဲဖြူတမံ | ၄၁၈.၀၀ | ၈၇၁၈ | ၃၉၀.၀၀ | ၆၈၇ | ၂ | ၄၁၆.၅၃ | ၇၈၈၈ | - | ၁.၄၇ | ၈၃၀ | - | - | - | ၄၁၆.၅၆ |
| ၈ | ဆင်သေတမံ | ၇၁၀.၀၀ | ၁၄၃၀၉၀ | ၆၇၄.၀၀ | ၁၇၃၀၃ | ၁၆၇၇ | ၇၀၃.၁၀ | ၁၀၅၂၃၀ | ၂ | ၆.၉၀ | ၃၇၈၆၀ | - | - | ၀.၂၄ | ၇၀၂.၈၀ |
| ၉ | ကင်းသာရေထိန်းတမံ | ၅၅၈.၅၀ | ၇၂ | ၅၄၅.၀၀ | ၈ | | | | | ရေတိုက်စား | | | | ၀.၄၇ | |
| ၁၀ | မုန်ရေထိန်းတမံ | ၆၀၂.၀၀ | ၅၀၀ | ၅၉၂.၀၀ | ၂၂၅ | ၂၆ | ၆၀၁.၉၀ | ၄၉၅ | - | ၀.၁၀ | ၅ | - | - | ၀.၃၇ | ၆၀၁.၉၀ |
| ၁၁ | မြို့လှတမံ | ၈၇၀.၀၀ | ၁၄၆၀၀ | ၈၅၀.၀၀ | ၄၅၂၀ | ၂ | ၈၆၄.၃၀ | ၁၀၅၈၉ | - | ၅.၇၀ | ၄၀၁၁ | - | - | ၀.၂၈ | ၈၆၄.၅၀ |
| ၁၂ | တောက်ပြိုတမံ | ၆၇၉.၀၀ | ၂၄၉၁ | ၆၅၉.၀၀ | ၄၇၅ | ၁ | ၆၇၄.၀၀ | ၁၈၃၈ | - | ၅.၀၀ | ၆၅၃ | - | - | - | ၆၇၄.၀၀ |



မန္တလေးတိုင်းဒေသကြီး အောင်မြေသာစံမြို့နယ်၌ လူဦးရေနှင့် အိမ်အကြောင်းအရာ သန်းခေါင်စာရင်း ကောက်ယူနေမှုများကို ခရိုင်သန်းခေါင်စာရင်း ကော်မတီဥက္ကဋ္ဌ ဦးအောင်ဆွေနှင့် တာဝန်ရှိသူများ အောက်တိုဘာ ၃ ရက်က လိုက်လံကြည့်ရှုစဉ်။ သတင်းစဉ်



ချမ်းမြသာစည်မြို့နယ်၌ လူဦးရေနှင့် အိမ်အကြောင်းအရာ သန်းခေါင်စာရင်းကို စာရင်းစစ်၊ စာရင်းကောက်များက အောက်တိုဘာ ၁ ရက်မှစတင်၍ ကောက်ယူလျက်ရှိရာ တိုင်းဒေသကြီး လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဝန်ကြီးဌာန တိုင်းဦးစီးမှူး ဦးစိုးလွင်နှင့် တာဝန်ရှိသူများက မြို့သစ် (၄)ရပ်ကွက် အကွက် ဃ-၂ ၌ ကွင်းဆင်းကြည့်ရှုစဉ်။ မြို့နယ်(ပြန်/ဆက်)

ရှမ်းပြည်နယ်(မြောက်ပိုင်း) မူဆယ်မြို့၌ လူဦးရေနှင့်အိမ်အကြောင်းအရာ သန်းခေါင်စာရင်းကောက်ယူခြင်းလုပ်ငန်းကို စက်တင်ဘာ ၃ ရက်က တောင်ရပ်ကွက်၌ကောက်ယူရာ မူဆယ်ခရိုင် အုပ်ချုပ်ရေးမှူး ဦးအောင်ဇော်မိုး၊ ခရိုင်လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဝန်ကြီးဌာန ခရိုင်ဦးစီးမှူး ဦးကျော်ကျော်နိုင်နှင့် တာဝန်ရှိသူများက စာရင်းစစ်၊ စာရင်းကောက်များ စာရင်းများ တိကျမှန်ကန်စွာရရှိရေးအတွက် စနစ်တကျမေးမြန်းနေမှုများကို ကြည့်ရှုစစ်ဆေးစဉ်။ ချယ်ရီမြေ (မူဆယ်)



ဧရာဝတီတိုင်းဒေသကြီး ပုသိမ်ခရိုင် ဟိုင်းကြီးကျွန်းမြို့ ကျေးရွာများတွင် သန်းခေါင်စာရင်း ကောက်ယူနေမှုကို မြို့အုပ်ချုပ်ရေးမှူး ဦးကောင်းစံနှင့်တာဝန်ရှိသူများ အောက်တိုဘာ ၃ ရက်က လိုက်လံကြည့်ရှု အားပေးစဉ်။ လှိုင်မျိုးအောင်(ပြန်/ဆက်)





## တောင်ကြီးမြို့၌ ၂၀၂၄ ခုနှစ် လူဦးရေနှင့်အိမ်အကြောင်းအရာ သန်းခေါင်စာရင်း တတိယနေ့ ဆက်လက်ကောက်ယူ

**တောင်ကြီး အောက်တိုဘာ ၃**

၂၀၂၄ ခုနှစ် လူဦးရေနှင့် အိမ်အကြောင်းအရာ သန်းခေါင်စာရင်း ကောက်ယူခြင်း တတိယနေ့အဖြစ် အောက်တိုဘာ ၃ ရက်က တောင်ကြီးမြို့နယ်အတွင်းရှိ ရပ်ကွက်နှင့် ကျေးရွာများတွင် ဆက်လက်ကောက်ယူလျက်ရှိသည်။

တောင်ကြီးခရိုင် သန်းခေါင်စာရင်းကော်မတီ အတွင်းရေးမှူး ဦးထိန်လင်းသိန်း၊ မြို့နယ်သန်းခေါင်စာရင်းကော်မတီ အတွင်းရေးမှူး ဦးအောင်ခိုင်တို့သည် မြို့နယ်စာရင်းစစ်၊ စာရင်းကောက်နှင့် စေတနာ့ဝန်ထမ်းများနှင့်အတူ တောင်ကြီးမြို့ သစ်တောရပ်ကွက်ရှိ ပြည်နယ်လုံခြုံရေးနှင့် နယ်စပ်ရေးရာဝန်ကြီးနေအိမ်သို့ရောက်ရှိ စာရင်းကောက်ယူရာ လုံခြုံရေးနှင့် နယ်စပ်ရေးရာဝန်ကြီး၏ဇနီးက မေးခွန်းများကို ပူးပေါင်းဖြေကြားပေးခဲ့သည်။

တောင်ကြီးမြို့နယ်တွင် ရပ်ကွက် ၅၁ ရပ်ကွက်၊ ကျေးရွာအုပ်စု ၂၄ အုပ်စု၊ ကောက်ကွက် ၈၁၁ ကွက်ရှိရာ စာရင်းစစ်၊ စာရင်းကောက်နှင့် စေတနာ့ဝန်ထမ်း ၄၅၀ တို့က လူဦးရေနှင့် အိမ်အကြောင်းအရာစာရင်းများ တိကျမှန်ကန်စွာရရှိရေး ဆက်လက်ကောက်ယူသွားမည်ဖြစ်ကြောင်း သိရသည်။

**ခရိုင် (ပြန်/ဆက်)**

# တနင်္သာရီတိုင်းဒေသကြီး ဝန်ကြီးချုပ် ကျောင်းစာကြည့်တိုက်များ ဖွံ့ဖြိုးတိုးတက်ရေးနှင့် စာဖတ်ရှိန်မြှင့်တင်ရေး ဆုချီးမြှင့်ပွဲတက်ရောက်



**ထားဝယ် အောက်တိုဘာ ၃**

တနင်္သာရီတိုင်းဒေသကြီးအစိုးရအဖွဲ့၏စီစဉ်မှုဖြင့် ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေးဦးစီးဌာနနှင့် အခြေခံပညာဦးစီးဌာနတို့ ပူးပေါင်း၍ ကျောင်းစာကြည့်တိုက်များ ဖွံ့ဖြိုးတိုးတက်ရေးနှင့် စာဖတ်ရှိန်မြှင့်တင်ရေးပွဲတော် ဆုချီးမြှင့်ပွဲ အခမ်းအနားကို ယနေ့ နံနက် ၉ နာရီခွဲ က ထားဝယ်မြို့ အမှတ်(၅) အခြေခံပညာ အထက်တန်းကျောင်းခန်းမ၌ ကျင်းပသည်။

အခမ်းအနားတွင် တိုင်းဒေသကြီး ဝန်ကြီးချုပ် ဦးမြတ်ကိုက တိုင်းပြည်၏ စွမ်းအားအရင်းအမြစ်ဖြစ်သည့် ကျောင်းသားကျောင်းသူများ ကျောင်းစာကြည့်တိုက်များကို အသုံးချတတ်သည့် အလေ့အကျင့်ကောင်းများ ရရှိစေရန်အတွက် ဆရာ ဆရာမများက ဆောင်ရွက်ပေးကြရန်၊ အားလပ်ချိန်တွင် ကျောင်းစာကြည့်တိုက်၌ စာဖတ်သည့် အလေ့အထရရှိအောင် လေ့ကျင့်ပေးကြရန် လိုအပ်ကြောင်း ပြောကြားသည်။

ထို့နောက် တိုင်းဒေသကြီး ဝန်ကြီးချုပ်နှင့် တာဝန်ရှိသူများက ဂုဏ်ပြုလက်ဆောင်နှင့် ဆုများ ချီးမြှင့်သည်။ ဆက်လက်၍ကျောင်းစာကြည့်တိုက် ဖွံ့ဖြိုးတိုးတက်ရေးအတွက် စေတနာရှင်များက အလှူငွေများ ပေးအပ်ကြောင်း သိရသည်။ **တိုင်းဒေသကြီး(ပြန်/ဆက်)**

## ရွှေသွေးဂျာနယ်ထွက်ရှိ

**နေပြည်တော် အောက်တိုဘာ ၃**

ပြန်ကြားရေးဝန်ကြီးဌာန ပုံနှိပ်ရေးနှင့် ထုတ်ဝေရေးဦးစီးဌာန စာပေဗိမာန်ရုံးက အပတ်စဉ် စနေနေ့တိုင်း ရွှေသွေးဂျာနယ်ကို ထုတ်ဝေဖြန့်ချိလျက်ရှိသည်။




၅-၁၀-၂၀၂၄ ရက်(စနေနေ့)တွင် ထွက်ရှိမည့် ရွှေသွေးဂျာနယ် အတွဲ (၅၆)၊ အမှတ် (၄၀) တွင် တီးတိုး စကားပြောခြင်းသည် သံသယစိတ်ကို ဖြစ်စေပြီး ယုံကြည်မှုနှင့် စည်းလုံးမှုများ ပျက်စီးစေတတ်ကြောင်း ဖြိုးရဲက သူငယ်ချင်းများကို ပြောပြထားသည့်အကြောင်း သရုပ်ဖော်ထားသည့် "တီးတိုးစကား" မျက်နှာဖုံးကာတွန်း၊ လေထုအကြောင်း ဗဟုသုတဖြစ်ဖွယ် ရေးသားထားသည့် "ကမ္ဘာ့လေထု" သုတဆောင်းပါးကဏ္ဍ၊ လောဘ၊ ဒေါသ၊ မောဟနှင့် အာဃာတတရားများအကြောင်း ပုပုတို့ သူငယ်ချင်းများ သိရှိသွားသည်ကို သရုပ်ဖော်ထားသည့် "အသိ" နှစ်မျက်နှာကာတွန်း၊ ဆရာ၊ ဆရာမတို့၏ ပီတိအပြုံး၊ ကျောင်းသား၊ ကျောင်းသူများ၏ ဝမ်းသာမှုအပြုံးနှင့် ပျော်တပြုံးပြုံးဖြင့်မေ့မရသော တစ်နေ့အကြောင်း ရေးသားထားသည် "ဆရာကန်တော့ပွဲ" ဝတ္ထုကဏ္ဍ၊ ညှော်သည်လာလျှင် ဟင်းကောင်းစားရမည်ဟု တွေးထားသည့် ရန်ပိုင်စိုးအကြောင်း သရုပ်ဖော်ထားသော "ရန်ပိုင်စိုး" တစ်မျက်နှာကာတွန်း၊ သူဌေးကြီးသည် သူ၏ ညီအစ်မလေးယောက်တွင် မည်သူက မည်သို့ဉာဏ်ရှိသည်၊ နုံးညံ့သည်၊ ယဉ်ကျေးသိမ်မွေ့သည်ကို သိလိုသဖြင့် စမ်းသပ်ထားသည့်အကြောင်း ရေးသားထားသည့် "ယဉ်ကျေးသိမ်မွေ့သူ" ပုံပြင်ကဏ္ဍ၊ ကောက်ကျစ်စဉ်းလဲပြီး လိမ်ညာသော မြေခွေးနှင့် သနားစိတ်ရှိပြီး မြေခွေးအပေါ် ယုံစားမိသည့် ဖျံတို့အကြောင်း သရုပ်ဖော်ထားသည့် "တစ်နပ်စားဉာဏ်" နှစ်မျက်နှာ ကာတွန်း၊ ရန်ဖြစ်တိုင်း သတ္တိရှိသည် မဟုတ်ဘဲ၊ သတ္တိဆိုသည်မှာ သုံးသင့်မှ သုံးရကြောင်း နားလည်သဘောပေါက်သွားသည့် မျောက်မူးလဲအကြောင်း သရုပ်ဖော်ထားသည့် "သတ္တိ" နှစ်မျက်နှာကာတွန်း၊ တိုက်ခန်းတွင်ရှိသော ရေပိုက်ရေယိုသဖြင့် ပိုက်ပြင်ဆရာကို ခေါ်ပြီး ပြင်ခိုင်းသည့်အကြောင်း ရေးသားထားသည့် ဆရာ KML၏ "ရွှေသွေးစကားဝိုင်း" အင်္ဂလိပ်စာကဏ္ဍ၊ ဉာဏ်စမ်းကဏ္ဍနှင့် ကဗျာကဏ္ဍအပါအဝင် ကဏ္ဍစုံစုံလင်လင်ဖြင့် ထွက်ရှိပြီဖြစ်ရာ တစ်စောင်လျှင် ငွေကျပ် ၄၀၀ ဖြင့် စာပေဗိမာန် စာအုပ်အရောင်းဆိုင်များတွင် ဝယ်ယူနိုင်ကြောင်း သိရသည်။ **သတင်းစဉ်**


မြန်မာ့အလင်း

စာတည်းမှူးချုပ် - အောင်နိုင်ဦး
စာတည်းမှူး - မြင့်စိုး
သတင်းထောက်မှူး - ခင်ရတနာ
စာတည်းများ - ဝင်းကျော်၊ နေဇာဇာထွန်း
ဘာသာပြန်စာတည်း - ခြူးစန္ဒီဋ္ဌေး၊ တင်လင်းအောင်
အကြီးတန်းသတင်းထောက်များ - ကျော်သူဝင်း၊ ဇင်ဦး၊ တင်မောင်လွင်၊ ဟိန်းထက်ဇော်၊ နေဝင်းထွန်း(၂)
အငယ်တန်းသတင်းထောက်များ - ဇော်ဝိုင်းအောင်၊ ဝေသူနွယ်၊ ခင်ဖြူထွေး
ဓာတ်ပုံသတင်းထောက် - တင်စိုး
သုတေသန - အိအိခင်နှင့် အဖွဲ့
စာပြင် - အေးအေးမိုးလှိုင်နှင့် အဖွဲ့
စာမျက်နှာဖွဲ့စည်းမှုနှင့် ဒီဇိုင်း - သန်းထွန်းအောင်နှင့် အဖွဲ့
အီးမေးနှင့် အွန်လိုင်း - သက်လွင်ဦးနှင့် အဖွဲ့
ထုတ်ဝေခြင်းအမှတ် - (၀၁၀၉၃)
ပုံနှိပ်ခြင်းအမှတ် - (၀၀၈၇၇)

mmalin.npt@ gmail.com
www.facebook.com/MYANMAALINNNEWS

**နေပြည်တော်-စာတည်းမှူး** ၀၆၇-၃၆၁၄၂၊ **စာတည်းအဖွဲ့** ၀၆၇-၃၆၁၄၅၊ **ဖက်စ်** ၀၆၇-၃၆၁၄၃၊ ရန်ကုန်ရုံးခွဲ- အမှတ်(၅၃)၊ နတ်မောက်လမ်းသွယ်(၁)၊ ဗိုလ်ချို(၂) ရပ်ကွက်၊ ဗဟန်းမြို့နယ်၊ ရန်ကုန်မြို့၊ **စာတိုက်သေတ္တာအမှတ်-၄၀၊ စာတည်းအဖွဲ့** ၀၁-၅၄၄၃၀၉၊ **မန်နေဂျာ** ၀၁-၅၄၄၃၁၄၊ **စီမံ** ၀၁-၅၄၄၃၁၅၊ **ငွေစာရင်း** ၀၁-၅၄၄၃၁၆၊ **ကြော်ငြာ** ၀၁-၅၄၅၈၃၄၊ ၀၁- ၅၅၉၁၁၈၊ **Fax** ၀၁-၅၄၆၂၂၁၊ ၀၆၇-၃၆၁၄၈၊ ဖြန့်ချိရေး ၀၁-၅၄၄၃၁၇၊ **Fax** ၀၁-၈၆၀၄၅၄၆။

MYANMAR Digital News
Presented by NPE
www.mdn.gov.mm


## ပြည့်ဝဆီများကို တတ်နိုင်သမျှ လျှော့စား၍ အသွင်ပြောင်းဆီများ စားသုံးခြင်းကို လုံးဝရှောင်ကြဉ်ပါ

## လှိုင်ကော်မြို့ ရေဘေးသင့်ပြည်သူများသို့ ဒေသခံနှင့် အနုပညာရှင်များက အသီးသီးလာရောက်လှူဒါန်းလျက်ရှိ

**လှိုင်ကော် အောက်တိုဘာ ၃**

ကယားပြည်နယ်အတွင်း ယခင်လမှစ၍ ရေကြီးရေလျှံမှုများ ဖြစ်ပေါ်လျက်ရှိရာ ပြည်နယ်အစိုးရအဖွဲ့မှ ကူညီကယ်ဆယ်ရေးနှင့် ထောက်ပံ့ရေးလုပ်ငန်းများ လုပ်ဆောင်ပေးလျက်ရှိနေပြီး ယာယီရေဘေးကယ်ဆယ်ရေးစခန်းများ ဖွင့်လှစ်ထားရှိလျက်ရှိသည်။ အဆိုပါ ရေဘေးသင့်ပြည်သူများအတွက် စေတနာရှင်၊ အလှူရှင်များက လာရောက်လှူဒါန်းလျက်ရှိရာ ယမန်နေ့က ဥတ္တရာရုံယာယီရေဘေးစခန်းသို့ လှိုင်ကော်မြို့ ဦးလှစိုး (Gas လုပ်ငန်းပိုင်ရှင်) က ရေသန့် တစ်လီတာဘူး ၁၂၀၀၊ အချိုရည်အသေးဘူး ၂၄၀၊ ကျောင်းထိုင်ဘုန်းကြီးသင်တန်းကျောင်းစခန်းရှိ ရေဘေးသင့်ပြည်သူအိမ်ထောင်စု ၇၁ စုအတွက် ရုပ်ရှင်နှင့် ဗီဒီယိုသရုပ်ဆောင် ဖြူဖြူထွေးက တစ်အိမ်ထောင်လျှင် ငွေကျပ် ၃၀၀၀၀ နှုန်း၊ ဆန်တစ်ပြည်၊ ဆီ ၅၀ ကျပ်သား၊ ခေါက်ဆွဲခြောက် သုံးထုပ်၊ ငါးပိဘူး ငါးဘူး၊ ရှူးရဲ ငါးထုပ်နှုန်းဖြင့်လည်းကောင်း၊ ရုပ်ရှင်နှင့် ဗီဒီယိုသရုပ်ဆောင် အကယ်ဒမီ ခန့်စည်သူက တစ်အိမ်ထောင်လျှင် ငွေကျပ် ၁၀၀၀၀ နှုန်း၊ အဝတ်အစားမျိုးစုံတစ်ထုပ်၊ ဖိနပ်တစ်ရန်နှုန်းနှင့် ရေဘေးကြောင့် ပျက်စီးသွားသော သာသနိကအဆောက်အဦများ ပြုပြင်ရန် ငွေကျပ်သိန်း ၃၀၊ မြန်မာ့အသံနှင့်ရုပ်မြင်သံကြား MRTV အဖွဲ့မှ ဒေါ်မေခလာမျိုးဝင်း၊ ဒေါ်မေ့ချစ်သက်၊ ဒေါ်မြနန္ဒာတို့က အိမ်ထောင်စုတစ်စုလျှင် ငွေကျပ် ၁၀၀၀၀ နှုန်း နှင့် စားသောက်ကုန်ပစ္စည်းမျိုးစုံတစ်ထုပ်တို့ကို လာရောက်လှူဒါန်းသွားကြောင်း သိရသည်။ **ကိုတွတ်(ပြန်/ဆက်)**

## နှစ် (၁၅၀) ပြည့် ကမ္ဘာ့စာပို့တိုက်နေ့ အထိမ်းအမှတ် အထူးထုတ် စာပို့တံဆိပ်ခေါင်းသစ် ရောင်းချပေးမည်

**နေပြည်တော် အောက်တိုဘာ ၃**




ပို့ဆောင်ရေးနှင့် ဆက်သွယ်ရေးဝန်ကြီးဌာန၊ မြန်မာ့စာတိုက်လုပ်ငန်းမှ နှစ်(၁၅၀) ပြည့် ကမ္ဘာ့စာပို့တိုက်နေ့ (150 YEARS of the UPU) အထိမ်းအမှတ်အဖြစ် (၂၀၀ ကျပ်တန်) အထူးထုတ် စာပို့တံဆိပ်ခေါင်းသစ် (၁) မျိုးကို အောက်တိုဘာ ၉ ရက်၊ မြန်မာသက္ကရာဇ် ၁၃၈၆ ခုနှစ်၊ သီတင်းကျွတ်လဆန်း ၇ ရက် (ဗုဒ္ဓဟူးနေ့) နံနက် ၉ နာရီခွဲမှစတင်၍ နေပြည်တော် ဗဟိုစာတိုက်ကြီး၊ ရန်ကုန်စာတိုက်ကြီး၊ မန္တလေးစာတိုက်ကြီးတို့နှင့် တိုင်းဒေသကြီး/ပြည်နယ်များရှိ စာတိုက်ကြီးများတွင် တစ်ပြိုင်တည်းရောင်းချပေးသွားမည်ဖြစ်သည်။

အထူး အစီအစဉ်တစ်ရပ်အနေဖြင့် နေပြည်တော် ဗဟိုစာတိုက်ကြီး၊ ရန်ကုန်စာတိုက်ကြီးနှင့် မန္တလေးစာတိုက်ကြီးတို့တွင် ၂၀၂၄ ခုနှစ်၊ အောက်တိုဘာလ ၉ ရက် (ဗုဒ္ဓဟူးနေ့) တွင် ဝယ်ယူသော စာပို့တံဆိပ်ခေါင်းများပေါ်တွင် နေ့စွဲ အမှတ်အသားတံဆိပ် ရိုက်နှိပ်ပေးသွားမည်ဖြစ်သည်။ **သတင်းစဉ်**

### ၃-၁၀-၂၀၂၄ ရန်ကုန်စတော့အိတ်ချိန်းဈေးကွက်

ညီညီ - စုစည်းသည်

| ကုမ္ပဏီအမည် | အဖွင့်ဈေး (ကျပ်) | အပိတ်ဈေး (ကျပ်) | ရှယ်ယာစောင်ရေ | ရှယ်ယာတန်ဖိုး (ကျပ်) |
|---|---|---|---|---|
| FMI | ၈၇၀၀ | ၈၇၀၀ | ၂၉၈ | ၂၅၉၂၆၀၀ |
| MTSH | ၃၅၀၀ | ၃၅၀၀ | ၂၄၉၇ | ၈၅၆၉၅၀၀ |
| MCB | ၀ | ၀ | ၀ | ၀ |
| FPB | ၁၉၀၀ | ၁၉၀၀ | ၃၅၈ | ၆၈၀၂၀၀ |
| TMH | ၂၇၅၀ | ၂၇၅၀ | ၃၀၆ | ၈၄၁၅၀၀ |
| EFR | ၁၇၀၀ | ၁၇၀၀ | ၆၂၃ | ၁၀၅၉၁၀၀ |
| AMATA | ၀ | ၀ | ၀ | ၀ |
| MAEX | ၃၄၅၀ | ၃၄၅၀ | ၂၅၃၉ | ၈၇၅၉၅၅၀ |
| MADPL (PLB) | ၃၆၅၀၀ | ၃၆၅၀၀ | ၀ | ၀ |

## ကန့်ကွက်နိုင်ကြောင်း အသိပေးကြေညာခြင်း

ပြင်ဦးလွင်မြို့၊ ရပ်ကွက်ကြီး(၄)၊ ကွင်း/အကွက်အမှတ်(၇/ခဲလယ် တောင်)၊ ဦးပိုင်အမှတ်(၁၅၈)၊ မြေဧရိယာ(၀.၁၁ဧက)ကေရှိ မြေကွက်အား မြေငှားဂရန်(အမည်ပြောင်း)လျှောက်ထားနိုင်ရေး ဦးလှသန်း ၁၂/တမန(နိုင်)၀၁၄၂၀မှ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ပါသဖြင့် ကန့်ကွက်လိုသူများ ရှိပါက ပြင်ဦးလွင်ခရိုင်/မြို့နယ်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနရုံးသို့ ကြော်ငြာ ပါသည့်ရက်မှစ၍ ၁၄ရက်အတွင်း မြေပိုင်ဆိုင်မှု အထောက်အထားပြည့်စုံစွာဖြင့် လာရောက်ကန့်ကွက်နိုင်ပါကြောင်းကြေညာအပ်ပါသည်။

**မြို့နယ်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန၊ ပြင်ဦးလွင်မြို့**

## ယာဉ်မှတ်ပုံတင်စာအုပ် မိတ္တူလျှောက်ထားခြင်း

ယာဉ်အမှတ် ၃၇ယ/၅၇၁၆၈ ယာဉ်လက်ဝယ်ရှိသူ ဦးခင်ဇော် ၁၀/ကမရ(နိုင်)၁၀၃၉၆၈ က (ကမ-၃) ပျောက်ဆုံး၍ မိတ္တူထုတ်ပေးရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသော အထောက်အထားများဖြင့် ကြော်ငြာသည့်ရက်မှ ရက်၃၀အတွင်း အောက်ဖော်ပြပါရုံးသို့ လူကိုယ်တိုင်လာရောက် ကန့်ကွက်နိုင်ပါသည်။

**ကညန၊ ပြည်နယ်ဦးစီးမှူးရုံး (မော်လမြိုင်မြို့)**

## ယာဉ်မှတ်ပုံတင်စာအုပ် မိတ္တူလျှောက်ထားခြင်း

ယာဉ်အမှတ် ၅၃ယ/၄၀၇၃၅ ယာဉ်လက်ဝယ်ရှိသူ ဦးညီမြင့် ၁၀/ကမရ(နိုင်)၀၇၇၉၅၇ က(ကမ-၃) ပျောက်ဆုံး၍ မိတ္တူထုတ်ပေးရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသော အထောက်အထားများဖြင့် ကြော်ငြာသည့်ရက်မှ ရက်၃၀အတွင်း အောက်ဖော်ပြပါရုံးသို့ လူကိုယ်တိုင်လာရောက် ကန့်ကွက်နိုင်ပါသည်။

**ကညန၊ ပြည်နယ်ဦးစီးမှူးရုံး (မော်လမြိုင်မြို့)**

## ယာဉ်မှတ်ပုံတင်စာအုပ် မိတ္တူလျှောက်ထားခြင်း

ယာဉ်အမှတ် ၂၆ယ/၉၉၀၁၁ ယာဉ်လက်ဝယ်ရှိသူ ဒေါ်မြတ်မြတ်မိုး ၁၀/ကမရ(နိုင်)၀၅၇၈၃၂ က(ကမ-၃) ပျောက်ဆုံး၍ မိတ္တူထုတ်ပေးရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသော အထောက်အထားများဖြင့် ကြော်ငြာသည့်ရက်မှ ရက်၃၀အတွင်း အောက်ဖော်ပြပါရုံးသို့ လူကိုယ်တိုင်လာရောက် ကန့်ကွက်နိုင်ပါသည်။

**ကညန၊ ပြည်နယ်ဦးစီးမှူးရုံး (မော်လမြိုင်မြို့)**

## ကန့်ကွက်နိုင်ပါကြောင်း

ရန်ကုန်တိုင်းဒေသကြီး၊ မရမ်းကုန်းမြို့နယ်၊ (၉)ရပ်ကွက်၊ သုရလမ်း၊ တိုက်အမှတ် (၅၈၁)၊ အခန်း (မြေညီထပ်)၊ အကျယ်အဝန်း (၁၅ပေ × ၅၀ပေ)ရှိ တိုက်ခန်းနှင့် အကျိုးခံစားခွင့် အရပ်ရပ်အားလုံးတို့ကို ရောင်းချပိုင်ခွင့်ရှိသူ ဒေါ်နန်းစောစုစန္ဒီသိန်း (၉/ပမန (နိုင်) ၁၇၁၀၆၁) ထံမှ ကျွန်ုပ်တို့၏ မိတ်ဆွေက ဝယ်ယူရန်အတွက် စရန်ငွေ ပေးချေထားပြီးဖြစ်ပါသည်။ အရောင်းအဝယ်အား ကန့်ကွက်လိုပါက ကျွန်ုပ်တို့ထံသို့ စာရွက်စာတမ်း အထောက်အထား မူရင်းများဖြင့် ယနေ့မှစ၍ (၇)ရက်အတွင်းလာရောက် ကန့်ကွက်နိုင်ပါသည်။ ထိုရက်ကျော်လွန်ပါက အရောင်းအဝယ်ကိစ္စကို ဥပဒေနှင့်အညီ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

လွှဲအပ်ညွှန်ကြားချက်အရ-

| | |
|---|---|
| ဦးခင်မောင်ဦး | ဦးပြည့်ဖြိုးအောင် |
| LL.B, D.B.L, D.I.L., | LL.B, |
| တရားလွှတ်တော်ရှေ့နေ(စဉ်-၈၈၅၂) | အထက်တန်းရှေ့နေ(စဉ်-၄၅၅၃၀) |

၀၉ ၅၅၀ ၆၁၄၆ ၊ ၀၉ ၄၂၀ ၁၂၄၀၀၃

## ကန့်ကွက်နိုင်ပါကြောင်း

ရန်ကုန်တိုင်းဒေသကြီး ၊ သဃ်န်းကျွန်းမြို့နယ် ၊ (၈/မြောက်)ရပ်ကွက် ၊ ရွာလယ်လမ်း ၊ တိုက်အမှတ် (၁၈) ၊ Residence(18) Condominium Complex ၊ အခန်းအမှတ်(R-302) (၃လွှာ)၊ အကျယ်အဝန်း (၁၁၄၆)စတုရန်းပေရှိ ကွန်ဒိုတိုက်ခန်းနှင့် အကျိုးခံစားခွင့်အရပ်ရပ် အားလုံးတို့ကို ရောင်းချပိုင်ခွင့်ရှိသူများဖြစ်သော ဦးလရောင်ဆွေ (၁၂/မဘန (နိုင်) ၁၁၁၅၅၄) နှင့် ဒေါ်ဆွေဇင်ဟန် (၁၂/လမန (နိုင်) ၁၄၇၉၄၃)တို့ထံမှ ကျွန်ုပ်တို့၏ မိတ်ဆွေက ဝယ်ယူရန် အတွက်စရန်ငွေ ပေးချေထားပြီးဖြစ်ပါသည်။ အရောင်းအဝယ်အား ကန့်ကွက်လိုပါက ကျွန်ုပ်တို့ထံသို့ စာရွက်စာတမ်း အထောက်အထားမူရင်းများဖြင့် ယနေ့မှစ၍ (၇)ရက်အတွင်း လာရောက်ကန့်ကွက်နိုင်ပါသည်။ ထိုရက်ကျော်လွန်ပါက အရောင်းအဝယ်ကိစ္စကို ဥပဒေနှင့် အညီဆက်လက် ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

လွှဲအပ်ညွှန်ကြားချက်အရ-

| | |
|---|---|
| ဦးခင်မောင်ဦး | ဒေါ်လင်းလင်းထက် |
| LL.B, D.B.L, D.I.L., | LL.B, |
| တရားလွှတ်တော်ရှေ့နေ(စဉ်-၈၈၅၂) | အထက်တန်းရှေ့နေ(စဉ်-၄၈၃၃၈) |

၀၉ ၅၅၀ ၆၁၄၆ ၊ ၀၉ ၄၅၅၅၀ ၆၁၄၆

## ကန့်ကွက်နိုင်ပါကြောင်း

ရန်ကုန်တိုင်းဒေသကြီး၊ ဒဂုံမြို့သစ်(မြောက်ပိုင်း)မြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ် (၃၇)၊ အဓိပတိလမ်း၊ မြေကွက်အမှတ် (၄၉၁)၊ အကျယ်အဝန်း (၄၅ပေ × ၆၀ပေ)ရှိ ဦးချစ်ခင် (AD-၀၀၂၉၁၅) အမည်ပေါက် နှစ်(၆၀)ဂရန်မြေကွက်နှင့် ယင်းမြေကွက်ပေါ်ရှိ အကျိုးခံစားခွင့် အရပ်ရပ်အားလုံးတို့ကို ရောင်းချပိုင်ခွင့်ရှိသူ ဦးဇော်မင်းဦး (၁၂/ဒဂမ (နိုင်) ၀၀၅၂၉၃) ထံမှ ကျွန်ုပ်တို့၏ မိတ်ဆွေက ဝယ်ယူရန်အတွက် စရန်ငွေ ပေးချေထားပြီးဖြစ်ပါသည်။ အရောင်းအဝယ်အား ကန့်ကွက်လိုပါက ကျွန်ုပ်တို့ထံသို့ စာရွက်စာတမ်း အထောက်အထား မူရင်းများဖြင့် ယနေ့မှစ၍ (၇)ရက်အတွင်းလာရောက် ကန့်ကွက်နိုင်ပါသည်။ ထိုရက်ကျော်လွန် ပါက အရောင်းအဝယ်ကိစ္စကို ဥပဒေနှင့်အညီ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

လွှဲအပ်ညွှန်ကြားချက်အရ-

| | |
|---|---|
| ဦးခင်မောင်ဦး | ဒေါ်လင်းလင်းထက် |
| LL.B, D.B.L, D.I.L., | LL.B, |
| တရားလွှတ်တော်ရှေ့နေ(စဉ်-၈၈၅၂) | အထက်တန်းရှေ့နေ(စဉ်-၄၈၃၃၈) |

၀၉ ၅၅၀ ၆၁၄၆ ၊ ၀၉ ၄၅၅၅၀ ၆၁၄၆

## မော်တော်ယာဉ်မှတ်ပုံတင် စာအုပ်မိတ္တူ၊ ဖောင်းကြွနံပါတ်ပြားပျောက် လျှောက်ထားခြင်း

ယာဉ်အမှတ် 73W/02982, Luojia 110, M/C အမည်ပေါက်သူ/ယာဉ်လက်ဝယ်ရှိသူ ဦးနေလင်းဦး ၁၄/လပတ(နိုင်)၁၆၆၂၅က ယာဉ် မှတ်ပုံတင် စာအုပ်(ကမ-၃) ပျောက်ဆုံး၍ မိတ္တူထုတ်ပေးရန်နှင့် ဖောင်းကြွနံပါတ်ပြားပျောက် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသော အထောက်အထားများဖြင့် ကြော်ငြာသည့်ရက်မှ (၃၀)ရက်အတွင်း အောက်ဖော်ပြပါရုံးသို့ လူကိုယ်တိုင် လာရောက်ကန့်ကွက်နိုင်ပါသည်။

**ကညန၊ တိုင်းဒေသကြီး (ပုသိမ်မြို့)**

## ကန့်ကွက်နိုင်ပါကြောင်း

မြိတ်ခရိုင်၊ မြိတ်မြို့၊ မြိတ်တောင်ရပ်ကွက်၊ အကွက်အမှတ်-၃၉(င) ဘုရားကိုင်ကွင်း၊ မြေကွက်အမှတ်(၂၉၄)၊ မြေဧရိယာ သုည ဒသမ ၀၅၅ ဧကအား ခရိုင်မြေမှုအမှတ် ၅၉၀/၁၉၉၇-၁၉၉၈ အရ ဦးစံရီ၊ ဒေါ်အုန်းကြည်တို့အမည်ဖြင့် ရရှိခဲ့ပြီး မူလဂရန် အမည်ပေါက်သူ ဦးစံရီ၊ ဒေါ်အုန်းကြည်တို့မှ ကွယ်လွန်ခဲ့သဖြင့် ကျန်ရစ်သူ သားသမီးများဖြစ်သည့် ဒေါ်ခင်မမ၊ ဦးအောင်ပိုတို့မှ မြွက်ဟကြေညာစာချုပ်အမှတ်(၆၂/၂၀၂၄)ဖြင့် ပိုင်ဆိုင်ကြောင်း မြွက်ဟကြေညာခဲ့ပါသည်။ အဆိုပါမြေငှားဂရန်အား (အမည်ပြောင်း) လျှောက်ထားနိုင်ရေး ဒေါ်ခင်မမ၊ ၆/မအရ(နိုင်)၀၉၀၂၄၃၊ ဦးအောင်ပို၆/မမန (နိုင်)၁၃၃၇၉၅တို့မှ ဆက်လက်ဆောင်ရွက်သွားမည် ဖြစ်ပါသဖြင့် ကန့်ကွက်လိုသူများရှိပါက မြိတ်ခရိုင်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနရုံးသို့ ကြော်ငြာပါသည့်ရက်မှစ၍ ၁၄ ရက်အတွင်း မြေပိုင်ဆိုင်မှု အထောက်အထား ပြည့်စုံစွာဖြင့် လာရောက်ကန့်ကွက်နိုင်ပါကြောင်းနှင့် ကန့်ကွက်သူမရှိပါက လုပ်ထုံးလုပ်နည်းနှင့်အညီ ဆက်လက်ဆောင်ရွက်သွားမည် ဖြစ်ပါကြောင်း ကြေညာအပ်ပါသည်။

**ကော်လိတ္တော်အရာရှိ ခရိုင်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန မြိတ်မြို့**

## ဖခင်အမည်မှန်

မကွေးမြို့၊ အောင်ပွဲစံ ကိုယ်ပိုင်အထက်တန်းကျောင်း G-12တွင် ပညာသင်နေသော မောင်ဝေယံလင်း၏ ဖခင်အမည်မှန်မှာ ဦးတင့်ဆွေ ၈/မကန(နိုင်)၁၇၄၆၃၅ ဖြစ်ပါကြောင်း။

**ဦးတင့်ဆွေ**

## အမည်ပြောင်းလဲခေါ်ဆိုပါရန်

ဝါးခယ်မမြို့နယ်၊ အမက (ဈေး) Grade (3)မှ (ဘ) ဦးစည်သူမြင့် အောင် ၇/ပခန(နိုင်) ၂၃၄၇၀၄ ၏သား မောင်လင်းခန့်နောင်အား မောင်လင်းရောင်ရှိန်ဟု ပြောင်းလဲခေါ်ဆိုပါရန်။

## အများသိစေရန်အသိပေးကြေညာခြင်း

မော်လမြိုင်မြို့၊ မောင်ငံရပ်ကွက်၊အကွက်အမှတ်(၆၈-မောင်ငံ)၊ ဦးပိုင်အမှတ်(၅၂+၅၃)၊ မြေဧရိယာ(၀.၀၃၅+၀.၀၅၀)ကေရှိ ဘိုးဘပိုင်မြေကွက်သည် မော်လမြိုင်မြို့နယ်မြေစာရင်း ဦးစီးဌာနရုံး၏မှတ်ပုံတင်(၁-က)စာရင်းတွင် ဦးစိန်ဝင်းနှင့် ဒေါ်နန်းထွေးမြင့်တို့၏ အမည်ပေါက်ပါသည်။ ဒေါ်ယုယုခိုင်က ဦးစိန်ဝင်းနှင့် ဒေါ်နန်းထွေးမြင့်တို့ထံမှ အိမ်နှင့်မြေကွက် အရောင်းအဝယ် စာချုပ်မှတ်ပုံတင် အမှတ်(၃၅၄/၂၀၂၄)နှင့်(၃၅၅/၂၀၂၄)တို့အရ ဝယ်ယူခဲ့ပြီး မော်လမြိုင်မြို့နယ် မြေစာရင်း ဦးစီးဌာနတွင် ဘိုးဘပိုင်အမှုတွဲအမှတ်-၀၈၁/ဘိုးဘ/၂၀၂၄-၂၀၂၅အရ ဦးစိန်ဝင်းနှင့် ဒေါ်နန်းထွေးမြင့်အမည်မှ ဒေါ်ယုယုခိုင်၏ အမည်သို့ အမည် ပြောင်းလဲခွင့် လျှောက်ထားခြင်းဖြစ်ပါသည်။ အဆိုပါမြေကွက်နှင့် ပတ်သက်၍ ကန့်ကွက်လိုသူများရှိပါက ဤကြော်ငြာပါသည့်ရက်မှ (၁)လအတွင်း ခိုင်လုံသော အထောက်အထား(မူရင်း)များနှင့် မော်လမြိုင်မြို့နယ် မြေစာရင်းဦးစီးဌာနရုံး သို့ထံ လာရောက်ကန့်ကွက်နိုင်ပါသည်။ ကန့်ကွက်မည့်သူများမရှိပါက အမည်ပြောင်းလဲခြင်းကို ဥပဒေနှင့်အညီဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ပါ ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**ဒေါ်ခိုင်ဝင်းအေး**
**(တရားလွှတ်တော်ရှေ့နေ) စဉ်-၁၀၂၄၃(၂၇-၁-၂၀၁၅)**
**အမှတ်(၅၅)၊ တက္ကသိုလ်ပတ်လမ်း၊ တောင်ဝိုင်းရပ်၊ မော်လမြိုင်မြို့၊**
**ဖုန်း-၀၉-၄၂၅၃၆၃၈၈၅**

## ကန့်ကွက်နိုင်ပါကြောင်း

မြိတ်ခရိုင်၊ မြိတ်မြို့၊ ကန်ကြီးရပ်ကွက်၊ အကွက်အမှတ်-၁(က)ကန်ကြီးကွင်း၊ ဦးပိုင်အမှတ်(၁၁/၁၅၇)၊ မြေဧရိယာ(၀ဒသမ၀၄၀)ကေအား ခရိုင် မြေမှုအမှတ် ၂၉/၁၉၉၇-၁၉၉၈အရ ဒေါ်ငွေအမည်ဖြင့် ရရှိခဲ့ပြီး မူလဂရန် အမည် ပေါက်သူ ဒေါ်ငွေထံမှ အမွေဆက်ခံပိုင်ဆိုင်ကြောင်း မြွက်ဟကြေညာစာချုပ်အမှတ်(၆၁/၂၀၂၄)ဖြင့် ဒေါ်လှမြင့်၊ ဒေါ်လှထွေး တို့မှ မြွက်ဟကြေညာခဲ့ပါသည်။ အဆိုပါ မြေငှားဂရန်အား(အမည်ပြောင်း)လျှောက်ထားနိုင်ရေး ဒေါ်လှမြင့် ၁၁/ကဖန (နိုင်)၀၀၅၂၄၉၊ ဒေါ်လှထွေး၆/မအရ(နိုင်)၀၄၀၄၆၉ တို့မှ ဆက်လက်ဆောင်ရွက် သွားမည်ဖြစ်ပါသဖြင့် ကန့်ကွက်လိုသူများရှိပါက မြိတ်ခရိုင်အထွေထွေ အုပ်ချုပ်ရေး ဦးစီးဌာနရုံးသို့ ကြော်ငြာပါသည့်ရက်မှစ၍ ၁၄ရက်အတွင်းမြေ ပိုင်ဆိုင်မှု အထောက်အထားပြည့်စုံစွာဖြင့် လာရောက်ကန့်ကွက်နိုင်ပါကြောင်းနှင့် ကန့်ကွက်သူမရှိပါက လုပ်ထုံးလုပ်နည်းနှင့်အညီ ဆက်လက်ဆောင်ရွက်သွား မည်ဖြစ်ပါကြောင်း ကြေညာအပ်ပါသည်။

**ကော်လိတ္တော်အရာရှိ ခရိုင်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန၊ မြိတ်မြို့**

## ကန့်ကွက်နိုင်ပါကြောင်း

မြိတ်ခရိုင်၊ မြိတ်မြို့နယ်၊ မြိတ်တောင်ကျေးရွာအုပ်စု၊ ကွင်းအမှတ်-၂၃၈/တဖက္ကာကွင်း၊ ဦးပိုင်အမှတ်(၁၄၅)၊ မြေဧရိယာ သုည ဒသမ ၀၃၄ ဧကအား ခရိုင်မြေမှုအမှတ်၊ ၄၉/၂၀၁၈-၂၀၁၉ အရ ဦးစိုးလွင် အမည်ဖြင့် ရရှိခဲ့ပြီး မူလဂရန် အမည်ပေါက်သူ၏ အထွေထွေကိုယ်စားလှယ်ရရှိသူ ဦးခင်စိုးထံမှ အရောင်း အဝယ်စာချုပ်အမှတ်(၃၉/၂၀၂၄) ဖြင့် ဦးဟန်နိုင်စိုး၊ ဒေါ်အိဖြူဖြူမွှေးတို့မှ ဝယ်ယူပိုင်ဆိုင်ခဲ့ပါသည်။ အဆိုပါ မြေငှားဂရန်အား (အမည်ပြောင်း) လျှောက် ထားနိုင်ရေး ဦးဟန်နိုင်စိုး ၆/မမန(နိုင်)၁၅၁၄၉၀၊ ဒေါ်အိဖြူဖြူမွှေး ၆/မမန(နိုင်) ၁၄၆၀၃၅တို့မှ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ပါသဖြင့် ကန့်ကွက်လိုသူများ ရှိပါက မြိတ်ခရိုင်အထွေထွေအုပ်ချုပ်ရေး ဦးစီးဌာနရုံးသို့ ကြော်ငြာပါသည့် ရက်မှစ၍ ၁၄ ရက် အတွင်း မြေပိုင်ဆိုင်မှု အထောက်အထားပြည့်စုံစွာဖြင့် လာရောက်ကန့်ကွက်နိုင်ပါကြောင်းနှင့် ကန့်ကွက်သူမရှိပါက လုပ်ထုံးလုပ်နည်းနှင့် အညီ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ပါကြောင်း ကြေညာအပ်ပါသည်။

**ကော်လိတ္တော်အရာရှိ၊ ခရိုင်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန၊ မြိတ်မြို့**

## ယာဉ်မှတ်ပုံတင်စာအုပ် မိတ္တူလျှောက်ထားခြင်း

ယာဉ်အမှတ် ၇၀ယ/၃၃၂၆၂, Honda Wave 100, M/C ယာဉ်လက်ဝယ်ရှိသူ ဦးစန်းမောင်မောင် ၆/လလန(နိုင်) ၁၁၉၆၅၆ က(ကမ-၃) ပျောက်ဆုံး၍ မိတ္တူထုတ်ပေးရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသော အထောက်အထားများဖြင့် ကြော်ငြာသည့်ရက်မှ ရက်၃၀အတွင်း အောက်ဖော်ပြပါရုံးသို့ လူကိုယ်တိုင်လာရောက် ကန့်ကွက်နိုင်ပါသည်။

**ကညန၊ တိုင်းဒေသကြီးဦးစီးမှူးရုံး (ထားဝယ်)**

## မွေးသက္ကရာဇ်အမှန်

ဦးသိန်းအောင်၏သား ဇမ္ဗူသီရိမြို့နယ်၊ အထက(၅) နေပြည်တော်တွင် ပညာသင်ကြားခဲ့သော မောင်ဟိန်းထက်စံ၏ မွေးသက္ကရာဇ်အမှန်မှာ ၂၉-၉-၁၉၉၆ ဖြစ်ပါကြောင်း။

## ယာဉ်မှတ်ပုံတင်စာအုပ် မိတ္တူလျှောက်ထားခြင်း

ယာဉ်အမှတ် ၅၂ယ/၉၀၈၄၂, Honda Wave 125 M/C ယာဉ်လက်ဝယ်ရှိသူ ဦးသန်းစိုး ၆/ပလန(နိုင်)၀၃၂၉၄၃က (ကမ-၃) ပျောက်ဆုံး၍ မိတ္တူထုတ်ပေးရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသော အထောက်အထားများဖြင့် ကြော်ငြာသည့်ရက်မှ ရက် ၃၀ အတွင်း အောက်ဖော်ပြပါရုံးသို့ လူကိုယ်တိုင် လာရောက်ကန့်ကွက်နိုင်ပါသည်။

**ကညန၊ခရိုင်ရုံး (မြိတ်)**

## ကြော်ငြာစာ

မန္တလေးမြို့၊ ချမ်းမြသာစည်မြို့နယ်၊ မြို့သစ်-၁ရပ်ကွက်၊ အကွက်အမှတ် ဏ-၆၊ ဦးပိုင်အမှတ် (၆၄)၊ ၆၄(A) လမ်း၊ ၁၀၆x၁၀၇ လမ်းကြားရှိ ဂရန်မြေကွက်အမည်ပေါက်သူ ဒေါ်ကျင်ရွှင် (ခ) ဒေါ်ခင်မေရီ၏ (SP ရရှိသူ ဒေါ်ယမင်းချို)ထံမှ မှတ်ပုံတင်အရောင်းအဝယ်စာချုပ်အမှတ် (၂၈၀/၂၀၂၄) ဖြင့် ဝယ်ယူခဲ့သူ ဦးညီခင် ၉/မကန (နိုင်)၀၁၈၂၀၅၊ ဒေါ်အေးအေးခိုင် ၉/မကန(နိုင်) ၀၄၇၀၄၅တို့က အမှုတွဲအမှတ် (၃၈၉၆/၂၀၂၄-၂၀၂၅) ဖြင့် အမည်ပြောင်း လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသော အထောက်အထားများ၊ မှတ်ပုံတင် စာချုပ်စာတမ်းများ၊ တရားရုံးဒီကရီများဖြင့် (၁၄)ရက်အတွင်း ကန့်ကွက်နိုင်ပါသည်။

**မြို့ပြစီမံကိန်းနှင့်မြေစီမံခန့်ခွဲမှုဌာန မန္တလေးမြို့တော်စည်ပင်သာယာရေး ကော်မတီ**

## ဒီကရီကိုအတည်ပြုလုပ်ရန် အမိန့်မထုတ်သင့်ကြောင်း ထုချေစေရန် အကြောင်းကြားစာ

### (တရားမကျင့်ထုံးဥပဒေအမိန့် ၂၁၊ နည်းဥပဒေ ၂၂)

### မော်လမြိုင်ခရိုင်တရားရုံးတော်၌

### ၂၀၁၈ခုနှစ်၊ တရားမကြီးမှုအမှတ် ၁၃၇ နှင့် ဆက်နွယ်သည့် ၂၀၂၄ခုနှစ်၊ တရားမဇာရီမှုအမှတ် ၈၉

| | | |
|---|---|---|
| ၁။ ဒေါ်ရာစီယာဘီ | နှင့် | ၁။ ဦးအဒူကာဒယ် |
| ၂။ ဒေါ်ဖာတမာဘီ | | ၂။ ဦးနူရ်ကရင် |
| ၃။ ဒေါ်အရှာဘီ | | ၃။ ဦးနူရ်မာမက် |
| | | ၄။ ဦးအီစမိုင် |
| | | ၅။ ဦးအဒူအာလီ |
| ဒီကရီအနိုင်ရသူများ | | တရားရှုံးများ |

မွန်ပြည်နယ်၊ ကျိုက်မရောမြို့နယ်၊ ရေတွင်းကုန်းကျေးရွာ၊ အောက်လမ်းမကြီး၊ အမှတ်(၁၄၅)နေ (၁)ဦးအဒူကာဒယ်၊ (၂)ဦးနူရ်ကရင်၊ (၃) ဦးနူရ်မာမက်(ယခုနေရပ် လိပ်စာမသိသူများ) သိစေရမည်။

၂၀၁၈ခုနှစ်၊ တရားမကြီးမှုအမှတ် ၁၃၇ တွင် ကျရှိသည့် ဒီကရီကို အတည်ပြုလုပ်ရန် ဤရုံးတော်တွင် ဒေါ်ရာစီယာဘီပါ-၃ က လျှောက်ထားသည်ဖြစ်၍၊ မည်သည့် အကြောင်းကြောင့် အတည်ပြုလုပ်စေရန် အမိန့်ကို မထုတ်သင့်ကြောင်း၊ အကြောင်းတစ်ခုခုရှိလျှင်၊ ချေဆိုရန် သင်ကိုယ်တိုင်ဖြစ်စေ၊ ရှေ့နေသို့မဟုတ် အခွင့်ရကိုယ်စားလှယ်ဖြင့်ဖြစ်စေ ၂၀၂၄ခုနှစ်၊ အောက်တိုဘာလ ၂၁ရက် (၁၃၈၆ ခုနှစ်၊ သီတင်းကျွတ်လဆုတ် ၄ရက်) မွန်းမတည့်မီ ၁၀နာရီတွင် ဤရုံးတော်ရှေ့ လာရောက်ရမည်။

၂၀၂၄ခုနှစ်၊ စက်တင်ဘာလ ၂၆ရက်တွင် ဤရုံးတော်တံဆိပ်ရိုက်နှိပ်၍ ကျွန်ုပ်လက်မှတ်ရေးထိုး ထုတ်ပေးလိုက်သည်။

**(စမ်းသီတာအောင်)**
**တွဲဖက်ခရိုင်တရားသူကြီး(၁)**
**မော်လမြိုင်ခရိုင်တရားရုံး**

## ယာဉ်မှတ်ပုံတင်စာအုပ် မိတ္တူလျှောက်ထားခြင်း

ယာဉ်အမှတ် ၆၈ယ/၅၁၅၃၂, Honda Wave 125 M/C ယာဉ်လက်ဝယ်ရှိသူ ဦးအောင်ရဲဇော် ၆/တသရ(နိုင်) ၀၂၃၉၅၅က (ကမ-၃) ပျောက်ဆုံး၍ မိတ္တူထုတ်ပေးရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသော အထောက်အထားများဖြင့် ကြော်ငြာသည့်ရက်မှ ရက် ၃၀ အတွင်း အောက်ဖော်ပြပါရုံးသို့ လူကိုယ်တိုင် လာရောက် ကန့်ကွက်နိုင်ပါသည်။

**ကညန၊ ခရိုင်ရုံး(မြိတ်)**

## ဖခင်အမည်မှန်

မကွေးမြို့၊ အောင်ပွဲစံကိုယ်ပိုင်အထက်တန်းကျောင်း G-12တွင် ပညာသင်နေသော မအေးမြတ်သူ၏ ဖခင်အမည်မှန်မှာ ဦးထိုက် ၈/မကန(နိုင်)၁၅၈၅၃၆ ဖြစ်ပါကြောင်း။

**ဦးထိုက်**

## ကန့်ကွက်နိုင်ပါကြောင်း

မြိတ်ခရိုင်၊ မြိတ်မြို့၊ ထားဝယ်စုရပ်ကွက်၊ အကွက်အမှတ်-၁၁ (ခ)ထားဝယ်စုမြောက်၊ ကွက်သစ်ကွင်း၊ ဦးပိုင်အမှတ်(၂၇)၊ မြေဧရိယာ (၀ဒသမ၀၅၄)ကေအား ခရိုင် မြေမှုအမှတ် ၁၇၈/၂၀၁၅-၂၀၁၆အရ ဒေါ်ဝါဝါခိုင်၊ ဒေါ်ယဉ်ယဉ်အေး၊ ဦးအောင်နိုင် တို့အမည်ဖြင့် ရရှိခဲ့ပြီး (၃၁-၁၂-၂၀၂၁)ရက်တွင် မြေငှားဂရန် သက်တမ်း ကုန်ဆုံးခဲ့ပြီး ဖြစ်ပါသည်။ အဆိုပါမြေငှားဂရန်အား (အသစ်) လျှောက်ထားနိုင်ရေး ဒေါ်ဝါဝါခိုင် ၆/မအရ(နိုင်) ၀၂၆၅၈၄၊ ဒေါ်ယဉ်ယဉ်အေး ၆/မအရ(နိုင်)၀၀၁၀၉၇၈၊ ဦးအောင်နိုင် ၆/မအရ(နိုင်) ၀၈၄၇၉၂တို့မှဆက်လက် ဆောင်ရွက်သွားမည်ဖြစ်ပါသဖြင့် ကန့်ကွက်လိုသူများရှိပါက မြိတ်ခရိုင်အထွေထွေ အုပ်ချုပ်ရေးဦးစီးဌာနရုံးသို့ ကြော်ငြာပါသည့်ရက်မှစ၍ ၁၄ရက်အတွင်း မြေပိုင် ဆိုင်မှု အထောက်အထားပြည့်စုံစွာဖြင့် လာရောက်ကန့်ကွက်နိုင်ပါကြောင်းနှင့် ကန့်ကွက်သူမရှိပါက လုပ်ထုံးလုပ်နည်းနှင့်အညီ ဆက်လက်ဆောင်ရွက်သွား မည် ဖြစ်ပါကြောင်း ကြေညာအပ်ပါသည်။

**ကော်လိတ္တော်အရာရှိ ခရိုင်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန၊ မြိတ်မြို့**

## ကြော်ငြာစာ

### (အမွေဆက်ခံခြင်းအက်ဥပဒေပုဒ်မ - ၂၈၃)

### ဒဂုံမြို့သစ်ခရိုင်တရားရုံးတော်

### ၂၀၂၄ ခုနှစ်၊ တရားမအထွေထွေမှုအမှတ်-၄၀

**ကွယ်လွန်သူဒေါ်နုဝင်းစိန်၏ ကျန်ရစ်သောပစ္စည်းများနှင့် စပ်လျဉ်းသည့်အမှု။**

ရန်ကုန်တိုင်းဒေသကြီး၊ ဒဂုံမြို့သစ်(မြောက်ပိုင်း)မြို့နယ်၊(၃၈)ရပ်ကွက်၊ ကန်ညီနောင်လမ်း၊ အမှတ်-၄၂၇ ၌ နေထိုင်ခဲ့သော ကွယ်လွန်သူဒေါ်နုဝင်းစိန် ကျန်ရစ်သော ပစ္စည်းအပေါ်၌ အမွေထိန်းလက်မှတ်ထုတ်ပေးပါမည့်အကြောင်း နှင့် ရန်ကုန်တိုင်းဒေသကြီး၊ ဒဂုံမြို့သစ်(မြောက်ပိုင်း)မြို့နယ်၊ (၃၈)ရပ်ကွက်၊ ကန်ညီနောင်လမ်း၊ အမှတ်-၄၂၇ နေ ဒေါ်ကြည်ကြည်အေးက အမွေဆက်ခံခြင်း အက်ဥပဒေအရ လျှောက်ထားသဖြင့် ဤအမှုကို ၂၀၂၄ ခုနှစ်၊ အောက်တိုဘာလ ၁၅ ရက် (၁၃၈၆ခုနှစ်၊ သီတင်းကျွတ်လဆန်း ၁၃ ရက်)တွင် ဆိုင်ဆိုကြားနာရန် ချိန်းဆိုထားသည်ဖြစ်သောကြောင့် ထိုကွယ်လွန်သူ ဒေါ်နုဝင်းစိန်၏ ကျန်ရစ်သော ပစ္စည်းများတွင် အကျိုးစီးပွားသက်ဆိုင်သည်အဆိုရှိသူတို့အား အဆိုပါအမှုတွင် ၎င်းတို့ (လာရောက်ဆိုင်ဆိုရန်သင့်လျော်မည်ဟုထင်မြင်လျှင်)ဆိုခဲ့သော ၂၀၂၄ ခုနှစ်၊ အောက်တိုဘာလ ၁၅ ရက် (၁၃၈၆ ခုနှစ်၊ သီတင်းကျွတ်လဆန်း ၁၃ ရက်)၌ မိမိတို့ကိုယ်တိုင်သော်လည်းကောင်း၊ ကိုယ်စားလှယ်တစ်ဦးဦးအားဖြင့် သော်လည်းကောင်း၊ လာရောက်ဆိုင်ဆိုရန်နှင့် အမွေထိန်းလက်မှတ် မထုတ် ပေးမီ မှတ်တမ်းများကို ကြည့်ရှုရန် အမွေဆက်ခံခြင်းအက် ဥပဒေပုဒ်မ ၂၈၃ နှင့်အညီ ဆင့်ဆိုလိုက်သည်။ လာရောက်ခြင်းမရှိ ပျက်ကွက်ခဲ့လျှင် ရုံးတော်က ဒေါ်ကြည်ကြည်အေး၏ လျှောက်လွှာပေါ်၌ စစ်ဆေးဆောင်ရွက်ပြီးလျှင် ၎င်းအမှုအကြောင်းအရာတွင် စီရင်ချက်ချမှတ်လိမ့်မည်ဖြစ်သည်။

၂၀၂၄ ခုနှစ်၊ အောက်တိုဘာလ (၂)ရက်တွင် ဤရုံးတော်တံဆိပ်ရိုက်နှိပ်၍ ကျွန်ုပ်လက်မှတ်ရေးထိုး ထုတ်ပေးလိုက်သည်။

**(လှဦး)**
**တွဲဖက်ခရိုင်တရားသူကြီး(၂)**
**ဒဂုံမြို့သစ်ခရိုင်တရားရုံး**

## မိဘအမည်မှန်

ဟုမ္မလင်းမြို့၊ အမက-၂ ကျောင်းမှ မဖူးဖူးကျော် G-5 (B)၏ မိဘအမည်မှန်မှာ ဦးအောင်တင် ၅/ဆလက(နိုင်) ဝ၃၄၆၉၇ နှင့် ဒေါ်ငွေးရီ ၅/ဆလက(နိုင်) ဝ၂၈၇၅ ဖြစ်ပါကြောင်း။

## အမည်မှန်

ဟုမ္မလင်းမြို့၊ အမက-၂ ကျောင်းမှ မောင်ကျော်မင်းထက် G-2 ၏ အမည်မှန်မှာ မောင်ကျော်မင်းထင် ဖြစ်ပါကြောင်း။

## ကြော်ငြာစာ

မန္တလေးမြို့၊ မဟာအောင်မြေမြို့နယ်၊ မဟာမြိုင်-၁ရပ်ကွက်၊ အကွက်အမှတ် ခ-၆၊ ဦးပိုင်အမှတ် (၄၂)၊ ၆၇လမ်း၊ ၄၁x၄၂လမ်းကြားရှိ ဂရန်မြေကွက်အမည်ပေါက်သူ ဗိုလ်မှူးရဲထွန်းဝင်း၊ ဒေါ်ခင်စန်းရီ တို့၏(SP ရရှိသူ ဒေါ်အိခိုင်ဇင်) ထံမှ မှတ်ပုံတင်အရောင်းအဝယ်စာချုပ်အမှတ်(၂၂၃၅/၂၀၂၄)ဖြင့် ဝယ်ယူခဲ့သူ ဦးဂူမစ်ရ်ဆင် ၁/မကန(နိုင်)၁၇၄၈၃၇ က အမှုတွဲအမှတ် (၃၈၈၂/၂၀၂၄-၂၀၂၅ )ဖြင့် အမည်ပြောင်းလျှောက်ထားလာပါသည်။ကန့်ကွက်လိုပါက ခိုင်လုံသော အထောက်အထားများ၊ မှတ်ပုံတင်စာချုပ်စာတမ်းများ၊ တရားရုံးဒီကရီများဖြင့် ၁၄ရက် အတွင်း ကန့်ကွက်နိုင်ပါသည်။

**မြို့ပြစီမံကိန်းနှင့်မြေစီမံခန့်ခွဲမှုဌာန**
**မန္တလေးမြို့တော်စည်ပင်သာယာရေးကော်မတီ**

## ကြော်ငြာစာ

မန္တလေးမြို့၊ ချမ်းအေးသာစံမြို့နယ်၊ အောင်နန်းရိပ်သာ အရှေ့ရပ်ကွက်၊ အကွက်အမှတ် ၅၆၆၊ ဦးပိုင်အမှတ် (၂၃-ဃ+၆၆၃)၊ ၈၃(A)လမ်း၊ ၃၂x၃၃ လမ်းကြားရှိ ဘိုးဘမြေကွက်အမည်ပေါက်သူ ဦးဒီးပ်ကာရ်၊ ဦးဒီပေန္ဒာရာတို့၏ (SP ရရှိသူ ဒေါ်ရင်ရင်)ထံမှ မှတ်ပုံတင်အရောင်းအဝယ်စာချုပ်အမှတ် (၃၃၀၃/၂၀၂၄)ဖြင့် ဝယ်ယူခဲ့သူ မောင်ညဏ်မင်းထက် (အရွယ်မရောက်သေးသူ) က အမှုတွဲအမှတ် (၀၄၇၅/ဘ(ပြောင်း)/၂၀၂၄-၂၀၂၅ ဖြင့် ဘိုးဘ/အမည်ပြောင်း လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသော အထာက်အထားများ၊ မှတ်ပုံတင်စာချုပ်စာတမ်းများ၊ တရားရုံးဒီကရီများဖြင့် (၁၄)ရက်အတွင်း ကန့်ကွက်နိုင်ပါသည်။

**မြို့ပြစီမံကိန်းနှင့်မြေစီမံခန့်ခွဲမှုဌာန**
**မန္တလေးမြို့တော်စည်ပင်သာယာရေးကော်မတီ**

## ကြော်ငြာစာ

မန္တလေးမြို့၊ အောင်မြေသာစံမြို့နယ်၊ အောင်မြေသာစံရပ်ကွက်၊ အကွက်အမှတ် ၁၂၅၊ ဦးပိုင်အမှတ် (၈)၊ ၁၉လမ်းပေါ်၊ ၈၆x၈၇လမ်းကြားရှိ ဂရန်မြေကွက်အမည်ပေါက်သူ ဒေါ်ခင်မျိုးကြည် ၏(SP ရရှိသူ ဦးမေအောင်) ထံမှ မှတ်ပုံတင်အရောင်းအဝယ်စာချုပ်အမှတ် (၃၉၄၁/၂၀၂၃)ဖြင့် ဝယ်ယူခဲ့သူ ဒေါ်ခင်သန္တာ ၉/မနမ(နိုင်)၀၄၉၄၄၃က အမှုတွဲအမှတ် (၃၈၇၇/၂၀၂၄-၂၀၂၅) ဖြင့် သက်တမ်းတိုး ၊ အမည်ပြောင်း လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသော အထောက်အထားများ၊ မှတ်ပုံတင်စာချုပ်စာတမ်းများ၊ တရားရုံးဒီကရီများဖြင့် ၁၄ ရက်အတွင်း ကန့်ကွက်နိုင်ပါသည်။

**မြို့ပြစီမံကိန်းနှင့်မြေစီမံခန့်ခွဲမှုဌာန**
**မန္တလေးမြို့တော်စည်ပင်သာယာရေးကော်မတီ**

## ဦးစိန်စိုးလှိုင် (ဘ) ဦးဖိုးပေ၊ ဒေါ်မာမာဇော် (ဘ) ဦးဘမြင့် နှင့် အများသိစေရန်ကြေညာခြင်း

မြောင်းမြမြို့၊ မြရတနာရပ်ကွက်၊ အေ (၂) လမ်း၊ အမှတ် (၁၀၃) နေ ဦးစိန်စိုးလှိုင်နှင့် ဒေါ်မာမာဇော်တို့က ၎င်းတို့ပိုင်ဆိုင်သည်ဟုအဆိုရှိသော မြောင်းမြမြို့၊ မြရတနာရပ်ကွက်၊ ကွင်းအမှတ်(၂၇၆-က)၊ တဇင်ကုန်းကြီးကွင်း၊ ဦးပိုင်အမှတ်(A-၁၀၃)၊ ဧရိယာ (၀.၀၅၅) ဧကရှိမြေအား ကျွန်ုပ်တို့၏ မိတ်ဆွေဖြစ်သူ ဦးမြင့်လွင်(ခ)ဦးဝမ်စွန် (ဘ) ဦးကြိုင်လီ (ခ) ဦးဗိုက်ပူအား ငွေကျပ်သိန်း (၆၀၀)တိတိဖြင့် ရောင်းချရန်ကမ်းလှမ်းပြီးနောက် မြောင်းမြမြို့၊ စာချုပ်စာတမ်းမှတ်ပုံတင်ရုံး၌ (၆-၂-၂၀၂၃)ရက်တွင် အထွေထွေကိုယ်စားလှယ်လွှဲစာအမှတ် ၁၈/၂၀၂၃ ဖြင့် အထွေထွေကိုယ်စားလှယ်လွှဲစာအားလွှဲအပ်ပေးခဲ့ပြီးနောက် (၁၂-၅-၂၀၂၄)ရက်တွင် စရန်ငွေ ကျပ်သိန်း (၂၅၀)အား ပေးချေပြီး၊ ကျန်ငွေအား (၆)လပြည့်သည့်နေ့ (၁၂-၁၁-၂၀၂၄)ရက်တွင် ပေးဆပ်ရန် သဘောတူညီကြကာ အရောင်းအဝယ်စရန်ပေးသဘောတူကတိစာချုပ်အားချုပ်ဆိုခဲ့ပါသည်။ မှတ်ပုံတင်စာချုပ် မချုပ်ဆိုမီ (၁၁-၇-၂၀၂၄)ရက်တွင် မြန်မာ့အလင်းသတင်းစာ၌ အထွေထွေကိုယ်စားလှယ်လွှဲစာပြန်လည် ရုပ်သိမ်းကြောင်း အများသိစေရန် အသိပေးကြေညာခြင်းကြော်ငြာအား ထည့်သွင်းကြော်ငြာခဲ့ပါသည်။ မြေအရောင်းအဝယ်အား အပြီးတိုင်စာချုပ် မချုပ်ဆိုမီ ကျွန်ုပ်မိတ်ဆွေအား ညှိနှိုင်းတိုင်ပင်ခြင်းမပြုဘဲ မရိုးဖြောင့်သောသဘောဖြင့် တစ်ဖက်သတ်ရုပ်သိမ်းခြင်းဖြစ်၍ ကျွန်ုပ်မိတ်ဆွေ၏ သဘောဆန္ဒပါဝင်ခြင်းမရှိကြောင်းနှင့် ယင်းကြော်ငြာအား ကန့်ကွက်ကြောင်း အသိပေးကြေညာအပ်ပါသည်။

**လွှဲအပ်ညွှန်ကြားချက်အရ-**

**ဒေါ်ခိုင်သဇင်လမင်းဝေအောင် (LL.B)** **ဦးပန်းဝေအောင် (LL.B)**
**တရားလွှတ်တော်ရှေ့နေ (စဉ် - ၁၇၅၀၃)** **အထက်တန်းရှေ့နေ(စဉ်- ၂၅၂၆၈)**
**အမှတ် (၄၂၆)၊ ဝေဠုဝန်လမ်း (၃) ရပ်ကွက်၊ မြောင်းမြမြို့၊**
**ဖုန်း - ၀၉ ၄၅၆၁၄၈၃၈၃**

## အမွေစားအမွေခံသားအဖြစ်မှ အပြီးပိုင်စွန့်လွှတ်ကြောင်း ကြေညာခြင်း

မန္တလေးတိုင်းဒေသကြီး၊ မိတ္ထီလာခရိုင်၊ မလှိုင်မြို့နယ်၊ ဖျောက်ဆိပ်ကျင်းအုပ်စု၊ ချောင်းဆုံကျေးရွာတွင်နေ ထိုင်သည့် ဦးဖိုးထောင် (၉/မလန(နိုင်)၁၀၃၇၉၀)နှင့် ဒေါ်ခင်မာကြည် (၉/မလန(နိုင်)၁၃၄၄၇၀)တို့၏ သားဖြစ်သူ မောင်ရွှေပိုင်ဦး (၉/မလန(နိုင်)၁၉၂၈၂၀)သည် မိဘများ၏ ဆိုဆုံးမမှုများကို နာခံခြင်းမရှိဘဲ အကြိမ်ကြိမ်စိတ်ဆင်းရဲအောင်ပြုလုပ်သဖြင့် ၎င်းအား ယနေ့မှစ၍ သားအဖြစ်မှ အမွေပြတ်စွန့်လွှတ်လိုက်သည်။ နောက်နောင်တွင် မောင်ရွှေပိုင်ဦးနှင့်ပတ်သက်သည့် ကိစ္စအဝဝကို လုံးဝ(လုံးဝ)တာဝန်ယူဖြေရှင်းပေးမည်မဟုတ်ကြောင်း အသိပေးကြေညာအပ်ပါသည်။

**(ဖခင်) ဦးဖိုးထောင်-(မိခင်) ဒေါ်ခင်မာကြည်**
**ချောင်းဆုံကျေးရွာ၊ မလှိုင်မြို့နယ်**

## အမည်(၃)မျိုးဖြင့်လူတစ်ဦးတည်းဖြစ်ကြောင်း

ကျွန်မ၏အမည်ကို ဆယ်တန်းအောင်လက်မှတ်မူရင်း၊ ဝိဇ္ဇာဘွဲ့မူရင်း၊ PGDL ယာယီဘွဲ့မူရင်းနှင့် ထောက်ခံချက်မူရင်းတို့တွင် စွဲ့ကြည်သာစိုးဟုလည်းကောင်း၊ နိုင်ငံသားကတ်မူရင်းတွင် စိုးမမဖြူ(ခ)စွဲကြည်သာစိုးဟုလည်းကောင်း၊ သန်းခေါင်စာရင်းမူရင်းတွင် စွဲကြည်သာစိုးဟု လည်းကောင်းဖော်ပြထား၍ ကျွန်မ၏အမည်မှာ စွဲ့ကြည်သာစိုး၊ စိုးမမဖြူ(ခ)စွဲကြည်သာစိုးနှင့် စွဲကြည်သာစိုးဟု အမည်(၃)မျိုးဖြစ်သော်လည်းလူတစ်ဦးတည်းသာလျှင်ဖြစ်ပါသည်။

**ဒေါ်စွဲ့ကြည်သာစိုး(ခ)စိုးမမဖြူ(ခ)စွဲကြည်သာစိုး**
**(၁၃/တကန(နိုင်)၁၉၇၃၆၁)**

## ဒေါ်ဝင်းပပအောင်နှင့်အများသိစေရန် အသိပေးကြေညာခြင်း

ရှမ်းပြည်တောင်ပိုင်း၊နမ့်စန်မြို့၊ အမှတ်(၁)ရပ်ကွက်၊ ဝါဆိုကျောင်းလမ်းနေ ဒေါ်နန်းရင် ၁၃/လလန(နိုင်)၀၅၃၂၅၈က ဒေါ်ဝင်းပပအောင် ၉/ရမသ(နိုင်)၁၃၀၆၁၃၏ ခြံမြေကွက်ဖြစ်သည့် မြို့နယ်၊ နမ့်စန်ကျေးရွာအုပ်စု-အမှတ်(၅)၊ ကွင်းအကွက်အမှတ်နှင့်အမည် ၃၀၊ အမှတ်(၉)ရွာအရှေ့ကွင်း၊ ဦးပိုင်အမှတ် (၃၇)၊ ဧရိယာဧက(၁ဒသမ၃၇)ရှိ လျှောက်ထားသူ ဒေါ်နန်းအေးမွန် အမည်ပါမြေစာရင်းပုံ စံ(၁၀၅)တို့ပေးအပ်ခဲ့ပြီး ကျွန်မ ဒေါ်နန်းရင်ထံမှ ငွေကျပ်သိန်း(၃၅၀၀၀၀၀၀/-) (ငွေကျပ်သိန်းသုံးရာ့ငါးဆယ်)ရယူသွားခဲ့ပါသည်။ ငွေပြန်လည်မပေးဆပ်နိုင်ပါက ငွေတန်ဖိုးနှင့်ညီမျှသည့် အထက်ပါ ဝိုင်းမြေကွက်အား ရယူသွားရန် နှစ်ဦးသဘောတူ ပဋိညာဉ်ဆောင်ရွက်ခဲ့ပြီးဖြစ်သည့်အတွက် ကန့်ကွက်လိုသူများအနေနှင့် ခိုင်လုံသည့်စာရွက်စာတမ်းများဖြင့် ဤသတင်းစာပါသည့်ရက်မှ ၁၅ရက်အတွင်း လာရောက်ဖြေရှင်းကန့်ကွက်နိုင်ရန် ဒေါ်ဝင်းပပအောင်နှင့်အများသိစေရန် ကြေညာအပ်ပါသည်။

**ဒေါ်နန်းရင် ၁၃/လလန(နိုင်)၀၅၃၂၅၈**

## အများသိစေရန်နှင့် ကန့်ကွက်နိုင်ကြောင်း ကြော်ငြာခြင်း

ကရင်ပြည်နယ်၊ မြဝတီခရိုင်၊ မြဝတီမြို့၊ အမှတ်(၄)ရပ်ကွက်၊ ကွင်းအမှတ် (၅/ရွှေမြင်းဝန်အကွက်)၊ ဦးပိုင်အမှတ်(၃-၂/၅၃)၊ ဧရိယာ(၀.၀၆၁)ဧကရှိမြေကွက်သည် ဦးတင်မောင် အမည်ဖြင့်နှစ်(၃၀)မြေငှားဂရန် ရရှိခဲ့ပါသည်။ ဂရန်အမည်ပေါက် ဦးတင်မောင် (အထွေထွေကိုယ်စားလှယ်လွှဲအပ်ခံရသူ ဒေါ်နီနီဝင်း) ထံမှ ဦးသီဟစိုး(၁၀/မလမ(နိုင်)၂၄၅၄၁၂)က (၂၂-၈-၂၀၂၄) ရက်စွဲပါစာချုပ်အမှတ်(၆၄/၂၀၂၄)အရ ဝယ်ယူပိုင်ဆိုင်ခဲ့ပြီး မြေငှားဂရန် (အမည်ပြောင်း) လျှောက်ထားလာမှုအပေါ် ကန့်ကွက်တင်ပြလိုသူ မည်သူမဆိုကျိုးကြောင်းဖော်ပြချက်ခိုင်လုံစွာဖြင့် ယခုကြော်ငြာစာပါသည့်ရက်မှစ၍(၁၄)ရက်အတွင်း မြဝတီခရိုင် အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနသို့ လာရောက်ကန့်ကွက်နိုင်ပါကြောင်းနှင့် ကန့်ကွက်သူမရှိပါက လျှောက်ထားမှုအား လုပ်ထုံးလုပ်နည်းညွှန်ကြားချက်များနှင့်အညီ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ပါကြောင်း အများသိစေရန် ကြော်ငြာအပ်ပါသည်။

**ကော်လိတ္တော်အရာရှိ**
**မြဝတီခရိုင်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန**

## သားအဖြစ်မှ အမွေပြတ်စွန့်လွှတ်ကြောင်း ကြေညာခြင်း

ကရင်ပြည်နယ်၊ ဘားအံမြို့နယ်၊ ကော့စိန်ဘန်(အောက်) ကျေးရွာအုပ်စုနေ ဦးသန့်ဇင် - ဒေါ်နန်းကလျာတို့၏သား မောင်မင်းကိုကို ၃/ဘအန(နိုင်) ၅၆၀၁၁၆သည် မိဘများ၏ ပြောဆိုဆုံးမမှုကို မနာခံဘဲ အိမ်ပေါ်မှ ဆင်းသွားကာ မိဘများကိုအဆက်အသွယ် ဖြတ်ထားသဖြင့် အမွေပြတ်စွန့်လွှတ်လိုက်ပါသည်။ နောက်နောင်၎င်းနှင့်ပတ်သက်သည့် မည်သည့်ကိစ္စကိုမှ တာဝန်ယူဖြေရှင်းပေးမည်မဟုတ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။ (မေးမြန်းစုံစမ်းခြင်းသည်းခံပါ။)

**ဦးသန့်ဇင်-ဒေါ်နန်းကလျာ**

## သားအဖြစ်မှ အမွေပြတ်စွန့်လွှတ်ကြောင်း

